# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်   ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ ၆ ရက်၊ အင်္ဂါနေ့   အတွဲ (၆၀)၊ အမှတ် (၀၀၆)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် ဦးဆောင်သော အိန္ဒိယကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယနိုင်ငံ၊ ပြည်ပရေးရာဝန်ကြီးဌာန၊ နိုင်ငံခြားရေးအတွင်းဝန် Mr. Harsh Vardhan Shringla ဦးဆောင်သော အိန္ဒိယကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**နေပြည်တော် အောက်တိုဘာ ၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယနိုင်ငံ၊ ပြည်ပရေးရာဝန်ကြီးဌာန၊ နိုင်ငံခြားရေးအတွင်းဝန် Mr. Harsh Vardhan Shringla ဦးဆောင်သော အိန္ဒိယကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လက်ခံတွေ့ဆုံသည်။

အဆိုပါ ဂါရဝပြုတွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပြီး အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန်နှင့်အတူ အိန္ဒိယနိုင်ငံ ကြည်းတပ်ဦးစီးချုပ် (Chief of Army Staff ) General Manoj Mukund Naravane၊ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံ သံအမတ်ကြီး Mr. Saurabh Kumar နှင့် အိန္ဒိယနိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ဆက်ဆံရေးပိုမိုတိုးမြှင့်ရေး ကိစ္စရပ်များ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ပေါင်းစည်းဆက်သွယ်ရေး ပို့ဆောင်ရေး၊ စွမ်းအင်၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများ၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု နယ်ပယ်များ အပါအဝင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် အခြားအကျိုးတူကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✳

**စီးပွားရေးဆိုင်ရာ ခရီးသွားလာမှုပြန်စရန် ဂျပန်နှင့် တောင်ကိုရီးယားတို့ သဘောတူသွားမည်** (စာ-၁၂)

**ဗြိတိန်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၅၀၀၀၀၀ ကျော်လွန်လာ** (စာ-၁၃)


ဘဏ်သို့သွားစရာမလိုဘဲ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအား CB Bank iBanking မှတဆင့် ဆောင်ရွက်လိုက်ပါ။

CB BANK
Best Digital Bank 2020
By ASIAMONEY

- Payroll Service
- Other Banks Transfer (MMK/USD)
- Bill Payment
- Non Trade Payment
- IRD Tax Payment
- Bulk Payment

မြန်မာတစ်နိုင်ငံလုံးရှိအခြားဘဏ်များသို့ ငွေလွှဲမယ်/ဘီလ်တွေဆောင်မယ်။

ငွေသွင်း/ငွေထုတ်အတွက်ဆို 24/7 CRM ရှိတယ်။

Contact Center : 01-231 777 0

မြန်မာ့အလင်း

# ညီညွတ်ရေးနဲ့ အသက်ရှည်ရှည် ခင်ခင်မင်မင်

စီးပွားရေးတိုးတက်မြင့်မားရေးသည် နိုင်ငံတစ်ခု၏ နိုင်ငံသားတို့အတွက် အခြေခံကျသည့်လိုအပ်ချက်ဖြစ်၏။ ဒါက ငြင်းစရာမရှိသော အဆိုဖြစ်ပါသည်။ သို့သော်လည်း သည်ကနေ့ ပေါ်ထွက်လာသည့် ကိုဗစ်ကပ်ရောဂါက ကမ္ဘာ့နိုင်ငံအားလုံးကို စီးပွားရေးအကျပ်အတည်း ဘောင်အတွင်းသို့ တွန်းထည့်လိုက်၏။ ကိုဗစ်-၁၉ ဗိုင်းရပ်စ် ရောဂါပိုး၏ ကူးစက်ပြန့်ပွားမှုသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံကြား ပုံမှန်ကူးလူးဆက်ဆံမှု လုံးဝပြတ်တောက်သလောက် ဖြစ်သွားခဲ့မှု တစ်ခုတည်းကပင် နိုင်ငံတကာ စီးပွားရေးရာလုပ်ငန်းများ မည်မျှလောက် ကျပ်တည်းရပ်တန့်သွားမည်ဆိုသည်ကို မှန်းဆနိုင်ပါလိမ့်မည်။

ဈေးကွက်များအားလုံး ကမောက်ကမဖြစ်ကုန်သည့်အတွက် စီးပွားရေးအရ ထိပ်တန်းရောက်နေသော နိုင်ငံကြီးများသည်ပင် လက်ငင်းစီးပွားရေးအနေအထားကို လည်းကောင်း၊ နောင်လာလတ္တံ့သော အချိန်များအတွက်ကိုလည်းကောင်း ခေါင်းခဲနေကြရသည်ဖြစ်ရာ နဂိုမူလကတည်းက စီးပွားရေးအရ တိုးတက်ဖွံ့ဖြိုးမှုတွင် နောက်ကျ ကျန်နေခဲ့သော မြန်မာနိုင်ငံအဖို့မူ ဆိုဖွယ်ရာမရှိဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ ငွေကြေးပြည့်စုံသူ လုပ်ငန်းရှင်ကြီးများ၏ စီးပွားရေး အခက်အခဲဆိုင်ရာ ညည်းတွားသံများကို ကြားနေကြရသည်လည်းဖြစ်ရာ လက်လုပ်လက်စားများ ဈေးတောင်းဗန်းရွက်များအတွက်ဆိုလျှင်လည်း ဆိုဖွယ်ရာမရှိဟုပင် ပြောရပါမည်။

သို့သော်လည်း မြန်မာနိုင်ငံအဖို့ စီးပွားရေးအရ အလွန်နောက်တန်းကျခဲ့ရသည်ဟုဆိုသော်လည်း အစိုးရက စီးပွားရေး ပြန်လည်ထိန်းကျောင်းနိုင်ရေးအတွက် အစီအစဉ်များကို ပြင်ဆင်နေသည့်အကြောင်း သတင်းများတွင် တွေ့ရသည့်အတွက် အတိုင်းအတာတစ်ခုထိတာသွားလိမ့်မည်ဟု မျှော်လင့်ရပါသည်။

အခြားတစ်ဖက်တွင် မြန်မာလူမျိုးတို့၏ ယေဘုယျ လက္ခဏာဟုဆိုရမည့် အခက်အခဲများကြုံလျှင် ပုံမှန်ထက် ပိုမို ညီညွတ်တတ်ကြသည့် ဓလေ့ရှိသည်ကလည်း များစွာအထောက်အကူ ဖြစ်နိုင်သည်ဟု ယူဆပါသည်။

ယခုပင်လျှင် ငွေကြေးတတ်နိုင်သူတို့က ပိုးရှိသူများကို သီးသန့်ခွဲခြားထားရန် နေရာများအတွက် လှူဒါန်းကြသည်များ၊ ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများအတွက် နေထိုင်နိုင်ရန် အဆောက်အအုံများနေရာများကို လှူဒါန်းကြသည်များ စသည့်သတင်းတို့က နေ့စဉ်လိုလို ပေါ်ထွက်နေပါသည်။ တတ်နိုင်လျှင် တတ်နိုင်သလို အစားအသောက်လှူဒါန်းသူများ၊ နှာခေါင်းစည်းလှူဒါန်းသူများ၊ အသက်ရှူစက်ကဲ့သို့သော အရေးတကြီးလိုအပ်သည်တို့ကို လှူဒါန်းကြသူများ စသည်ဖြင့် နိုင်ငံသားအားလုံး၏အရေးကို အားလုံးက စိတ်ဝင်စားကြ၊ အားတက်သရောရှိကြသည်က အကျပ်အတည်းကို အောင်မြင်စွာကျော်လွှားနိုင်ရေးအတွက် အင်အားကြီးဖြစ်ပါသည်။

ရပ်ပိုင်းဆိုင်ရာ လှူဒါန်းရန် ခက်ခဲသူတို့ကလည်း လုပ်အားအကူအညီပေးကြ၊ စိတ်ဓာတ်ရေးရာအရ ကူညီအားပေးကြဖြင့် စိတ်အားတက်ကြွဖွယ်ရာ ဖြစ်ပါသည်။

နန်းတော်ရှေ့ဆရာတင်၏ သီချင်းလို ညီညွတ်ရေးနဲ့ အသက်ရှည်ရှည်ခင်ခင်မင် လက်ရည်တစ်ပြင်တည်း ရေးကထက်ပိုချစ်ကြတယ်...ဟု ဆိုရမည်။ အခက်အခဲကြုံရချိန်တွင် ပိုမိုညီညွတ်ကြ၊ အချင်းချင်း ပိုမိုချစ်ကြည်ကြ၊ အချင်းချင်း ပိုမိုမေတ္တာထားကြ၊ အချင်းချင်း ပိုမိုကူညီကြခြင်းဖြင့် အသက်ရှည်ရှည်ခင်ခင်မင်မင် နေကြပါစို့။

လူ့ဘဝဆိုသည်က အခက်အခဲများ စိန်ခေါ်မှုများကို တစ်နည်းမဟုတ်တစ်နည်း ရင်ဆိုင်နေကြရသည်ချည်းသာဖြစ်ပါ၏။

ယခုကဲ့သို့ နိုင်ငံနှင့်ချီ၍၊ ကမ္ဘာနှင့်ချီ၍ ခက်ခဲမှုများကို ကြုံတွေ့ရင်ဆိုင်နေရချိန်တွင် ညီညီညွတ်ညွတ်ဖြင့် လူအချင်းချင်း မေတ္တာထားကြ၊ ကူညီကြ၊ လှူဒါန်းကြဆိုသည့် ဓလေ့က ကိုဗစ်ကာလကို အောင်မြင်စွာ ကျော်လွှားရန်အတွက်သာမက ကိုဗစ်အလွန် ကာလရင်ဆိုင်ကြရဦးမည့် လာလတ္တံ့သော အခက်အခဲများကိုပါ အောင်မြင်နိုင်ကြမည်ဟု ယုံကြည်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် (ရေဆင်း)မှ ဒုတိယပါမောက္ခချုပ်(သင်ကြား) ဒေါက်တာခင်မောင်ဆင့် ကို ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ဧရာဝတီမြစ်ရေ ညောင်ဦးမြို့တွင် စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်

**နေပြည်တော် အောက်တိုဘာ ၅**

ယနေ့နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် အောက်ပေဝက်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ ညောင်ဦးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် အလှူငွေများပေးအပ်လှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၅**

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီထံသို့ အလှူငွေများပေးအပ်လှူဒါန်းပွဲကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၏ ဇနီး ဒေါ်လွင်လွင်မွန်က ယခုကဲ့သို့ မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရင်းအမြစ်များစွာ အသုံးပြုဆောင်ရွက်ရသည်ဖြစ်ရာ မိမိအနေဖြင့် ဘယ်လ်ဂျီယံနိုင်ငံ မြို့တော် ဘရပ်ဆဲလ်ရှိ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများ၏ ဇနီးများမှ စုပေါင်းဖွဲ့စည်းထားသော Asia Pacific Women's association (APWA), Brussels အဖွဲ့၏ လှူဒါန်းငွေများကို လာရောက်လှူဒါန်းခြင်းဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှ ကြိုးပမ်းထမ်းဆောင်နေကြသည့် ကျန်းမာရေးဝန်ထမ်းများအား ကျေးဇူးတင်ရှိပြီး ကျန်းမာဘေးကင်းကြပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးအဖွဲ့ချုပ်နှင့် ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ်မှ ကိုယ်စားလှယ်တစ်ဦးက မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးအဖွဲ့ချုပ်နှင့် ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ်အနေဖြင့် ယခုကဲ့သို့ ဗဟိုကော်မတီသို့ လှူဒါန်းခြင်းမှာ ဒုတိယအကြိမ်မြောက်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတစ်ဝန်းရှိ မြို့နယ်များတွင်လည်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လှူဒါန်းမှုများ ပြုလုပ်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုကဲ့သို့ လှူဒါန်းမှုများသည် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် များစွာအကျိုးရှိမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကူးစက်မှုများသည် ယခုဒုတိယလှိုင်းနောက်တွင်လည်း ကူးစက်မှုလှိုင်းများ ရှိလာနိုင်ကြောင်း၊ ပြည်သူများအနေဖြင့် ရောဂါကာကွယ်ရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်အချက်များအား အလေးအနက်ထားကာ ဆက်လက်လိုက်နာဆောင်ရွက်ရန် အထူးလိုအပ်ပါကြောင်း၊ ကိုဗစ်-၁၉ အတွက် ထိရောက်အစွမ်းထက်သော ကာကွယ်ဆေးများ ပေါ်ထွက်လာပြီး ပြည်သူအများစု ထိုးနှံပြီးမှသာ ကိုဗစ်-၁၉ ကူးစက်မှုလှိုင်းများ ထပ်မံမဖြစ်ပွားတော့မည်ဖြစ်ပါကြောင်း၊ ယခုလက်ရှိအချိန်၌ ကိုဗစ်-၁၉ ကပ်ရောဂါကို အကောင်းဆုံးကာကွယ်၊ ထိန်းချုပ်နိုင်သည့်နည်းလမ်းမှာ အတတ်နိုင်ဆုံး နေအိမ်တွင်သာ နေထိုင်ခြင်းနှင့် မဖြစ်မနေ အိမ်ပြင်ပသို့ သွားရပါက ပါးစပ်နှင့်နှာခေါင်းစည်းကို မဖြစ်မနေ တပ်ဆင်ခြင်းဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါပိုးရှိနေပြီး ရောဂါလက္ခဏာမပြသူများထံမှ အခြားသူများထံသို့ ရောဂါကူးစက်ခံရနိုင်သဖြင့် ပြည်သူများ အထူးသဖြင့် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ကျောက်ကပ်ရောဂါ စသည့်နာတာရှည်ရောဂါရှိသူများအနေဖြင့် နေအိမ်တွင်သာနေထိုင်ပြီး အခြားအတူနေသူများနှင့် ခပ်ခွာခွာနေထိုင်ခြင်းနှင့် သီးခြားအိပ်စက်ခြင်းတို့ ပြုလုပ်ကြရမည်ဖြစ်ပါကြောင်း၊ ယနေ့ လှူဒါန်းပွဲသို့ တက်ရောက်လာကြသူများအနေဖြင့် အဆိုပါအချက်များအား စကားလက်ဆင့်ပွားခြင်းနှင့် ဝေမျှခြင်းများ ပြုလုပ်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ယနေ့ လှူဒါန်းမှု အခမ်းအနားတွင် Asia Pacific Women's association (APWA), Brussels က ယူရိုငွေ ၂၃၅၇၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးအဖွဲ့ချုပ်နှင့် ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ်က ငွေကျပ်သိန်း ၅၀၀၊ ဦးသစ်လွင်လေး + ဒေါ်ခင်သက်ဦး၊ အေလာမြို့က ငွေကျပ်သိန်း ၂၀ နှင့် CSA -2 (အထက်မြန်မာပြည်) ကျောင်းသား ကျောင်းသူများက ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ် -၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ် အောက်တိုဘာ ၆ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသမည်

**နေပြည်တော် အောက်တိုဘာ ၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကိုဗစ် -၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို စက်တင်ဘာ ၂၉ ရက်မှစ၍ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီခွဲ မှ ည ၇ နာရီအထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသလျက်ရှိရာ အောက်တိုဘာ ၆ ရက်တွင် ကိုဗစ် - ၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုး အကြံပြုအားဖြည့်ဆောင်ရွက်နိုင်ရေးအဖွဲ့ဝင် ကျန်းမာရေးပညာရှင်ကြီးများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူ ကျန်းမာရေးပညာရှင်များဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သာထွန်းကျော်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး (အငြိမ်းစား) ဒေါက်တာ ဝင်းမြင့်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာညွှန့်သိန်း (ဆေးပညာဌာန- အငြိမ်းစား) တို့က ပြည်သူများ သိရှိမေးမြန်းလိုသည့် COVID-19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်းသည့် မေးခွန်းများ ပြန်လည်ဖြေကြားချက်ကို ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူသာလျှင် အဓိက




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယအစိုးရက မြန်မာအစိုးရထံသို့ လှူဒါန်းသည့် COVID-19 ကူးစက်ရောဂါ ကုသရေးတွင် အသုံးပြုမည့် Remdesivir ထိုးဆေး (၃,၀၀၀)ကို အိန္ဒိယ နိုင်ငံခြားရေးအတွင်းဝန်ထံမှ လွှဲပြောင်းလက်ခံစဉ်။

※ ရှေ့ဖုံးမှ

ထို့ပြင် အိန္ဒိယနိုင်ငံမှ စမ်းသပ်ထုတ်လုပ်နေသည့် ကိုဗစ်-၁၉ ကာကွယ်ဆေး အောင်မြင်ပါက မြန်မာနိုင်ငံအပါအဝင် မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းထုတ်လုပ်သွားနိုင်ရေး၊ စစ်တွေဆိပ်ကမ်းအား ၂၀၂၁ ခုနှစ် အစောပိုင်းကာလတွင် လည်ပတ်သွားနိုင်ရေး၊ ရခိုင်ပြည်နယ်တွင် လူငယ်များအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများဖွင့်လှစ်ပို့ချသွားနိုင်ရေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လူငယ်များ အပြန်အလှန်ဖလှယ်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြသည်။

**လွှဲပြောင်းလက်ခံ**

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် အိန္ဒိယအစိုးရက မြန်မာအစိုးရထံသို့ လှူဒါန်းသည့် COVID-19 ကူးစက်ရောဂါ ကုသရေးတွင် အသုံးပြုမည့် Remdesivir ထိုးဆေး (၃,၀၀၀)ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အိန္ဒိယ နိုင်ငံခြားရေးအတွင်းဝန်ထံမှ လွှဲပြောင်းလက်ခံခဲ့သည်။

အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန်၏ မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးစဉ်အတွင်း ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အောက်မှ စက်မှုလယ်ယာ စခန်းခွဲများအား အဆင့်မြှင့်တင်၍ စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်း စီမံကိန်းသဘောတူညီချက်အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် အိန္ဒိယသံရုံးတို့အကြား လက်မှတ်ရေးထိုးခဲ့ပြီး မြစ်ကြီးနားမြို့ရှိ ဆော့ဖ်ဝဲရေးသားထုတ်လုပ်မှုနှင့် လေ့ကျင့်ရေး အဆင့်မြင့်သင်တန်းဌာန (Centre of Excellence in Software Development and Training – CESDT )ကို စတင်ဖွင့်လှစ်နိုင်ခဲ့သည်။

**သတင်းစဉ်**

## ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့စေရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးတို့အတွက် ညှိနှိုင်းစည်းဝေး

**နေပြည်တော် အောက်တိုဘာ ၅**

ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့စေရေးနှင့် ကုန်စည် ဝင်/ထွက် မှုအခြေအနေ၊ ကုန်ဈေးနှုန်းများ ဖြစ်ပေါ်မှု အခြေအနေများနှင့်ကုန်ဈေးနှုန်းတည်ငြိမ်ရေးတို့နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများက Video Conferencing စနစ်ဖြင့် ကျင်းပသည်။





အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်အရ အခြေခံရိက္ခာဖြစ်သည့် ဆန်၊ ဆီ၊ ပဲ၊ ကြက်သွန်စသည့် အခြေခံ ရိက္ခာလိုအပ်ချက်များကို သုံးသပ် တွက်ချက်ခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရနှင့် ကုန်သည်အသင်းအဖွဲ့များ၏ လက်ဝယ်တွင် အခြေခံရိက္ခာများ ပြည့်စုံစွာရှိသည့်အတွက် လက်ရှိ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံးဖြစ်သော ရန်ကုန်တိုင်းဒေသကြီးအတွက် သာမက မြန်မာတစ်နိုင်ငံလုံးအတွက် အခြေခံရိက္ခာပြည့်စုံလုံလောက်စွာ ရှိနေပါကြောင်း။

ပြည်သူလူထုအနေဖြင့် စားနပ်ရိက္ခာပြတ်လပ်မည်ကို စိုးရိမ်ပူပန်မှု မရှိစေလိုပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသို့ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ကုန်စည်များ ဝင်ရောက်သလို ရန်ကုန်တိုင်းဒေသကြီးမှလည်း အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ကုန်စည်များ ဖြန့်ဖြူးလျက်ရှိပါကြောင်း၊ လုပ်ငန်းဆိုင်ရာများ များပြားသည့်အတွက် အားနည်းချက်၊ ချို့ယွင်းချက်များရှိသော်လည်း အမြန်ဆုံးညှိနှိုင်းပူးပေါင်းဖြေရှင်းနိုင်ခဲ့ပါကြောင်း၊ ကုန်စည်စီးဆင်းမှုမှန်ကန်ရေး၊ ကုန်စည်မပြတ်လပ်စေရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် အခက်အခဲများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ အသင်းအဖွဲ့များအနေဖြင့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း တင်ပြပေးစေလိုပါကြောင်းနှင့် ဆောင်ရွက်သင့်သည့် အကြံပြုချက်များကိုလည်း တင်ပြပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်မြို့ရှိ မြို့နယ် ၄၄ မြို့နယ်အတွင်း ကုန်စည်စီးဆင်းမှုကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာအသင်း အဖွဲ့များ နေ့စဉ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်နေသည့်အတွက် မြို့နယ်များရှိ လက်လီဆိုင်များသို့ အခြေခံ စားသောက်ကုန်များ ဖြန့်ဖြူးမှုမှာ အခက်အခဲမရှိကြောင်းနှင့် အခြေခံစားကုန်ဈေးနှုန်းများ တည်ငြိမ်လျက်ရှိကြောင်း၊ ကုန်စည်စီးဆင်းမှု မှန်ကန် မြန်ဆန်ရေးအတွက် ကုန်တင်ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များအား Test Kit များဖြင့် လုံလောက်စွာ စစ်ဆေးနိုင်ရေး၊ ကုန်တင်ယာဉ်များအား ရန်ကုန် – မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဖြတ်သန်း အသုံးပြုခွင့်ရရှိရေး၊ Test Kit များအား အသုံးပြုပြီး ရောဂါရှာဖွေ စစ်ဆေးမှုများကို ပိုမိုဆောင်ရွက်နိုင်ရေးအတွက် အစိုးရအချင်းချင်း (G to G) စနစ်ဖြင့် ဆွေးနွေး၍ စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း (B to B)စနစ်ဖြင့် တင်သွင်းနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ဖြည့်စွက် ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နိဂုံးချုပ် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်း

ဒီကနေ့ဆိုရင် ပြည်သူလူထုကို တင်ပြတဲ့နေရာမှာ ကိုဗစ်-၁၉ ရောဂါနဲ့ ဆက်စပ်နေတဲ့ ကိစ္စတစ်ခုပေါ့။ နိုင်ငံအတွက်လည်း အင်မတန်မှ ကိုဗစ်ရောဂါနည်းတူ အရေးကြီးတဲ့ ကိစ္စအကြောင်း ပြောချင်ပါတယ်။ အဲဒါကတော့ ကျွန်မတို့ရဲ့ အထွေထွေရွေးကောက်ပွဲပဲဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုအထွေထွေရွေးကောက်ပွဲ တကယ်တော့ စနေပါပြီ။ စနေပါပြီလို့ ပြောရတဲ့အကြောင်းက နိုင်ငံခြားမှာဆိုရင် သံရုံးတွေမှာ၊ နိုင်ငံခြားမှာရောက်နေတဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေဟာ စပြီးတော့ ကြိုတင်မဲပေးနေပါပြီ။

အဲဒီ ကြိုတင်မဲပေးနေတဲ့အခြေအနေကလည်း အင်မတန်မှ ကျွန်မတို့အတွက် ဂုဏ်ယူစရာကောင်းတယ်လို့ ပြောနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်ပ ရောက်နေတဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေဟာ သူတို့ နိုင်ငံသူ၊ နိုင်ငံသားများရဲ့ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေပါတယ်။ အင်နဲ့အားနဲ့ကို စပြီး ကြိုတင်မဲတွေကို ပေးပါတယ်။ အခုဆိုရင် သံရုံးဌာန ၁၀ နေရာမှာ ကြိုတင်မဲတွေပေးလို့ပြီးပါပြီ။ ပုံစံ (၁၅) ပေါ့နော်။ နိုင်ငံခြားမှာ ကြိုတင်မဲပေးဖို့ ပုံစံ (၁၅) မှာ ဖြည့်ထားတဲ့ နိုင်ငံသူ၊ နိုင်ငံသားပေါင်းဟာ ၁၀၉၀၀၀ ကျော်ဖြစ်ပါတယ်။ အခုဆိုရင် စနေ၊ တနင်္ဂနွေမှာစပြီး ပေးလိုက်တဲ့ ကြိုတင်မဲပေါင်းဟာဆိုရင် ၁၅၀၀၀ ကျော်သွားပါပြီ။ ၁၅၉၇၁ ယောက်ထင်ပါတယ်။ အဲဒီတော့ တော်တော်ကို မြန်မြန်ဆန်ဆန်နဲ့ ကျွန်မတို့ ပြည်သူတွေဟာ တက်တက်ကြွကြွနဲ့ ကြိုတင်မဲတွေပေးနေတယ်ဆိုတာ သိရပါတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ ကျေးဇူးတင်တယ်လို့ ပြောချင်တယ်။ နိုင်ငံ့အတွက် ကျေးဇူးတင်တာပါ။ နိုင်ငံအတွက် အင်မတန်မှ သိက္ခာရှိတဲ့ ကိစ္စပါ။ နိုင်ငံသားများဟာ ဘယ်နေရာရောက်ရောက် ဘယ်လိုအခြေအနေမှာပဲရှိရှိ ဒုက္ခခံပြီး နိုင်ငံသားတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်တယ်ဆိုတာ ကျွန်မတို့အတွက် တစ်တပ်တစ်အား ဖြစ်ပါတယ်။

ဒီအချိန်မှာဆိုရင် ကျွန်မတို့ နိုင်ငံက အားလုံးစုပေါင်းပြီး၊ အင်အားတွေကို စုပြီး၊ ကိုဗစ်ကိုလည်း ကျော်လွှားရမယ်။ ရွေးကောက်ပွဲကိုလည်း အောင်အောင်မြင်မြင်ဖြစ်အောင် ကျင်းပနိုင်ရမယ်။ ဒီနှစ်ခုကို အမြဲတွဲပြီးစဉ်းစားပါတယ်။ ဘယ်လို စဉ်းစားလဲဆိုတော့ အထွေထွေရွေးကောက်ပွဲကျင်းပတဲ့အချိန်မှာ ပြည်သူ ပြည်သားများဟာ ကျန်းမာရေးအရ လုံလုံခြုံခြုံနဲ့ ရွေးကောက်ပွဲမှာ သွားပြီး မဲပေးနိုင်ဖို့ကို ကျွန်မတို့စီစဉ်ပါတယ်။ အဲဒီအတွက်လည်း သေသေချာချာ လေ့ကျင့်ပါတယ်။ ဥပမာဆိုရင် မနက်ဖြန်မှာ ပထမဦးဆုံးအကြိမ်တကယ့်ကို ရွေးကောက်ပွဲကျင်းပတဲ့နေ့မှာ ဘယ်လိုပုံစံနဲ့ မဲရုံတွေမှာကျင်းပမလဲ၊ ပြည်သူတွေက ဘယ်လိုပုံစံနဲ့ ကျန်းမာရေးအရ လုံလုံခြုံခြုံနဲ့ မဲပေးနိုင်အောင် စီစဉ်မလဲဆိုတာ လေ့ကျင့်ပြီးတော့ သေသေချာချာစစ်ဆေးပါမယ်။ ဘာလုပ်ဖို့လိုလဲ၊ ဘယ်လိုအကောင်းဆုံးဖြစ်အောင် ကျွန်မတို့လုပ်ရမလဲ၊ ပြည်သူတွေအတွက် စိတ်လုံခြုံမှုလည်းရအောင်၊ တကယ်လည်းလုံခြုံအောင်လို့ ဘယ်လိုစီစဉ်ရမလဲ ဆိုတာတွေကို ကျွန်မတို့သတ်မှတ်ပါမယ်။ အဲဒီလို လေ့ကျင့်မှုကို ရွေးကောက်ပွဲမတိုင်မီ (၃)ကြိမ်လုပ်ပါမယ်။ (၃)ကြိမ်အပေါ်မှာ အခြေခံပြီး ဘယ်လိုစည်းမျဉ်း စည်းကမ်းတွေ ချမှတ်မလဲဆိုတာ သေသေချာချာ စဉ်းစားပါမယ်။ နောက်ပြီး ရွေးကောက်ပွဲကော်မရှင်က ဦးဆောင်ပြီး အစီအစဉ်တွေကို အကောင်အထည်ဖော်ပါမယ်။

နောက်ပြီး ပြည်သူပြည်သားများဟာ ရွေးကောက်ပွဲမှာ မဲပေးခြင်းဟာ နိုင်ငံသူ၊နိုင်ငံသားများရဲ့တာဝန်ဆိုတာသိပြီးသလို ကိုဗစ်ရောဂါမကူးစက်အောင် စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းဆိုတာလည်း နိုင်ငံသူ၊ နိုင်ငံသားများရဲ့ တာဝန်ဆိုတာ နားလည်စေချင်ပါတယ်။ အားလုံးသိတဲ့အတိုင်းပဲ အခုဆိုရင် တစ်နေ့တစ်နေ့မှာ ရောဂါကူးနှုန်းဟာ ၁၀၀၀ ကျော်လာပါပြီ။ ၁၀၀၀ ကျော်တော့ တချို့ကလည်း အင်မတန်မှ စိုးရိမ်တာပေါ့။ စိုးရိမ်တယ်ဆိုတာလည်း စိုးရိမ်သင့်သလောက်စိုးရိမ်ဖို့က မှန်ပါတယ်။ သိပ်ပြီးတော့လည်း စိုးရိမ်ကြောင့်ကြမှု မဖြစ်စေချင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ အရင်အပတ်ကလည်း သတိပေးခဲ့ပါတယ်။ မြန်မြန်ဆန်ဆန်ရောဂါပိုး ရှိမရှိ စစ်ဆေးနိုင်တဲ့ Antigen Test Kit တွေ နဲ့ စသုံးပြီဆိုတော့ များများတွေ့မှာပါ။ များများကို မြန်မြန်တွေ့မယ်။ မြန်မြန်ကုသမှုပေးနိုင်မယ်ဆိုတဲ့ သဘောလည်းရှိပါတယ်။



Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်း ပြောကြားစဉ်။ သတင်းစဉ်

အခုဆိုရင် ရန်ကုန်မှာတင်မက တခြားတိုင်းဒေသကြီး၊ ပြည်နယ်တွေမှာလည်း Test Kit ကို စပြီးသုံးနေပါပြီ။ သုံးနေလို့ မြန်မြန် ရောဂါပိုးကို တွေ့မှာဖြစ်ပါတယ်။ စောစောကုသမှုပေးနိုင်ရင် ပိုပြီးတော့ ပျောက်နှုန်းက ပိုများတယ်။ နောက်ပြီး မြန်မြန်ဆန်ဆန်လည်း ပိုပြီးပျောက်မယ်။ အဲဒါကို ပြည်သူပြည်သားတွေလည်း သိပြီးသားလို့ ထင်ပါတယ်။

အရေးကြီးတာကတော့ ရောဂါလက္ခဏာပြတာနဲ့ သက်ဆိုင်ရာကျန်းမာရေးဌာနကိုသွားဖို့ပါ။ တချို့က သွားတယ်ပေါ့။ ဆေးရုံတွေကို သွားတဲ့အခါကျတော့ ခုတင်တွေတောင်မှ နေရာမရှိဘူးလို့ ဆိုကြပါတယ်။ ဒါလည်းတချို့နေရာတွေမှာ ဖြစ်တယ်ဆိုတာ မှန်ပါတယ်။ အဲဒီအတွက်လည်း ကျွန်မတောင်းပန်ပါတယ်။ ဒါပေမယ့် အခုဆိုရင် ဆေးရုံတွေလည်း လုံလုံလောက်လောက်ရှိအောင် ကိုဗစ်ရောဂါကိုကုသဖို့ တခြားဌာနတွေလည်း၊ ကျန်းမာရေးဝန်ကြီးဌာနကနေ ထူထောင်ထားတဲ့ဌာနတွေမှာလည်း၊ နေရာလုံလုံလောက်လောက်ရှိအောင် ကျွန်မတို့ စီစဉ်နေပါတယ်။ စီစဉ်တာလည်း တော်တော်ထိရောက်နေပြီ ဖြစ်ပါတယ်။ ဒီလိုစီစဉ်တဲ့နေရာမှာ ကျွန်မတို့ကို ဝိုင်းဝန်းကူညီကြတဲ့ ပြည်သူ၊ ပြည်သားတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ် တစ်ဦးချင်း တစ်ဦးချင်း၊ တတ်နိုင်တဲ့နည်းနဲ့ ပြည်တွင်းကရော၊ ပြည်ပကရော ကူညီတဲ့သူတွေ အားလုံးကို ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။

ကျွန်မတို့နိုင်ငံမှာ တကယ်ကို အရေးကြီးရင် သွေးစည်းတယ်ဆိုတာ အခု ကိုဗစ်ရောဂါက ပြနေပါတယ်။ ကျွန်မတို့ရဲ့ ပြည်သူပြည်သားတွေဟာ အရေးကြီးပြီဆိုရင် သွေးစည်းကြပါတယ်။ ဒါဟာကျွန်မတို့အတွက် အင်အားလည်းဖြစ်ပါတယ်။ ကူညီတဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ များလွန်းအားကြီးလို့ တစ်ယောက်ချင်း၊ တစ်ယောက်ချင်းကို နာမည်ဖော်ပြီးတော့ အခုဒီမှာ ကျေးဇူးတင်ကြောင်း မပြောနိုင်ပါဘူး။ သို့သော်လည်း အများဆုံး ကူညီတဲ့ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ အမည်စာရင်းတွေကို နိုင်ငံပိုင်သတင်းစာတွေမှာ ထည့်ပြီးကြေညာပြီး ကျေးဇူးတင်ကြောင်း ပြောမှာဖြစ်ပါတယ်။ အဲဒီလို ပြောတဲ့အခါကျတော့ ပေးနိုင်တဲ့သူကိုပဲ ကျေးဇူးတင်သလားဆိုတော့ မဟုတ်ပါဘူး။ တစ်ဦးချင်း၊ တစ်ဦးချင်း ကိုယ့်ကိုယ်ကိုယ် ကျန်းမာအောင်နေတဲ့ ပြည်သူ၊ ပြည်သားအားလုံးကို ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။ ဘယ်သူကမှတော့ ရောဂါမရချင်ဘူး။ ဒါပေမယ့် မရချင်ရုံနဲ့ မလုံလောက်ပါဘူး။ မရအောင်နေဖို့က အဓိက အင်မတန်မှ အရေးကြီးပါတယ်။

ကျွန်မ ထပ်တလဲလဲ ပြောနေတဲ့ကိစ္စပါ။ မရအောင် နေဖို့ဆိုတာ အခြေခံလိုအပ်ချက်ကတော့ မများပါဘူး။ အခြေခံလိုအပ်ချက်က လူစုလူဝေးရှိရာကို မသွားဖို့၊ အိမ်အပြင် မထွက်ဖို့ဆိုတာ အိမ်အပြင် မထွက်စေချင်လို့မဟုတ်ဘူး။ အိမ်အပြင်ထွက်သွားရင် တခြား အပြင်မှာရောဂါရှိပြီးတော့ သေချာလုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စတွေမလုပ်ထားတာ။ ဥပမာ လွယ်လွယ်နဲ့ ပြောရမယ်ဆိုရင် Mask မတပ်ထားတာပေါ့။ နှာခေါင်းစည်း မတပ်ထားတဲ့ ပုဂ္ဂိုလ်တွေနဲ့ ထိတွေ့မှုရှိရင် အန္တရာယ်ရှိမှာစိုးလို့ အပြင်မသွားဖို့ပြောတာပါ။ တတ်နိုင်သမျှ အိမ်ထဲမှာပဲ နေဖို့ပါ။ နောက်ပြီးတော့ ဈေးတွေဘာတွေဆိုရင်၊ လူများတဲ့နေရာတွေမှာဆိုရင် မသွားဖို့၊ လူများတဲ့နေရာတွေမှာ မရှောင်သာလို့ သွားရမယ်ဆိုရင် ဈေးကတော့ မရှောင်သာလို့ သွားရမယ့်နေရာတစ်ခု ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အိမ်ကမိသားစုအတွက်တော့ စားဖို့သောက်ဖို့ သွားဝယ်ဖို့လိုမယ်။ ဒါကြောင့် ကျွန်မတို့က တစ်ယောက်၊ လိုအပ်မှ တစ်ယောက်ထက်ပိုပြီး သွားပါဆိုတာလည်း အကြိမ်ကြိမ်ဆော်ဩပါတယ်။ အဲဒီလို သွားတဲ့အခါမှာလည်း Mask တပ်သွားပါ။ နောက်ပြီး ဈေးသွားတယ်ဆိုရင်လည်း လက်အိတ်ဝတ်ရင် အထောက်အကူအများကြီး ဖြစ်ပါတယ်။ နောက်ပြန်လာတဲ့အခါကျ ချက်ချင်း လက်ကိုသေသေချာချာ သန့်သန့်စင်စင်ဆေးဖို့၊ နောက်ပြီး အဝတ်အစားတွေ လဲဖို့လိုရင် ချက်ချင်းလဲပြီး လျှော်ဖို့၊ ဒါတွေလည်း အများကြီးသတိပေးပါတယ်။ Mask တွေကို အထူးသဖြင့် ရန်ကုန်တိုင်းမှာပေါ့။ ရန်ကုန်တိုင်းဒေသကြီးမှာကတော့ ရောဂါပိုးပြန့်ပွားမှုဟာ များတဲ့တစ်နေရာဖြစ်နေတယ်။ အဲဒီမှာ Mask တွေမတပ်ဘဲ ဈေးတွေမှာသွားတာ များလွန်းလို့၊ လူစုလူဝေးရှိတဲ့နေရာတွေများလွန်းလို့ အခုဆိုရင် ငွေဒဏ်ရိုက်ဖို့ဆိုပြီး ဆုံးဖြတ်ပါတယ်။ အဲဒီတော့ Mask မတပ်ဘဲ ဈေးတွေ၊ လူစုလူဝေးရှိတဲ့နေရာတွေ သွားတဲ့သူတွေကို Mask တပ်ရမယ့်နေရာ တပ်ပါဆိုပြီး ကျန်းမာရေးဝန်ကြီးဌာနကနေပြီး စည်းကမ်းချက် ထုတ်ထားတဲ့နေရာတွေမှာ Mask မတပ်ရင် အခုဆိုရင် စပြီး ငွေဒဏ်ရိုက်မှာ ဖြစ်ပါတယ်။ ငွေဒဏ်အများကြီးမရိုက်ပါဘူး။ ဒီလို ငွေဒဏ်ရိုက်တယ်ဆိုတာလည်း ပြည်သူတွေ ဒုက္ခပေးချင်လို့မဟုတ်ဘူး။ ဒီအချိန်မှာ ကျွန်မတို့နိုင်ငံ တခြားနိုင်ငံများနည်းတူ စီးပွားရေး အကျပ်အတည်းတွေ ရှိတယ်ဆိုတာလည်း ကျွန်မတို့ နားလည်ပါတယ်။

*စာမျက်နှာ ၅ သို့*

> **“ဒီအချိန်မှာဆိုရင် ကျွန်မတို့ နိုင်ငံက အားလုံးစုပေါင်းပြီး၊ အင်အားတွေကို စုပြီး၊ ကိုဗစ်ကိုလည်း ကျော်လွှားရမယ်။ ရွေးကောက်ပွဲကိုလည်း အောင်အောင်မြင်မြင်ဖြစ်အောင် ကျင်းပနိုင်ရမယ်။ ဒီနှစ်ခုကို အမြဲတွဲပြီးစဉ်းစားပါတယ်။ ဘယ်လိုစဉ်းစားလဲဆိုတော့ အထွေထွေရွေးကောက်ပွဲကျင်းပတဲ့အချိန်မှာ ပြည်သူ ပြည်သားများဟာ ကျန်းမာရေးအရ လုံလုံခြုံခြုံနဲ့ ရွေးကောက်ပွဲမှာ သွားပြီး မဲပေးနိုင်ဖို့ကို ကျွန်မတို့စီစဉ်ပါတယ်”**

*စာမျက်နှာ ၄ မှ*

*စာမျက်နှာ ၄ မှ*

ဒီလိုစီးပွားရေးအကျပ်အတည်းတွေရှိတဲ့အချိန်မှာ ပိုပြီးတော့ ပြည်သူတွေအတွက် မလိုအပ်တဲ့ ဝန်ထုပ်ဝန်ပိုးတွေမပေးချင်ပါဘူး။ ဒါပေမယ့်လည်း ဒါဟာအရေးကြီးတယ်ဆိုတာ နားလည်စေချင်ပါတယ်။ ဒါကြောင့် ငွေဒဏ်ရိုက်မယ်။ ငွေဒဏ်ရိုက်တဲ့ တစ်ချိန်တည်းမှာလည်း Mask တစ်ခုကိုလည်း ပေးမှာမဟုတ်ဘူး။ ဝယ်ခိုင်းမှာပါ။ ဒီငွေဒဏ်ထဲမှာ Mask တစ်ခုရဲ့တန်ဖိုးပါတယ်။ ငွေဒဏ်တော့ပေးရမယ်။ မများပါဘူး။ နှစ်ရာလို့ သတ်မှတ်ထားတယ်။ နှစ်ရာထဲမှာ ဒဏ်ရိုက်တာက (၁၅၀)၊ Mask ဖိုးက (၅၀)ပါ။ Mask တစ်ခုလည်း ပေးပါမယ်။ အဲဒီတော့ ချက်ချင်း တပ်သွားပြီး ဒီဟာကို အလေ့အကျင့်ဖြစ်အောင် လုပ်ပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။

တချို့နိုင်ငံတွေမှာ အထူးသဖြင့် စီးပွားရေးတောင့်တင်းတဲ့ နိုင်ငံတွေမှာဆိုရင် ဒီလိုမျိုး စီးပွားရေးဘက်ကို ပြန်ပြီးတော့ စဉ်းစားကြပါတယ်။ ဒီရောဂါကို လုံးဝထိန်းချုပ် နိုင်ပြီလားဆိုတော့ မထိန်းချုပ်နိုင်သေးပါဘူး။ မထိန်းချုပ်နိုင်သေးပေမယ့် ရေရှည်မှာ ဘယ်လိုစီးပွားရေးမကျဆင်းအောင်စပြီးတော့ ဘယ်လို လှုပ်ရှားနိုင်မလဲလို့ သူတို့စဉ်းစားတဲ့နေရာမှာ ပထမဦးဆုံး သူတို့စဉ်းစားမိတဲ့အချက်တစ်ခုကတော့ လူအများဟာ Mask တပ်တဲ့ အလေ့အကျင့်ကို ဖြစ်အောင်ကို လုပ်ရမယ်ဆိုပြီး သူတို့ပြောကြပါတယ်။ ဒါတကယ်တော့ ခက်ခက်ခဲခဲကြီးမဟုတ်ပါဘူး။ Mask တန်ဖိုးတွေကလည်း အများကြီးကျလာပါတယ်။ ကျလာတယ်ဆိုတာ ပြည်သူတွေကို ဆော်ဩပါရစေ။ အပြင်ထွက်ရင် Mask တပ်ပါ။ လက်ဆေးတဲ့အလေ့အကျင့်ကို တစ်ခါတည်းကို အရိုးစွဲသွားအောင်လို့ လုပ်ပါ။ ပြန်လာတာနဲ့ လက်ဆေးတာ၊ ပြင်ပကပစ္စည်းတစ်ခုခုကို ကိုင်ပြီးတာနဲ့ လက်ဆေးတာ၊ တစ်ယောက်ယောက်လာရင် ဘယ်လိုပဲပြောပြော အားနာတာ မဟုတ်ဘဲနဲ့ ဧည့်သည်တွေ၊ ဘာတွေဆိုရင်လည်း မလိုအပ်ဘဲ လက်မခံဘဲနဲ့၊ လိုအပ်လို့ မဖြစ်မနေ တွေ့ဖို့ လိုလို့လာတယ်ဆိုရင်လည်း Mask တပ်ပါလို့ပြောပါ။ လက်ကို လက်သန့်စင်ရည်နဲ့ ဆေးဖို့လိုတယ်ဆိုရင် ပေးပါ။ ဆေးဖို့ပြောပါ။ ဒီဟာတွေကတော့ ကျွန်မတို့ အလေ့အကျင့်တစ်ခုလို၊ ယဉ်ကျေးမှုတစ်ခုလို ဖြစ်အောင် လုပ်ဖို့လိုပါတယ်။ ဒီလိုပြောလိုက်ရင် တချို့က ဘယ်လောက်ကြာကြာ ကိုဗစ်ရောဂါနဲ့ ရုန်းကန်နေကြရဦးမှာလဲလို့ မေးတဲ့သူတွေလည်းရှိပါတယ်။ အရင်လည်း ကျွန်မတို့ ပြောပြီးပါပြီ။ ကာကွယ်ဆေးရှိလာ၊ ပေါ်လာတဲ့အထိတော့ ဒီလိုပဲ စည်းမျဉ်းစည်းကမ်းနဲ့ ကိုက်ညီအောင်နေရမှာပဲဆိုတော့ ကာကွယ်ဆေးတွေ ဘယ်တော့ပေါ်လာမလဲဆို အများမှန်းတာတော့ ဒီနှစ်ကုန်လောက် ဆိုရင် စပြီး သုံးနိုင်တဲ့ ကာကွယ်ဆေးပေါ်လောက်ပြီလို့ မှန်းကြပါတယ်။ အဲဒါနဲ့ ပတ်သက်လို့လည်း ကျွန်မတို့အနေနဲ့ ကာကွယ်ဆေးတွေ ထုတ်မယ့်နိုင်ငံတွေကို၊ မိတ်ဆွေနိုင်ငံတွေကို ချဉ်းကပ်ထားပါတယ်။ ကျွန်မတို့နိုင်ငံကို ဦးစားပေးပြီးတော့ ကာကွယ်ဆေးများ ရရှိရေးပေါ့။ လှူလို့ရမယ့်ဟာလည်း ရှိမယ်။ ဝယ်လို့ရတဲ့ဟာ လည်းရှိမယ်။ ဝယ်ဖို့လိုရင်လည်းဝယ်မယ်။ ကျွန်မတို့ ပြည်သူပြည်သားတွေရဲ့ ကျန်းမာရေးအတွက် သုံးသင့်သုံးထိုက်တဲ့နေရာမှာ မတွန့်တိုပါဘူး။ သုံးပါမယ်။ ဒီလိုကာကွယ်ဆေးတွေကို သုံးပုံသုံးနည်းကတော့ မသေချာသေးပါဘူး။ နှစ်စဉ်သုံးရတဲ့ ကာကွယ်ဆေးမျိုးလည်း ဖြစ်နိုင်တယ်။ တစ်သက်မှာ တစ်ခါနဲ့ပြီးတဲ့ ကာကွယ်ဆေးမျိုးလည်း ဖြစ်နိုင်တယ်။ အများမှန်းတာတော့ တစ်သက်မှာ တစ်ခါ ပြီးတဲ့ ကာကွယ်ဆေးမျိုးတော့ ဖြစ်ဖို့ကသိပ်မရှိဘူးလို့တော့ မှန်းကြပါ တယ်။ ဒါကိုတော့ ကျွန်မတို့ ကြည့်သေးတာပေါ့။ ဘယ်လိုပဲပြောပြော ကာကွယ်ဆေးရတဲ့အထိတော့ ကျွန်မတို့ပြည်သူတွေ အင်မတန်မှ သတိထားဖို့လိုပါတယ်။ သတိထားပါလို့ ကျွန်မထပ်ပြီးတော့ ပြောချင်ပါတယ်။

အခု ကျွန်မတို့နိုင်ငံမှာဆိုရင် တခြားနိုင်ငံတွေနည်းတူ ကုန်စည်တွေ သယ်ဖို့ သယ်ယူပို့ဆောင်ရေးဟာ အင်မတန်မှ အရေးကြီးပါတယ်။ ဒါကြောင့် သယ်ယူပို့ဆောင်တဲ့ ယာဉ်တွေကို မောင်းသူတွေနဲ့ အတူလိုက်ပါတဲ့သူတွေရဲ့ ကျန်းမာရေးကိုလည်း ကျွန်မတို့ကနေပြီးတော့ ဂရုစိုက်ရပါတယ်။ အခုဆိုရင် Antigen test kit တွေနဲ့ မြန်မြန် ဆန်ဆန် ရောဂါပိုး ရှိ၊ မရှိ ဆိုတာကို သယ်ယူပို့ဆောင်ရေးနဲ့ ပတ်သက်တဲ့ ယာဉ်မောင်းနဲ့ အဖော်တွေကို စမ်းသပ်တာတွေ လုပ်နေပါတယ်။ အဲဒီတော့ တစ်နေရာကနေတစ်နေရာ ပိုးတွေ မပြန့်အောင်လို့ပါ။ မပြန့်ပွားရေးကို ကျွန်မတို့က ဦးတည်ရမှာပါ။ ဖြစ်ပြီး

> **“အောင်မြင်မှုရှိတယ်ဆိုတာ ဘာကြောင့်လဲဆိုတော့ အားလုံးကဝိုင်းပြီး ကူညီချင်တဲ့စိတ်တွေရှိလို့ပါ။ ကူညီချင်စိတ်ရှိရုံနဲ့တော့ မလုံလောက်ပါဘူး။ တကယ်ကူညီဖို့တော့ လိုပါလိမ့်မယ်။ ကူညီချင်တဲ့စိတ်ရှိပြီးတော့ ကိုယ့်ရဲ့ ကျန်းမာရေးကို ကိုယ်မစောင့်ရှောက်ဘူးဆိုရင် နိုင်ငံတော်ကို ကူညီရာမရောက်ပါဘူး။ ဒါ ကျွန်မ ထပ်တလဲလဲ ပြောနေတဲ့ကိစ္စပါ။ ပြည်သူတွေ တစ်ယောက်ချင်းတစ်ယောက်ချင်းက ကိုယ့်ကျန်းမာရေးကို ဂရုစိုက်ပါ”**

တာတွေကတော့ ဖြစ်ပြီးပြီ။ ဒါတွေကတော့ အကောင်းဆုံးကုသမှုပေးပါမယ်။ ဒါနဲ့ပတ်သက်လို့လည်း ကျွန်မထပ်တလဲလဲ ပြောပါတယ်။ ကျန်းမာရေးအခြေခံမကောင်းတဲ့သူတွေအတွက် ပိုပြီးတော့ အန္တရာယ်ရှိပါတယ်။ ဒါကြောင့် ကျန်းမာရေးအခြေခံမကောင်းတဲ့သူများဟာ မြန်မြန်ဆန်ဆန် ရောဂါရှိတယ်လို့ ထင်တာနဲ့ မြန်မြန်ဆန်ဆန်ကုသဖို့ရာ သွားကြပါ။ အဲဒီလို သွားလည်းအလကားပဲလို့ ပြောတဲ့သူတွေရှိပါတယ်။ အလကားမဟုတ်ပါဘူး။ တချို့နေရာတွေမှာ ဟုတ်ပါတယ်။ နည်းနည်းအထစ်အငေါ့တွေ ဖြစ်ခဲ့တယ်။ သွားသွားချင်း ကုသမှုခံယူဖို့ ခက်ခဲတာတွေရှိခဲ့တယ်။ တချို့နေရာတွေမှာ၊ တချို့ဆေးရုံတွေမှာ ခုတင် မလုံလောက်ဘူးဆိုတာတွေ ဖြစ်ခဲ့တယ်။ ဒါပေမယ့် ကျွန်မတို့ ဒီပြဿနာတွေကို ကျော်လွှားဖို့အစီအစဉ်တွေလုပ်တာလည်း အောင်မြင်ပါတယ်။ ဒါကြောင့် ယုံယုံကြည်ကြည်နဲ့သွားပါ။ ကျွန်မတို့ ပြည်သူတွေကို တတ်နိုင်သမျှ ကုသမှုတွေပေးပါမယ်။ ပြည်သူတွေဘက်ကလည်း ပူးပေါင်းဆောင်ရွက်ဖို့က အင်မတန်မှအရေးကြီးပါတယ်။

ရွေးကောက်ပွဲကာလမှာဆိုရင် ရွေးကောက်ပွဲမဲပေးတဲ့အခါမှာ ပြည်သူတွေရဲ့ လုံခြုံရေးအတွက်ဆို အခုကတည်းကစပြီး စီစဉ်ပါတယ်။ အခု ကတည်းကနေစပြီး စီစဉ်တယ်ဆိုတာ ရွေးကောက်ပွဲအထူးရဲတွေကို လေ့ကျင့်ပေးတဲ့အခါမှာလည်း အထူးရဲတွေမှာ ရောဂါပိုး ရှိ၊ မရှိ အမြန်သိနိုင်တဲ့ Antigen test kit နဲ့ စစ်ပေးနေပါတယ်။ အဲဒီတော့ တစ်လှမ်းချင်း၊ တစ်လှမ်းချင်းပေါ့။ ကျွန်မတို့က ပြည်သူတွေရဲ့ကျန်းမာရေး၊ ပြည်သူတွေရဲ့ လုံခြုံရေး၊ ပြည်သူတွေရဲ့ နိုင်ငံသားတာဝန်တင်မကဘူး၊ နိုင်ငံသားရဲ့အခွင့်အရေးဖြစ်မြောက်ရေးကို အားလုံးအဘက်ဘက်ကနေကြည့်ပြီး လုပ်ဆောင်နေပါတယ်။ ဒါကြောင့် ပြည်သူတွေက ကိုဗစ်ရောဂါပြန့်ပွားမှုကြောင့် စိတ်ဓာတ်ကျတာ မဖြစ်စေချင်ပါဘူး။ သတိတော့ထားပါ။ ကြောက်တာတွေ၊ စိုးရိမ်တာတွေလွန်လို့ရှိရင် ဘာမှ အထောက်အကူမဖြစ်ပါဘူး၊ သတိကတော့ လွန်ကဲတယ်လို့ မရှိနိုင်ဘူးဆိုတာကြောင့် သတိကိုတော့ ဆက်ပြီးတော့ ထားစေချင်ပါတယ်။

နိုင်ငံတော်အနေနဲ့ အတတ်နိုင်ဆုံးလုပ်နေပါတယ်ဆိုတာကို အားလုံးကနေပြီးတော့ ယုံစေချင်ပါတယ်။ ဥပမာဆိုရင် ကျွန်မတို့ အခုကတည်းကစပြီးတော့ Quarantine ဝင်နေတဲ့ ပြည်သူတွေ ကြိုတင်မဲပေးနိုင်ဖို့အရေး၊ နောက်ပြီးတော့ ဆေးရုံတက်နေရတဲ့ ပြည်သူတွေ ကြိုတင်မဲပေးနိုင်ဖို့အရေး ဒါတွေကိုလည်း စီစဉ်နေပါတယ်။ ဘယ်လိုပုံစံနဲ့ ထိလည်းထိရောက်ရမယ်၊ လုံလည်း လုံခြုံရမယ်၊ အားလုံးဟာကိုယ့်ရဲ့ နိုင်ငံသားအခွင့်အရေးကိုလည်း အပြည့်အဝရရှိနိုင်မှာပါ။ အဲဒါနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင် နိုင်ငံသားအခွင့်အရေးဆိုတော့ အခု တချို့မြို့နယ်တွေမှာ ရန်ကုန်ကဆိုရင် ရန်ကုန်တစ်တိုင်းလုံးလိုပဲပေါ့။ တခြားတိုင်းနဲ့ ပြည်နယ်တွေမှာ Stay at Home အိမ်ထဲမှာပဲ နေရမယ်ဆိုတဲ့ အမိန့်တွေထုတ်ထားတဲ့ မြို့နယ်တွေရှိပါတယ်။ အဲဒီမြို့နယ်တွေမှာဆိုရင် တချို့တွေက အစတုန်းကတော့ ကိုယ့်ရဲ့မူလမြို့နယ်၊ ကိုယ့်ရဲ့မူလ မိသားစုရှိရာ မြို့နယ်တွေကိုပြန်ပြီး မဲပေးမယ်ဆိုပြီးတော့ စီစဉ်တဲ့သူတွေက အခုတော့ ဒီလိုလုပ်ဖို့ မလွယ်တော့ဘူးဆိုတာကို မြင်လာကြတယ်။ အထူးသဖြင့် ရန်ကုန်ဆိုပါတော့။ အခု နယ်မှာရောက်နေတဲ့ ကျွန်မတို့ပြည်သူတွေက အစတုန်းကတော့ ရန်ကုန်မှာ ရွေးကောက်ပွဲအတွက် တစ်ရက်နှစ်ရက်ပြန်ပြီးတော့ မဲပေးမယ်ဆိုပြီးတော့ စဉ်းစားခဲ့တဲ့ ပုဂ္ဂိုလ်များဟာ အခုအချိန်မှာတော့ ဒီလိုလုပ်လို့မဖြစ်တော့ဘူးဆိုတာ သဘောပေါက်လာပြီလို့ ကျွန်မထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ Quarantine စည်းမျဉ်းစည်းကမ်းတွေကြောင့်ပါ။

အဲဒါနဲ့ပတ်သက်လို့ ရွေးကောက်ပွဲကော်မရှင်ကလည်း ထုတ်ပြန်တာတွေ ရှိပါလိမ့်မယ်။ ထုတ်ပြန်တာတွေကို သတိမပြုမိတဲ့ ပြည်သူတွေရှိရင် ကျွန်မအနေနဲ့ သတိပေးချင်ပါတယ်။ အောက်တိုဘာလ ၁၀ ရက်နေ့မတိုင်ခင်မှာ ပုံစံ(၃) နဲ့ လျှောက်လို့ရပါတယ်။ ရန်ကုန်မှာပြန်ပြီးပေးတာ မဟုတ်ဘဲနဲ့ နယ်ရောက်နေတယ်ဆိုပါတော့။ နယ်က မကွေးမြို့လေးတစ်မြို့မှာ ရောက်နေတယ်ဆိုရင် အဲဒီမှာပဲ မဲပေးရေးအတွက်ကို ၁၀ ရက် နေ့မတိုင်မီ ပုံစံ (၃) နဲ့ လျှောက်လို့ရပါတယ်။ အဲဒါကြောင့် ပြည်သူ ပြည်သားတွေ ကိုယ့်ရဲ့အခွင့်အရေးကို သုံးပြီးတော့ ကိုယ်တာဝန်ယူထမ်းဆောင်နိုင်အောင်လို့ ကြိုးစားကြပါလို့ ကျွန်မအနေနဲ့ ဆော်ဩချင်ပါတယ်။

ရွေးကောက်ပွဲ ကော်မရှင်ဘက်က သိရတာကတော့ တချို့တွေက အခုဆိုရင် အွန်လိုင်းကနေ မဲစာရင်းတွေနဲ့ပတ်သက်လို့ ပြည်သူတွေလုပ်နိုင်ဖို့အတွက် ပြည်သူတွေက ဆက်သွယ်ပြီးတော့ UEC အစီအစဉ်တွေအရ မဲပေးဖို့အတွက် ပါနိုင်ဖို့ လုပ်တဲ့နေရာမှာ အထစ်အငေါ့တွေ အတိုင်းအတာတစ်ခုအထိတော့ ရှိခဲ့တယ်လို့ နားလည်ပါတယ်။ ဒီဟာတွေကိုလည်း ကျွန်မတို့ တတ်နိုင်သမျှ ပြုပြင်ပေးပါမယ်။ ထင်သာတဲ့ အွန်လိုင်းသုံးတဲ့ ပြည်သူတွေများတဲ့အခါကြတော့ ကျွန်မတို့အစီအစဉ်တွေက မလုံလောက်တာတွေ ရှိမှာပေါ့။ မလုံလောက်တာတွေရှိတော့ ဒါတွေကို ဘယ်လိုပုံစံနဲ့ ပြင်မလဲဆိုတာကိုလည်း အခုချက်ချင်းလက်ငင်း စဉ်းစားနေပါတယ်။ အမြန်ဆုံးကျွန်မတို့ အကောင်အထည်ဖော် ပေးပါမယ်။ ဒါကြောင့် ကျွန်မ အရင်လည်းပြောဖူးပါတယ်။ စိုးရိမ်မလွန်ကြပါနဲ့၊ သတိတော့ ရှိကြပါ။ ကျွန်မတို့ ပြည်သူတွေရဲ့ကျန်းမာရေးအတွက်ရော ပြည်သူတွေရဲ့ နိုင်ငံသူ နိုင်ငံသားတွေရဲ့အခွင့်အရေး အပြည့်အဝရနိုင်ဖို့အတွက်ကို အတတ်နိုင်ဆုံး လုပ်နေပါတယ်။ လုပ်တာလည်း အောင်မြင်မှုရှိပါတယ်။

အောင်မြင်မှုရှိတယ်ဆိုတာ ဘာကြောင့်လဲဆိုတော့ အားလုံးကဝိုင်းပြီး ကူညီချင်တဲ့စိတ်တွေရှိလို့ပါ။ ကူညီချင်စိတ်ရှိရုံနဲ့တော့ မလုံလောက်ပါဘူး။ တကယ်ကူညီဖို့တော့ လိုပါလိမ့်မယ်။ ကူညီချင်တဲ့စိတ်ရှိပြီးတော့ ကိုယ့်ရဲ့ ကျန်းမာရေးကို ကိုယ်မစောင့်ရှောက်ဘူးဆိုရင် နိုင်ငံတော်ကို ကူညီရာမရောက်ပါဘူး။ ဒါ ကျွန်မထပ်တလဲလဲ ပြောနေတဲ့ကိစ္စပါ။ ပြည်သူတွေ တစ်ယောက်ချင်းတစ်ယောက်ချင်းက ကိုယ့်ကျန်းမာရေးကို ဂရုစိုက်ပါ၊ ကျန်တဲ့ဟာတွေကို နိုင်ငံတော်က အတတ်နိုင်ဆုံးကြည့်ပြီး လုပ်ပေးပါ့မယ်။ ဒီလောက်ထိ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေတဲ့ ရောဂါတစ်ခုကို ထိန်းနိုင်ဖို့ဆိုတာကလည်း ပြည်သူပြည်သား တော်တော်များများက စိတ်ဓာတ်တက်တက်ကြွကြွနဲ့ ပါဝင်ပြီး ပူးပေါင်းလုပ်ဆောင်တဲ့အတွက် ဒီလောက်အထိ လုပ်နိုင်တယ်လို့ ကျွန်မတို့ ယုံကြည်ပါတယ်။ ဒါကြောင့် ကျေးဇူးတင်တယ်လို့ပြောပါရစေ။ နောက်ဆုံးမှာတော့ ကျေးဇူးတင်စကားနဲ့ နိဂုံးချုပ်ပါရစေ။ ပြည်သူ ပြည်သားတွေကိုလည်း ကျေးဇူးတင်တယ်။ ပြည်တွင်းကနေပြီး ကျန်းမာရေးအရ ကိုဗစ်ရောဂါ မပြန့်ပွားအောင် တတ်နိုင်သမျှ လုပ်ပေးတဲ့ ပြည်သူပြည်သားတွေကိုလည်း ကျေးဇူးတင်ပါတယ်။ နိုင်ငံခြားမှာရောက်နေတဲ့ နိုင်ငံသူ၊ နိုင်ငံသားများဟာ နိုင်ငံသူ၊ နိုင်ငံသားများ တာဝန်ကျေပွန်စွာနဲ့ ကျွန်မတို့ရဲ့ နိုင်ငံသိက္ခာကို ထိန်းသိမ်းသောအားဖြင့် ရွေးကောက်ပွဲမှာ တက်တက်ကြွကြွပါဝင်ပြီးတော့ ကြိုတင်မဲတွေ ပေးနေတဲ့အတွက်လည်း ကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်။

အားလုံးကျန်းမာ ချမ်းသာစွာ နေနိုင်ကြပါစေ။ နေလည်းနေကြပါ။

# အိန္ဒိယသမ္မတနိုင်ငံသံရုံး၏ ဆက်ဆံရေးရုံး ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၅**

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်လျက်ရှိသည့် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန်၏ ခရီးစဉ်အတွင်း အိန္ဒိယသမ္မတနိုင်ငံသံရုံး၏ ဆက်ဆံရေးရုံး ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်၊ အိန္ဒိယနိုင်ငံ၊ ပြည်ပရေးရာဝန်ကြီးဌာန၊ နိုင်ငံခြားရေးအတွင်းဝန် Mr. Harsh Vardhan Shringla နှင့် အိန္ဒိယ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်ကြီး Mr. Saurabh Kumar နှင့် မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အိန္ဒိယနိုင်ငံခြားရေး အတွင်းဝန်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် အိန္ဒိယသံရုံး၏ ဆက်ဆံရေးရုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး (ယာပုံ) ဆက်ဆံရေးရုံးအား လှည့်လည် ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် အောက်တိုဘာ ၅**


မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ၊ ဩရိဿပြည်နယ်ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ကျန် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။ **မိုး/ဇလ**

❒ *ကျောဖုံးမှ*

မစ္စတာ ဆော်ရက်(ဘ်)ကူးမား (H.E.Mr. Saurabh Kumar)၊ အိန္ဒိယစစ်သံမှူး Colonel Ketan Arun Mohite နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် မိတ်ဆွေရင်း၊ မိတ်ဆွေကောင်း နိုင်ငံများဖြစ်ပြီး ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ခိုင်မာရေး ဆောင်ရွက်လျက်ရှိမှု၊ နှစ်ပေါင်းများစွာကတည်းကပင် တပ်မတော်နှစ်ရပ်အကြား ကောင်းမွန်သည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ပြီး နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ ကာကွယ်ရေး၊ လေ့ကျင့်ရေးနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေ၊ မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်၊ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး အာဆီယံမူဝါဒအတိုင်း ဆောင်ရွက်လျက်ရှိမှု၊ မြန်မာ့တပ်မတော်ကို ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်လျက်ရှိမှု၊ နိုင်ငံတိုင်းရှိ တပ်မတော်တိုင်းသည် တိုင်းပြည်နှင့် ပြည်သူ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန်အတွက်ဖြစ်ပြီး လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားနေမှုကို မည်သည့်တပ်မတော်ကမှ မလိုလားသည်ဖြစ်၍ ပဋိပက္ခများကို ငြိမ်းချမ်းသောနည်းဖြင့်သာ ဖြေရှင်းဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေ၊ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများကို အပြန်အလှန် ယုံကြည်မှုဖြင့် ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည့်အခြေအနေများနှင့် နယ်စပ်ဒေသ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေများအား ခင်မင်ရင်းနှီးစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်




## လူမှုသဟဇာတဆိုင်ရာ မူဘောင်တစ်ရပ် ပေါ်ပေါက်လာရေး အကြံပြုဆွေးနွေး

**နေပြည်တော်　အောက်တိုဘာ ၅**

လူမှုသဟဇာတဆိုင်ရာ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် လူမှုသဟဇာတဆိုင်ရာ မူဘောင်တစ်ရပ် ပေါ်ပေါက်လာရေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဝန်ကြီးဌာန တာဝန်ရှိသူများ၊ Paung Sie Facility နှင့် ဩစတြေးလျနိုင်ငံ Football United အဖွဲ့တို့ အွန်လိုင်းစနစ်ဖြင့် ပြုလုပ်သည်။ **(အပေါ်ပုံ)**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး ဦးတည်ချက်များဖြင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအတွင်း ရေရှည်ပဋိပက္ခကင်းဝေးရေး ဆောင်ရွက်ရာတွင် လူမှုသဟဇာတဖြစ်ရေးလုပ်ငန်းစဉ်သည် အရေးကြီးကြောင်း၊ လူမှုသဟဇာတဖြစ်ရေးနှင့် ပတ်သက်၍ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံများနှင့် ညှိနှိုင်းဆွေးနွေးခြင်းများ၊ တွေ့ဆုံပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများကိုလည်း အခါအားလျော်စွာ ဆောင်ရွက်လျက်ရှိကြောင်း၊ လူမှုသဟဇာတဖြစ်ရေးကို ဆောင်ရွက်ရာတွင် မိမိတို့ဝန်ကြီးဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်၍မရကြောင်း၊ အစိုးရဌာနများ၊ အစုအဖွဲ့များနှင့် လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ခြင်းနှင့် မတူညီသော လူမှုအသိုက်အဝန်းများအကြား အပြန်အလှန်ညှိနှိုင်း ဆက်သွယ်ဆောင်ရွက်ခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်း စသည့်လုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဤလုပ်ငန်းသည် ရေရှည်လုပ်ငန်းစဉ်ဖြစ်၍ မူဘောင်တစ်ရပ်ရေးဆွဲပြီး စနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အစိုးရက ဆောင်ရွက်မည့်လုပ်ငန်းစဉ်များတွင် Paung Sie Facility နှင့် ဩစတြေးလျနိုင်ငံ Football United အဖွဲ့တို့က ပါဝင်ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည့်အတွက် ကြိုဆိုပါကြောင်း ပြောကြားသည်။

ထို့နောက် Paung Sie Facility နှင့် ဩစတြေးလျနိုင်ငံ Football United အဖွဲ့တို့က ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးကြရာ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက လိုအပ်သည့် အကြံပြုဆွေးနွေးရန် လိုအပ်သည့်ကိစ္စရပ်များ၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ကြရမည့် အခြေအနေများကို ပြန်လည်ညှိနှိုင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**အမိန့်အမှတ် ၁၁၃/၂၀၂၀**
**၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၅ ရက်)**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံး (ကိုကိုးကျွန်း မြို့နယ်မပါ)တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀-၉-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၀၇/၂၀၂၀ ဖြင့် ကြေညာခဲ့ပါသည်။

၂။ အဆိုပါကြေညာချက် အပိုဒ် ၃။ အပိုဒ်ခွဲ(ဂ)၌ မိမိနေအိမ်တွင်သာနေထိုင်ရန် စည်းကမ်းချက်များတွင် **ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း(CMP)** စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်မည့်သူများအား ၂၄-၉-၂၀၂၀ ရက်မှ ၇-၁၀-၂၀၂၀ ရက်အထိ လုပ်ငန်းခွင် သွားရောက်ခွင့်မပြုရန် သတ်မှတ်ခဲ့ပါသည်။

၃။ သို့ရာတွင် လက်ရှိအခြေအနေ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် COVID–19 ရောဂါ ခတ်ခွဲအတည်ပြုလူနာများ ပိုမိုတွေ့ရှိရခြင်း၊ COVID–19 ရောဂါ ကူးစက်ခံထားရသူဖြစ်သော်လည်း မည်သည့်ရောဂါလက္ခဏာကိုမျှ မပြသေးသဖြင့် ပုံမှန်အတိုင်းသွားလာလှုပ်ရှား လုပ်ကိုင်နေသူများကြောင့် ရောဂါဖြစ်ပွားပျံ့နှံ့မှုနှုန်း မြင့်မားသွားနိုင်ပါသဖြင့် **ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း(CMP)** စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်မည့်သူများအား ၈-၁၀-၂၀၂၀ ရက်နေ့မှ ၂၁-၁၀-၂၀၂၀ ရက်နေ့အထိ လုပ်ငန်းခွင် သွားရောက်ခွင့်မပြုကြောင်း ထပ်မံထုတ်ပြန်ကြေညာလိုက်သည်။

၄။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည် ဖြစ်သည်။

(ဒေါက်တာမြင့်ထွေး)
ပြည်ထောင်စုဝန်ကြီး

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော်　အောက်တိုဘာ ၅**

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

သတင်းစဉ်

## နေပြည်တော်ကောင်စီသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းနှင့် အလှူငွေများ လာရောက်လှူဒါန်း

**နေပြည်တော်　အောက်တိုဘာ ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများနှင့် အလှူငွေ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲက နေပြည်တော်ကောင်စီရုံး ဧည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်နှင့် ဦးတင်ထွန်း၊ နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးခင်မောင်လေး၊ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုးနှင့် တာဝန်ရှိသူများ တက်ရောက်သည်။




လှူဒါန်းပွဲတွင် မြန်မာ့ဩဘာ လုပ်ငန်းစုမှ အလှူငွေကျပ် ၁၀ သိန်း၊ နှာခေါင်းစည်း ၄၀၀ နှင့် ဟိုက်ပိုကလိုရိုက် ပိုးသတ်ဆေးရည်ဘူး ၅၀ တို့ကို လည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ၊ ဆရာမများအဖွဲ့ချုပ် (ပျဉ်းမနား)မှ အလှူငွေကျပ် ၁၅ သိန်းကိုလည်းကောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး **(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဧရာဝတီမြစ်ရေ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော်　အောက်တိုဘာ ၅**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေအမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်နှင့် ဆိပ်သာမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ




**နေပြည်တော် အောက်တိုဘာ ၅**

၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယနေ့ အောက်တိုဘာလ ၅ ရက်နေ့သည် ကမ္ဘာတစ်ဝန်းလုံးတွင် ဆရာများကို လိုက်လိုက်လှဲလှဲ ဂုဏ်ပြုသည့်ကမ္ဘာ့ဆရာများနေ့ ဖြစ်ပါကြောင်း၊ သင်ဆရာ မြင်ဆရာ ကြားဆရာများ အားလုံးတို့အား ရိုသေစွာဂါရဝပြုအပ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုသည် ပညာရေးဖွံ့ဖြိုးမှုအပေါ် တည်မှီလျက်ရှိပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍ အရည်အသွေးမြင့်မားလာအောင်၊ လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်လာအောင် အဓိက စွမ်းဆောင်ပေးနိုင်သည့်ပုဂ္ဂိုလ်များသည် ကျွမ်းကျင်မှု၊ အသိပညာ၊ အတတ်ပညာ၊ IQ, EQ များအတွက် မည်သို့ တစ်သက်တာ သင်ယူရမည်ဆိုသည်ကို ဖြန့်ဝေပေးနေကြသည့် မြတ်ဆရာများပင်ဖြစ်ပါကြောင်း၊ ဆရာများသည် နိုင်ငံတစ်နိုင်ငံအတွက် အရည်အသွေးပြည့်ဝသည့် လူငယ်များကို မွေးထုတ်ပေးရုံသာမက ကမ္ဘာတစ်ဝန်းမှာပင်ဖြစ်ဖြစ်၊ နိုင်ငံတစ်နိုင်ငံမှာပင်ဖြစ်ဖြစ် အခက်အခဲအကျပ်အတည်းများ၊ ကပ်ဘေးဒုက္ခများနှင့် ကြုံတွေ့ရသည့်အခါတွင်လည်း အသိပညာဖြန့်ဝေပူးပေါင်းဆောင်ရွက်ပြီး ယင်းအခက်အခဲများ၊ ဘေးဒုက္ခများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ဦးဆောင်မှုပေးကြသူများလည်း ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် ဆရာများသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ကို ပုံဖော်ပေးနေကြသူများပင် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးက ဆရာများကို ဂုဏ်ပြုသည့်အနေဖြင့် ကမ္ဘာတစ်ဝန်းတွင် အောက်တိုဘာလ ၅ ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့အဖြစ် သတ်မှတ်ကျင်းပခဲ့ခြင်း ဖြစ်ပါကြောင်း။

### မိသားစုစိတ်ဓာတ်ဖြင့်ကျော်လွှား

ယနေ့ကမ္ဘာကြီးတွင် စီးပွားရေးအားပြိုင်မှုများ၊ တစ်ဟုန်ထိုး တိုးတက်ပြောင်းလဲလာသည့် နည်းပညာများ၊ ရာသီဥတုပြောင်းလဲမှုများ၊ မသေချာ မရေရာမှုများနှင့် သဘာဝဘေးအန္တရာယ်များ စသည့်စိန်ခေါ်မှုကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ ပို၍ဆိုးရွားသော စိန်ခေါ်မှုကြီးသည် စီးပွားရေးနှင့် လူ့အဖွဲ့အစည်းများအပေါ် ကြီးမားသည့်ဖိစီးမှုများ ကျရောက်စေသည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဘေး အကျပ်အတည်းကြီးဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ်ကုန်ပိုင်းလောက်က စတင်ခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါသည် ယခု ၂၀၂၀ ပြည့်နှစ် တစ်နှစ်လုံးတွင် အလုပ်အကိုင်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်း ဆုံးရှုံးမှုများ၊ ဆင်းရဲနွမ်းပါးမှုများကို ဆိုးဆိုးရွားရွား ဖြစ်ပေါ်စေခဲ့ပါကြောင်း၊ ပညာရေးကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ကြီးမားသည့်အဟန့်အတား ဖြစ်စေခဲ့ပါကြောင်း၊ ကပ်ရောဂါဆိုးကြီး စတင်ခဲ့ပြီး ကိုးလကြာကာလအတွင်း ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၃၅ သန်းကျော် ရှိလာကာ ရောဂါပိုးရှိပြီး ပိုးတွေ့လူနာသေဆုံးသူဦးရေ တစ်သန်းကျော် ရှိလာခဲ့ပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ဓာတ်ခွဲအတည်ပြုလူနာ ၁၇၇၉၄ ဦး ရှိလာ၍ သေဆုံးသူ ၄၁၂ ဦး ရှိပါကြောင်း၊ ယခုလို ကမ္ဘာကြီးကို စိန်ခေါ်နေသည့် ကပ်ရောဂါဘေးဆိုးကြီးကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံတို့က စုစည်းညီညွတ်သည့် မိသားစုစိတ်ဓာတ်ဖြင့် ကျော်လွှားနိုင်ရန် ကြိုးပမ်းလျက်ရှိပါကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ အထူးအေဂျင်စီကြီးများဖြစ်သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၊ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့-ယူနက်စကို (UNESCO)၊ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)စသည့် အဖွဲ့အစည်းအသီးသီးကလည်း မိမိတို့နှင့်သက်ဆိုင်သည့် ကဏ္ဍကနေပြီး ကပ်ဘေးဆိုးကြီးကို ကျော်လွှားနိုင်ရန် အစွမ်းကုန်ကြိုးပမ်းလျက်ရှိကြပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ကျန်းမာရေး၊ နည်းပညာ၊ ဝိဇ္ဇာသိပ္ပံ၊ နည်းပညာနှင့် သက်မွေး၊ အခြေခံပညာ စသည့်နယ်ပယ်အသီးသီးက ဆရာများ၏ဦးဆောင်မှုဖြင့် ကပ်ဘေးများကို ကျော်လွှားပြီး အနာဂတ်ကို ပုံဖော်တည်ဆောက်ကြရမည် ဖြစ်ပါကြောင်း၊ ယခုလို အခြေအနေအချိန်အခါတွင် ကပ်ဘေးရန်ကို ကျော်လွှားပြီး အနာဂတ်နိုင်ငံတော်ကို ပုံဖော်ကြရမည့် ဆရာများ၏ အခန်းကဏ္ဍကို မြှင့်တင်သည့်အနေဖြင့် "ဦးဆောင်ကျော်လွှားကပ်ဘေးများ၊ အနာဂတ်ပုံဖော်ဆရာများ" (Teachers: Leading in crisis, reimagining the future) ဆိုသည့် ဆောင်ပုဒ်သည် ယခုနှစ်ကမ္ဘာ့ဆရာများနေ့၏ ဆောင်ပုဒ်အဖြစ် ထွက်ပေါ်လာခဲ့ခြင်းဖြစ်ပါကြောင်း။

လူ့ဘောင်လောကအတွင်း အချိန်အခါ နေရာဒေသမရွေး ဆရာအတတ် ဆရာအလုပ်နှင့် အသက်မွေးဝမ်းကျောင်းပြုရခြင်းသည် သမ္မာအာဇီဝဖြစ်ပြီး အင်မတန်မွန်မြတ်သည့်ဂုဏ်တစ်ရပ်ဖြစ်ပါကြောင်း၊ မြန်မာ့လူ့ဘောင်တွင်လည်း မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံအရ "သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ" ဟူ၍ရှိပြီး ဆရာဟူသမျှကို အစဉ်လေးစား ကြည်ညို ရိုသေကိုင်းရှိုင်းကြခြင်း ဖြစ်ပါကြောင်း၊ ဆရာများကို အနန္တောအနန္တဂိုဏ်းဝင် ကျေးဇူးရှင်အဖြစ် တန်းတူ တန်ဖိုးထားလေးစား သတ်မှတ်ထားကြခြင်း ဖြစ်ပါကြောင်း၊ ဆရာများသည် အများ၏စံပြုထိုက်သူ၊ အများကို ဦးစီးဦးဆောင်ပြုနိုင်သူများအဖြစ် အသိအမှတ်ပြုထားကြပါကြောင်း။

ကပ်ဘေးများကျော်လွှားပြီး အနာဂတ်နိုင်ငံတော်ကို အဘက်ဘက်က ပြန်လည် တည်ဆောက်ကြရာတွင် ပညာရေးသည် အရေးပါသည့်အခန်းကဏ္ဍက ရှိနေမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အနာဂတ်ကို ပုံဖော်ကြမည့်ဆရာများသည် ကျန်းမာရေးကောင်းမွန်ပြီး ပညာရည်၊ နှလုံးရည် ပြည့်ဝနေရန်လိုအပ်ပါ ကြောင်း၊ ပညာရေးတွင် ဆရာများ၏ အရေးကြီးပုံနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က-

"ပညာရေးလုပ်ငန်းရဲ့ သော့ချက်အကျဆုံးနေရာမှာ ရှိသူများကတော့ 'ဆရာ' များ ဖြစ်ပါတယ်။ ဆရာတွေဆိုတာ ပညာပြည့်ဝနှလုံးလှဖို့ လိုပါတယ်။ ပညာဆိုတာ လက်ဆင့်ကမ်းတဲ့အရာ ဖြစ်ပါတယ်။ လက်ဆင့်ကမ်းရာမှာ ဦးနှောက်နဲ့ရော၊ နှလုံးသားနဲ့ပါ လက်ဆင့်ကမ်းဖို့ လိုပါတယ်။ ကိုယ့်ရဲ့ အရည်အသွေးကို ပြည့်ဝအောင် တစ်သက်တာ သင်ယူကြိုးစားပြီး ကိုယ်ရဲ့ တပည့်တွေကို ကိုယ့်ထက်သာတဲ့သူတွေ ဖြစ်အောင် လုပ်နိုင်စွမ်းရှိစေချင်ပါတယ်။ ဆရာစားမချန်ပါနဲ့။ တကယ့်သိက္ခာရှိတဲ့ ဂုဏ်ရှိတဲ့ဆရာတွေဆိုတာ မိမိတို့ထက်ပိုတော်တဲ့ တပည့်တွေကို မွေးထုတ်ပေးနိုင်တဲ့ ဆရာ ဆရာမတွေပဲ ဖြစ်ပါတယ်။ ပညာရေးစီမံခန့်ခွဲသူတွေနဲ့ ဆရာဆရာမတွေဟာ ဦးဆောင်လမ်းပြနိုင်မှုအရည်အသွေး၊ စီမံခန့်ခွဲမှုအရည်အသွေး ပြည့်ဝနေဖို့လည်း အစဉ်ကြိုးစားစေချင်ပါတယ်" ဟု ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် ပညာရေးဝန်ကြီးဌာန ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ)တွင် မိန့်ကြားခဲ့ပါကြောင်း။

### ထိန်းသိမ်းမြှင့်တင်

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာပေါ်တွင် ပညာသင်ယူနေကြသည့် ကျောင်းသူ ကျောင်းသား စုစုပေါင်း ၁ ဒသမ ၆ ဘီလီယံနှင့် အခြေခံပညာ ဆရာ ဆရာမ စုစုပေါင်း ၆၃ သန်းတို့ကို ထိခိုက်နစ်နာစေပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ဘေးအလွန်ကာလ နိုင်ငံတော်၏အနာဂတ်သည် ပညာရေးအရည်အသွေး ထိန်းသိမ်းမြှင့်တင်ပြီး အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ကို မွေးထုတ်ပေးမည့် ဆရာများအပေါ်တွင် များစွာမူတည်နေပါကြောင်း၊ ဆရာများသည် အတန်းတွင်းမှာသာမက စာသင်ခန်းပြင်ပ ကျောင်းပြင်ပမှာပါ လူငယ်လူရွယ်များကို အသိပညာပေးမည့်သူ၊ ဦးဆောင်လမ်းပြမည့်သူ ဖြစ်နေရန်လိုပါကြောင်း၊ ဆရာများသည် လူ့အဖွဲ့အစည်းတစ်ခုလုံး၏ စံနမူနာပြပုဂ္ဂိုလ်တစ်ဦးဖြစ်သည်နှင့်အမျှ လူ့အဖွဲ့အစည်းသည် ဆရာ၏ ဦးဆောင်လမ်းညွှန်မှုကို တန်ဖိုးထားလေးစား အသိအမှတ်ပြုခံယူမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏အနာဂတ်ကို ပုံဖော်ရာတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးကဏ္ဍတိုးတက်မြင့်မားရေး အထူးအစီအစဉ်များကို ချမှတ်ပြီး အလေးပေးလုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးတွင် မည်သည့်ခွဲခြားမှုမျှ မရှိစေရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရေး၊ ကျောင်းထွက်သူပပျောက်ရေးနှင့် သင်ယူမှုမဆုံးရှုံးစေရေးတို့ကို မူဝါဒများချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် ရှိသည့် ကျောင်းသားများ၏ စဉ်ဆက်မပြတ် သင်ယူမှုအခွင့်အလမ်းများကို ပံ့ပိုးပေးနိုင်ရန်အတွက် ကာလဒေသအခြေအနေ လိုက်လျောညီထွေရှိသည့် သင်ယူမှုနည်းလမ်းများ (Face-to-face learning, online learning, offline learning, blended learning)ကို အလေးပေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်ရာတွင် ရုပ်မြင်သံကြား သင်ခန်းစာများကို ပညာရေးဝန်ကြီးဌာန၏ ပညာရေးအစီအစဉ် (Education Channel) မှ လည်းကောင်း၊ အွန်လိုင်းသင်ခန်းစာများကို မြန်မာဒစ်ဂျစ်တယ်ပညာရေးပလက်ဖောင်း (Myanmar Digital Education Platform) မှလည်းကောင်း၊ အင်တာနက်မရနိုင်သည့် ကျောင်းသားများအတွက် DBE Boxes များနှင့်လည်းကောင်း စဉ်ဆက်မပြတ် သင်ယူနိုင်အောင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယင်းအပြင် နိုင်ငံပိုင်ရုပ်သံဌာနဖြစ်သည့် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ မြန်မာ့အသံနှင့်ပုဂ္ဂလိက ရုပ်မြင်သံကြား အစီအစဉ်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယခုလို ဆောင်ရွက်ရာတွင် သင်ကြားပို့ချပေးကြမည့် ဆရာများသည် အဓိကအခန်းကဏ္ဍက ပါဝင်နေမည်ဖြစ်ပါကြောင်း။

### စိန်ခေါ်မှုများကို ရင်ဆိုင်

အနာဂတ်တွင် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ အေးချမ်းတည်ငြိမ်ပြီး သာယာဝပြောသည့် နိုင်ငံတော်ကို တည်ဆောက်ရာတွင် ကျောင်းသားလူငယ်များ ၂၁ ရာစု ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးများရရှိအောင် စုပေါင်းတာဝန်ယူ တာဝန်ခံပြီး အခက်အခဲများ ဖြေရှင်း၍ လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရန် စုပေါင်းအားနှင့် ရုန်းကြရမည် ဖြစ်ပါကြောင်း၊ လူငယ်များ အလုပ်အကိုင်ကောင်းများရရှိရေး၊ ပြည်တွင်းပြည်ပ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် လူငယ်များ မွေးထုတ်ပေးနိုင်ရေး၊ လူငယ်များ နည်းပညာဖွံ့ဖြိုးတိုးတက်မှုများ၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်မည့် စွမ်းရည်များရှိစေရေး၊ အခြေခံပညာ၊ နည်းပညာနှင့် သက်မွေးပညာနှင့် လေ့ကျင့်ရေး၊ အဆင့်မြင့်ပညာ စသည့် ပညာရေးကဏ္ဍအသီးသီးကို အားဖြည့်မြှင့်တင်ရေးတို့တွင် ဆရာများသည် အရေးအကြီးဆုံးပုဂ္ဂိုလ်များဖြစ်ကြောင်းကို ပြောကြားလိုပါကြောင်း။

ဆရာများသည် ကျေးဇူးတင်ထိုက်သော ထာဝရဆရာများအဖြစ် တပည့်များ၊ ပညာရေးဝန်ထမ်းများ၊ ပြည်သူများအားလုံးက တန်ဖိုးထားလေးစား အသိအမှတ်ပြုပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း နှစ်စဉ်ကမ္ဘာ့ဆရာများနေ့တွင် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ် ဆရာမကြီး ဆရာကြီးများ၊ ခွင့်ရက်မပျက် ဆရာမများကို ဂုဏ်ပြုချီးမြှင့်လျက်ရှိရာ ယခုနှစ်တွင်လည်း ကိုဗစ်အခြေအနေအရ အွန်လိုင်းမှ အသိအမှတ်ပြုကြေညာ၍ ပေးအပ်ချီးမြှင့်သွားရန် စီစဉ်ဆောင်ရွက်ထားပါကြောင်း၊ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ် ဆရာမကြီး ဆရာကြီး ၁၄ ဦး၊ ခွင့်ရက်မပျက် ဆရာမ ခြောက်ဦး၊ ၂၀၁၉ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ နိုင်ငံတော်၏ လိုအပ်ချက်အရ စစ်တွေတက္ကသိုလ်နှင့် တောင်ကုတ်တက္ကသိုလ်တို့တွင် အဝေးသင်တက္ကသိုလ်အနီးကပ်သင်တန်းပို့ချခြင်း၊ စာမေးပွဲလုပ်ငန်း၊ အောင်စာရင်းလုပ်ငန်းများအတွက် အခက်အခဲများကြားက စွမ်းစွမ်းတမံ သွားရောက်တာဝန်ထမ်းခဲ့ကြသည့် ဒေသအသီးသီးမှ တက္ကသိုလ်ဆရာ ဆရာမ စုစုပေါင်း ၅၅ ဦး တို့ကိုလည်း အွန်လိုင်းမှ အသိအမှတ်ပြုကြေညာ၍ ပေးအပ်ချီးမြှင့်သွားရန် စီစဉ်ဆောင်ရွက်ထားသည်ကို အသိပေးအပ်ပါကြောင်း။

မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) ၏ ရည်မှန်းချက်ပန်းတိုင်နှင့် မဟာဗျူဟာမြောက် အပြောင်းအလဲ (၉)ရပ်ဖြစ်သည့် (၁)မူကြိုနှင့် သူငယ်တန်းပညာရေး၊ (၂) အခြေခံပညာရေးအခွင့်အလမ်း၊ အရည်အသွေးနှင့် လူတိုင်းအကျုံးဝင်မှု၊ (၃) အခြေခံပညာ သင်ရိုးညွှန်းတမ်း၊ (၄)ပညာရည် စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများကျင်းပခြင်း၊ (၅)ဆရာအတတ်ပညာရေးနှင့်စီမံခန့်ခွဲမှု၊ (၆) ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး၊ (၇) နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး၊ (၈)အဆင့်မြင့်ပညာရေးနှင့် (၉) စီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည်မြှင့်တင်မှုနှင့် အရည်အသွေးအာမခံမှုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံပညာကဏ္ဍတွင် ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင်ကို ပြုစုရေးဆွဲခဲ့ပြီး အညွှန်းဘောင်၏ ပညာရပ်နယ်ပယ် လေးခုဖြစ်သည့် (က) ဆရာအတတ်ပညာဆိုင်ရာ အသိပညာနှင့် နားလည်သဘောပေါက်မှု၊ (ခ) ဆရာအတတ်ပညာဆိုင်ရာကျွမ်းကျင်မှုများနှင့် လက်တွေ့ကျင့်သုံးမှုများ၊ (ဂ)ဆရာအတတ်ပညာဆိုင်ရာ တန်ဖိုးထားမှုနှင့် သဘောထားခံယူချက်များနှင့် (ဃ) ဆရာအတတ်ပညာဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှုဟူ၍ နယ်ပယ်(၄)ရပ်ကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှုကဏ္ဍတွင် ပညာရေးကောလိပ် ၂၅ ကျောင်းအား နှစ်နှစ်သင် ပညာရေးကောလိပ်မှ လေးနှစ်သင် ပညာရေးအထူးပြုဘွဲ့ပေးအပ်သော ပညာရေးဒီဂရီကောလိပ်များအဖြစ် အဆင့် တိုးမြှင့်နိုင်ခဲ့ပါကြောင်း၊ ပုံမှန်ရာထူးတိုးအခွင့်အလမ်းများဖြစ်သည့် ပညာအရည်အချင်းနှင့် ဆန္ဒပြုမှုများအရ သတ်မှတ်ချက်ကိုက်ညီသည့် မူလတန်းပြများသည် အလယ်တန်းပြ ရာထူးတိုးလျှောက်ထားနိုင်သလို၊ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသည့် အလယ်တန်းပြများသည် အထက်တန်းပြ ရာထူးတိုးလျှောက်ထားနိုင်သည့် အပြင် မူလတန်းပညာရေး၊ အလယ်တန်းပညာရေးများတွင်လည်း ရာထူးတိုးအခွင့်အလမ်းများ ပညာအရည်အချင်းအရ ပိုမိုရွေးချယ်ပိုင်ခွင့် ရှိလာမည်ဖြစ်ပါကြောင်း။

ဘဝတစ်သက်တာတွင် စေတနာ၊ ဝါသနာ၊ အနစ်နာသာမက မေတ္တာ၊ ကရုဏာအပြည့်ဖြင့် တပည့်များကို သင်ကြားပို့ချပေးခဲ့ကြပြီး အငြိမ်းစားယူသွားကြသည့် ဆရာကြီး ဆရာမကြီးများ၊ မိမိတို့တာဝန်ထမ်းရာ ဒေသများတွင် ပညာရေးတာဝန်များကို အခက်အခဲ အမျိုးမျိုးကြားက စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်နေကြသည့် ဆရာဆရာမများအားလုံး ကပ်ဘေးအန္တရာယ် ကင်းဝေး၍ ကျန်းမာလုံခြုံမှုရှိကြပါစေ၊ အခက်အခဲများကို ကျော်လွှားပြီး အောင်မြင်မှုများ ဆွတ်ခူးနိုင်ကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းပြီး နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းအသီးသီးတွင် မိမိတို့ကျရာ အခန်းကဏ္ဍက ပါဝင်အကျိုးပြုနိုင်ကြပါစေ၊ နိုင်ငံတော်နှင့် ပြည်သူများက ကျေးဇူးတင် တန်ဖိုးထား လေးစားခံရသူများ ဖြစ်ကြပါစေဟု ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ယူနက်စကို အမျိုးသားကော်မရှင်အတွင်းရေးမှူးချုပ် ဒေါက်တာကြည့်ရှင်က ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို ဖတ်ကြားပြီး မြန်မာနိုင်ငံဆရာများအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာစိုင်းခိုင်မျိုးထွန်းက မြန်မာနိုင်ငံဆရာများ အဖွဲ့ချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း က ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီး ၁၄ ဦး၏ ဆောင်ရွက်မှုအကျဉ်းချုပ်၊ (၂၅)နှစ်နှင့်အထက် ကျောင်းတက်မပျက်သော ဆရာမ ခြောက်ဦးနှင့် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၊ မောင်တောမြို့၊ သံတွဲမြို့နှင့် သက္ကေပြင်တို့တွင် အဝေးသင်အနီးကပ်သင်တန်းပို့ချခြင်းနှင့် စာမေးပွဲအောင်စာရင်းလုပ်ငန်းများအတွက် အခက်အခဲများကြားက စွမ်းစွမ်းတမံ သွားရောက်တာဝန်ထမ်းဆောင်ခဲ့သော ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ ၅၅ ဦး၏ အမည်များကို တင်ပြသည်။

ယင်းနောက် ဆရာများအတွက် စံသတ်မှတ်ချက် အညွှန်းဘောင်ဆိုင်ရာ "ရှေ့ဆက်တက်လှမ်း အနာဂတ်လမ်း ပံ့ပိုးကူညီလက်တွဲမည်" ဗီဒီယိုပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် အရာထမ်းငယ်အခြေခံသင်တန်းများကို Online Learning System ဖြင့် ဖွင့်လှစ်သင်ကြား

**နေပြည်တော် အောက်တိုဘာ ၅**

ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ၂၀၂၀-၂၀၂၁ လေ့ကျင့်ရေးနှစ်အတွက် ဖွင့်လှစ်ရန်ရှိသော သင်တန်းများအနက် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) တွင် အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ် (၈၆) ကို လည်းကောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ် (၁၁၆) ကို လည်းကောင်း ယနေ့ နံနက်ပိုင်းတွင် Online Learning System ဖြင့် စတင်ဖွင့်လှစ်သည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ၂၀၁၉-၂၀၂၀ လေ့ကျင့်ရေးနှစ်အတွက် သင်တန်းများ ဖွင့်လှစ်ဆဲကာလတွင် မတ်လအတွင်း၌ Coronavirus ကူးစက်ရောဂါ ဖြစ်ပွားလာသဖြင့် မတ် ၁၆ ရက်မှစ၍ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်ဆဲသင်တန်းများကို ပိတ်သိမ်းခဲ့ပြီး နိုင်ငံ့ဝန်ထမ်းများအား စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားသွားနိုင်ရေးအတွက် Online Learning System ဖြင့် ပြောင်းလဲဖွင့်လှစ် သင်ကြားပို့ချနိုင်ရေး သက်ဆိုင်ရာ အထက်အဖွဲ့စည်းများ၏ ခွင့်ပြုချက်ရယူ၍ သင်ရိုးညွှန်းတမ်းများ ပြန်လည်ပြင်ဆင်ခြင်း၊ ICT နည်းပညာပိုင်းဆိုင်ရာ သင်တန်းပို့ချမည့် Online Platform များ ရွေးချယ်ခြင်း၊ ပို့ချသူဆရာ၊ ဆရာမများကိုလည်း ICT ဆိုင်ရာ မွမ်းမံသင်တန်းများ ပို့ချပေးခြင်း၊ စမ်းသပ်ချိတ်ဆက်ဆောင်ရွက်ခြင်းများကို ကြိုတင်စီမံဆောင်ရွက်နိုင်စေရန် လုပ်ငန်းစီမံချက်များရေးဆွဲခဲ့ပြီး ယခုကဲ့သို့ Online Learning System ဖြင့် ပထမဦးဆုံးဖွင့်လှစ်ခဲ့ခြင်းဖြစ်ရာ သင်တန်းကာလမှာ အောက်တိုဘာ ၅ ရက်မှ ၂၈ ရက်အထိ ရက်သတ္တ လေးပတ်တွင် ဗဟိုဝန်ထမ်းတက္ကသိုလ် တစ်ခုစီ၌ သင်တန်းသား ၁၀၀ စီဖြင့် တန်းခွဲတစ်ခုလျှင် ၅၀ ပါတန်းခွဲ နှစ်ခုစီခွဲကာ သင်ကြားသွားမည်ဖြစ်ပြီး ယခုသင်တန်းတွင် ဝန်ကြီးဌာန/ အဖွဲ့အစည်း ၂၉ ခုမှ ဒုတိယဦးစီးမှူး၊ အငယ်တန်းအင်ဂျင်နီယာ-(၂)၊ စာရင်းကိုင်-(၂) ရာထူးနှင့် အဆင့်တူ သင်တန်းသား၊ သင်တန်းသူများကို Online စနစ်ဖြင့် ဆက်သွယ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

သင်ကြားမည့် ဘာသာရပ်များအနေဖြင့် စီမံခန့်ခွဲမှုပညာဘာသာရပ်၊ စီးပွားရေးပညာဘာသာရပ်၊ ဥပဒေပညာဘာသာရပ်၊ လူမှုရေးသိပ္ပံဘာသာရပ်၊ နိုင်ငံရေးသိပ္ပံဘာသာရပ်၊ အင်္ဂလိပ်စာဘာသာရပ်နှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဘာသာရပ်တို့ဖြစ်ပြီး ဆရာ၊ ကျောင်းသား အပြန်အလှန်ဆွေးနွေးခြင်း (Interactive Learning) အတွက် Zoom Cloud Meetings ကို လည်းကောင်း၊ သင်ခန်းစာများသင်ယူခြင်း၊ ဆွေးနွေးမေးမြန်းခြင်းနှင့် ကိုယ်တိုင်လေ့လာခြင်းတို့အတွက် Google Classroom ကို လည်းကောင်း အသုံးပြုသွားမည်ဖြစ်သည်။

သင်တန်းသားများအတွက် Online မှ သင်တန်းတက်ရောက်ရာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့် (Trainers' Manual နှင့် Solution Manual) ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website (www.ucsb.gov.mm) တွင် လည်းကောင်း၊ Study Materials များဖြစ်သည့် Video File, Power Point File, PDF File နှင့် References and Resources တို့ကို ဗဟိုဝန်ထမ်းတက္ကသိုလ် နှစ်ခု၏ Google Classroom များ၌လည်းကောင်း လွှင့်တင်ထားပြီး သင်တန်းကာလအတွင်း သင်တန်းသားများအတွက် Mobile Data အသုံးပြုရန် တစ်ရက်လျှင် ကျပ် ၂၀၀၀ စီကို ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့်လည်း အဆိုပါ သင်တန်းပြီးမြောက်သည့်အခါတွင် သင်တန်းကာလအတွင်း ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲများကို ပြန်လည်ဆန်းစစ်ကာ ကျန်ရှိသည့် သင်တန်းများကိုလည်း အလားတူ Online Learning System အသုံးပြု၍ စဉ်ဆက်မပြတ် ဆက်လက်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယခု အရာထမ်းငယ်အခြေခံသင်တန်းများကို Online Learning System ဖြင့် ပြောင်းလဲပို့ချနိုင်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လတ်တလောဖြစ်ပွားလျက်ရှိသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကပ်ရောဂါ Coronavirus Disease 2019 (COVID-19) ကူးစက်ပျံ့နှံ့မှုဖြစ်စဉ်အား ရှောင်ရှား၍ သင်ယူနိုင်ပြီး ICT နည်းပညာများကို ပိုမိုအသုံးပြုနိုင်ခြင်းအကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာသံရုံး ငါးရုံးတွင် ကြိုတင်ဆန္ဒမဲ ဆက်လက်ပေးပြီး နီပေါနိုင်ငံနှင့် အစ္စရေးနိုင်ငံတို့တွင် ကြိုတင်ဆန္ဒမဲစတင်ပေး

**နေပြည်တော် အောက်တိုဘာ ၅**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံပြင်ပသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများသည် ယနေ့တွင် မြန်မာသံရုံး ငါးရုံး၌ ဆက်လက်ဆန္ဒမဲပေးကြရာ မြန်မာသံရုံး ဘန်ကောက်မြို့၌ မဲဆန္ဒရှင် ၅၃၆ ဦး၊ မြန်မာသံရုံး ကိုင်ရိုမြို့၌ မဲဆန္ဒရှင် ၂၀၊ မြန်မာသံရုံး စင်ကာပူမြို့၌ မဲဆန္ဒရှင် ၁၇၀၀ ကျော်ခန့်၊ မြန်မာသံရုံး ဆိုးလ်မြို့၌ မဲဆန္ဒရှင် ၁၅၀ နှင့် မြန်မာသံရုံး တိုကျိုမြို့၌ မဲဆန္ဒရှင် ၄၀၂ ဦး လာရောက်ဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။

ထို့ပြင် အိုင်ယာလန်နိုင်ငံ၊ ဒိန်းမတ်နိုင်ငံနှင့် ဆွီဒင်နိုင်ငံတို့တွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးရန်အတွက် မြန်မာသံရုံး လန်ဒန်မြို့မှ အောက်တိုဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် မဲရုံဖွင့်လှစ် ဆောင်ရွက်ခဲ့ရာ အိုင်ယာလန်နိုင်ငံမှ မဲဆန္ဒရှင် ၁၆ ဦး၊ ဒိန်းမတ်နိုင်ငံမှ မဲဆန္ဒရှင် ၁၈ ဦး၊ ဆွီဒင်နိုင်ငံမှ မဲဆန္ဒရှင် ၁၈ ဦး စုစုပေါင်း ၅၂ ဦး လာရောက်ဆန္ဒမဲပေးခဲ့သည်။ ဗြိတိန်နိုင်ငံတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် မြန်မာသံရုံး၊ လန်ဒန်မြို့တွင် အောက်တိုဘာ ၉ ရက်မှ ၁၂ ရက်အထိ မဲရုံဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့တွင် နီပေါနိုင်ငံ၌ ရောက်ရှိနေသော မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးရန်အတွက် မြန်မာသံရုံး ခတ္တမန္ဒူမြို့၌ မဲရုံစတင်ဖွင့်လှစ်ခဲ့ရာ စုစုပေါင်း သုံးဦး လာရောက်ဆန္ဒမဲပေးခဲ့သည်။

အလားတူ အစ္စရေးနိုင်ငံတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများ ကြိုတင် ဆန္ဒမဲပေးနိုင်ရေးအတွက် မြန်မာသံရုံး တဲလ်အဗီးမြို့တွင် ပထမနေ့အဖြစ် မဲရုံစတင်ဖွင့်လှစ်ခဲ့ပြီး ဆန္ဒမဲပေးသူ လေးဦး လာရောက်ဆန္ဒမဲပေးခဲ့ကြောင်း သိရသည်။

ကြိုတင်ဆန္ဒမဲပေးရန် မြန်မာသံရုံးများသို့ ရောက်ရှိလာသည့် နိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေးဆိုင်ရာ ချမှတ်ထားရှိသည့် ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ သံရုံးအဝင်ဝတွင် ကိုယ်အပူချိန်တိုင်းခြင်း၊ လက်ဆေးခြင်း၊ Face Mask ဖြန့်ဝေတပ်ဆင်စေခြင်းတို့ဖြင့် သက်ဆိုင်ရာနိုင်ငံအလိုက် ကိုဗစ်-၁၉ တားဆီးကာကွယ်ရေး အစီအမံများကို အလေးထား လိုက်နာဆောင်ရွက်ကြကြောင်း သိရသည်။

သို့ပါ၍ ယနေ့တွင် မြန်မာသံရုံး ခုနစ်ရုံး၌ ကြိုတင်ဆန္ဒမဲပေးခဲ့ကြကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘရူနိုင်းနိုင်ငံ၊ အိုင်ယာလန်နိုင်ငံ၊ ဒိန်းမတ်နိုင်ငံ၊ ဆွီဒင်နိုင်ငံနှင့် အက်စဝါတီနီနိုင်ငံတို့တွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးမှုများ ပြီးဆုံးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



အိုင်ယာလန်နိုင်ငံတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများ လန်ဒန်မြို့ရှိ မြန်မာသံရုံးတွင် ကြိုတင်ဆန္ဒမဲပေးရန် စောင့်ဆိုင်းနေကြစဉ်။



အစ္စရေးနိုင်ငံတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားတစ်ဦး တဲလ်အဗီးမြို့ရှိ မြန်မာသံရုံးတွင် ကြိုတင်ဆန္ဒမဲပေးစဉ်။



မြန်မာနိုင်ငံသားတစ်ဦး ကိုင်ရိုမြို့ရှိ မြန်မာသံရုံးတွင် ကြိုတင်ဆန္ဒမဲပေးစဉ်။



နီပေါနိုင်ငံတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားတစ်ဦး ခတ္တမန္ဒူမြို့ရှိ မြန်မာသံရုံးတွင် ကြိုတင်ဆန္ဒမဲပေးစဉ်။

# အားလုံးရဲ့ ကြိုးစားအားထုတ်မှုတွေကို ဒီအချိန်မှာ နှစ်ဆတိုးပြီး လုပ်မှသာလျှင် ကိုဗစ်ကို နှစ်ဆတိုးပြီး အနိုင်ရရှိမှာ ဖြစ်ပါတယ်

ပါမောက္ခ ဒေါက်တာဇော်ဝေစိုး

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်းပြီး ရန်ကုန်တိုင်းဒေသကြီး ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ (၁)၊ ဆေးတက္ကသိုလ် – ၁ (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုးနှင့် မြန်မာ့ရုပ်မြင်သံကြားမှ သတင်းအဖွဲ့က အောက်တိုဘာ ၄ ရက်တွင် ဆက်သွယ်မေးမြန်းထားသည်များကို ပြန်လည် ဖော်ပြလိုက်ပါသည် –

> ❖ ပြည်သူလူထုကို အလွန်ကိုချီးကျူးဖို့၊ ဂုဏ်ယူဖို့ ကောင်းပါတယ်။ အားရဖို့ ကောင်းပါတယ်။ ဒါကျွန်တော် ဥပမာတစ်ခု ပြောတာပါ။ လုပ်အားတတ်နိုင်တဲ့ သူက လုပ်အားနဲ့ ကူညီတယ်။ ငွေကြေးတတ်နိုင်တဲ့သူက ငွေကြေးနဲ့ ကူညီတယ်။ စိတ်ဓာတ်ပိုင်းဆိုင်ရာ တတ်နိုင်သူက စိတ်ဓာတ်ပိုင်းဆိုင်ရာနဲ့ ကူညီပြီးတော့၊ ကျွန်တော်တို့ရဲ့ Covid Medical Centre တွေမှာ ပါဝင်မှုက တကယ့်ကို အံ့မခန်း အံ့ဩလောက်ပါတယ်။ ဒါကြောင့် ပြည်သူလူထုကို ကျွန်တော် အထူးကျေးဇူးတင်ပါတယ်။ ဒါကို ဆက်ပြီးထိန်းထားဖို့ လိုပါတယ်

**ပါမောက္ခ ဒေါက်တာဇော်ဝေစိုး [ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ် – ၁ (ရန်ကုန်)]**

ကျွန်တော်တို့ ရန်ကုန်မှာ ကိုဗစ်အခြေအနေက ၆၇၄ ဦးရှိပါတယ်။ ယခင် ရက်တွေနဲ့စာရင် ဒါလျော့ကျလာတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ စစ်ဆေးမှုတွေ များပေမယ့် အရေအတွက်က တက်မလာဘူး၊ လျော့ကျလာတယ်ဆိုတာ အခြေအနေကောင်းတယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဒါပေမယ့် သေချာပေါက်တော့ ပြောလို့မရသေးပါဘူး။

မြန်မာတစ်ပြည်လုံးမှာ စစ်ဆေးမှုတွေ ၈၁၉၅ ဦး စစ်ဆေးပြီး ၉၇၀ ကျော် ကျွန်တော်တို့ ရခဲ့တယ်။ ဒီထဲမှာ ရန်ကုန်တိုင်းက ၆၇၄ ဦးရှိပါတယ်။ ကျွန်တော်တို့ အခြေအနေ တိုးတက်လာတယ်၊ ကောင်းလာတယ်လို့ ယူဆလို့ရပါတယ်။

ဒါဟာ ကျွန်တော်တို့ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ခဲ့ကြလို့ ဖြစ်ပါတယ်။ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ပြီးတော့ စည်းကမ်းတွေ လိုက်နာခဲ့ကြတယ်။ လိုအပ်တဲ့နေရာတွေမှာ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးကြတယ်။ ဒီဟာအားလုံးကိုလည်း ကျေးဇူးတင်ဖို့ ကောင်းပါတယ်။ ဦးစီးဦးဆောင်ပြုတဲ့ နိုင်ငံတော်နဲ့၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကိုလည်း အထူးကျေးဇူးတင်ပါတယ်။

ပြည်သူလူထုပါဝင်မှုဟာ တကယ့်ကို အားရဖို့ ကောင်းပါတယ်။ ကျွန်တော်တွေ့ခဲ့တဲ့ ဥပမာတစ်ခုကို ပြောပြပါမယ်။ မုန့်ဖက်ထုပ်ရောင်းတဲ့သူက ကိုဗစ်စင်တာကို မုန့်ဖက်ထုပ် လှူပါတယ်။ ဒီလိုမျိုးပါဝင်မှုက တကယ်တော့ ပြည်သူလူထုကို အလွန်ကိုချီးကျူးဖို့၊ ဂုဏ်ယူဖို့ ကောင်းပါတယ်။ အားရဖို့ ကောင်းပါတယ်။ ဒါကျွန်တော် ဥပမာတစ်ခု ပြောတာပါ။ လုပ်အားတတ်နိုင်တဲ့သူက လုပ်အားနဲ့ကူညီတယ်။ ငွေကြေး တတ်နိုင်တဲ့သူက ငွေကြေးနဲ့ ကူညီတယ်။ စိတ်ဓာတ်ပိုင်းဆိုင်ရာ တတ်နိုင်သူက စိတ်ဓာတ်ပိုင်းဆိုင်ရာနဲ့ ကူညီပြီးတော့၊ ကျွန်တော်တို့ရဲ့ Covid Medical Centre တွေမှာ ပါဝင်မှုက တကယ့်ကိုအံ့မခန်း အံ့ဩလောက်ပါတယ်။ ဒါကြောင့် ပြည်သူလူထုကို ကျွန်တော် အထူးကျေးဇူးတင်ပါတယ်။ ဒါကို ဆက်ပြီးထိန်းထားဖို့ လိုပါတယ်။

ယခုလိုမျိုး ပူးပေါင်းပါဝင်မှုတွေ တစ်ဦးချင်း၊ တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ တစ်ယောက်ချင်းစီရဲ့ ပါဝင်မှုတွေကို ဆက်ပြီး ထိန်းထားနိုင်မယ်ဆိုရင် ဒီကိုဗစ် – ၁၉ ကို ကျော်လွှားအနိုင်ယူနိုင်မယ်လို့ ထင်ပါတယ်။ ရန်ကုန်ကနေ၊ မြန်မာပြည်ကနေ အပြီးတိုင်တိုက်ထုတ်နိုင်မယ်လို့ မြင်ပါတယ်။ ဒါဟာ လမ်းစပေါ်ကို ရောက်နေပြီလို့ မြင်ပါတယ်။

ရန်ကုန်အနေနဲ့ဆိုရင် ယခင်တုန်းက နောက်ကနေ လိုက်ခဲ့ရပါတယ်။ လူနာတွေက Positive ဖြစ်တဲ့ ပိုးတွေ့လူနာတွေက ထွက်လာတယ်၊ များလာတယ်။ သူတို့ကို ကုသဖို့အတွက် စင်တာတွေကို တစ်ခုပြီးတစ်ခု တိုးပြီး ဆောက်ပြီးတော့ သူတို့ကို ထားဖို့အတွက်၊ သူတို့ကို ကုသဖို့အတွက်၊ စောင့်ရှောက်ဖို့အတွက် နေရာတွေ၊ ခုတင်တွေ ရှာရပါတယ်။ ကျွန်တော်တို့က နောက်က လိုက်ခဲ့ရတယ်။ ယခုကျွန်တော်တို့ ရှေ့မှာ ရှိနေပါပြီ။ ယခုလူနာတိုင်းကို နေရာပေးပြီး ကုသပေးနိုင်တဲ့အပြင် ယခုအချိန်မှာ လူနာတွေအတွက် ခုတင်လွတ်တွေ ရှိနေပါတယ်။ နေရာလွတ်တွေ ရှိနေပါတယ်။ အင်အားတွေလည်း ရှိနေပါတယ်။ ဒါကြောင့် ဒီနေ့ဆိုရင် အားလုံးကို စနစ်တကျ အသေအချာ ပြုစုစောင့်ရှောက်နိုင်တဲ့ အနေအထားတွေ ဖြစ်လာပါတယ်။

ပြုစုကုသမှုအနေနဲ့ ပြောမယ်ဆိုရင် ယခင်တုန်းက ဆေးရုံအသစ်တစ်ခု အသားမကျခင်မှာ လူနာတွေကို ကုသခဲ့ရတာဖြစ်တဲ့အတွက် အကြောင်းအမျိုးမျိုးနဲ့ လိုအပ်ချက်တွေ ရှိနိုင်ပါတယ်။ ယခုအခါမှာတော့ ကိုဗစ်စင်တာတွေဟာ အသားကျလာပါတယ်။ ကိုဗစ်စင်တာတွေမှာ အလုပ်လုပ်နေတဲ့ ဆရာဝန်၊ ဆရာမ၊ ဝန်ထမ်း၊ စေတနာ့ဝန်ထမ်းတွေ အားလုံးက သူ့နေရာနဲ့သူ၊ သူ့ရဲ့အလုပ်နဲ့သူ ပုံမှန်လည်ပတ် ဆောင်ရွက်နိုင်ပြီးတော့ အသားတကျ၊ စနစ်တကျနဲ့ အရည်အသွေးရှိရှိ ဆောင်ရွက်လာနိုင်တဲ့အတွက် ပြုစုကုသမှုတွေဟာလည်း ပိုမိုပြီးကောင်းမွန်လာပါတယ်။

ဒါကြောင့်လည်း အားလုံးမြင်တဲ့အတိုင်းပဲ သေဆုံးနှုန်းကအစ ကျလာတာ ဖြစ်ပါတယ်။ ယခင်ကနဲ့စာရင် အရေအတွက်တွေ လျော့နည်းလာပြီး Case Fatality Rate က ပြန်လည်ပြီးတော့ လျော့ကျပြီး ကောင်းမွန်လာတာ ဖြစ်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ အသာစီးရ၊ အပေါ်ကရ၊ အနိုင်ရရှိလာတဲ့ လမ်းစလို့ ထင်ပါတယ်။ ဒါပေမယ့် ဒါကို ထင်ပါတယ်လို့ပဲ ပြောပါသေးတယ်။ ဒါကို ပိုင်နေနိုင်ပြီလို့ မပြောပါဘူး။

အားလုံးရဲ့ ကြိုးစားအားထုတ်မှုတွေကို ဒီအချိန်မှာ နှစ်ဆတိုးပြီးတော့ လုပ်မှသာလျှင် ကိုဗစ်ကို နှစ်ဆတိုးပြီး အနိုင်ရရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒါဟာ အားလုံးဆောင်ရွက်ရမယ့်၊ တစ်ဦးချင်း၊ တစ်ယောက်ချင်းရဲ့ အခန်းကဏ္ဍအလိုက် ဆောင်ရွက်ရမယ့်ကိစ္စ ဖြစ်ပါတယ်။ ဒါကြောင့် အားမလျှော့လိုက်ပါနဲ့၊ ဆက်လက်ပြီးတော့ အားအင်အပြည့်နဲ့ ဆက်လက်ပြီး တွန်းလှန်တိုက်ခိုက်ပေးကြပါလို့ အားလုံးကို ဒီနေရာကနေပြီး ပန်ကြားလိုပါတယ်။

ဒ့ါအပြင် ကျန်းမာရေးနဲ့ စောင့်ရှောက်မှုပေးနေတဲ့ သူတွေအားလုံး ဆရာဝန်၊ ဆရာမ၊ သူနာပြုမှအစ စေတနာ့ဝန်ထမ်းများအားလုံးကိုလည်းပဲ အထူးကျေးဇူးတင်ပါတယ်။ အထူးပဲ ဒီနေရာကနေပြီးတော့ ဂုဏ်ယူပြီး အလေးပြုပါတယ်။ ဆက်လက်ပြီး အားနဲ့၊ အင်နဲ့၊ တောင့်ပြီး၊ တွန်းပြီး ထားကြပါဦး။ ဆက်လက်ပြီး စွန့်လွှတ်ကြပါဦး။ ဆက်လက်ပြီး ဒုက္ခဆင်းရဲခံပြီး ဒါကို တိုက်ခိုက်ပေးကြပါဦး။ ဒီနေရာကနေ အနူးအညွတ် ပန်ကြားအပ်ပါတယ်။

ကျွန်တော်တို့တွေ အောင်နိုင်၊ နိုင်နိုင်မယ့်လမ်းစပေါ်ကို ရောက်လာပါပြီလို့ မြင်ပါတယ်။ ယခုလိုမျိုး ကိုဗစ်နဲ့ပတ်သက်ပြီး ယခုလို အချိန်အခါမျိုးမှာ အားလုံးစုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့၊ အားလုံးပါဝင်ပြီးတော့ ယခုလိုမျိုး ဆောင်ရွက်တာဟာ တိုင်းပြည်အတွက် ကျွန်တော်ထင်ပါတယ်၊ ယခင်တုန်းက ပထမလှိုင်းပေါ့နော်၊ ပထမလှိုင်းတုန်းကလည်း ကျွန်တော်တို့ တိုင်းပြည်ဟာ ကမ္ဘာပေါ်မှာ ထူးထူးခြားခြား အောင်မြင်ခဲ့တဲ့ တိုင်းပြည်ဖြစ်သလို၊ ယခုလို ဒုတိယလှိုင်းမှာလည်း ထူးထူးခြားခြား အောင်မြင်မယ့် တိုင်းပြည်တစ်ခုဖြစ်ဖို့ အတွက် ဝိုင်းဝန်းပြီးတော့ တိုင်းပြည်ရဲ့သိက္ခာ၊ ဂုဏ်ကို ကမ္ဘာ့အလယ်မှာ ရပ်တည်နိုင်အောင် ဝိုင်းဝန်းပေးကြပါလို့ ဒီနေရာကနေ အနူးအညွတ် မေတ္တာရပ်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

ထက်လျှံ

## ရန်ကုန်မြို့ရှိ Quarantine Center များနှင့် ဆေးရုံ၊ဆေးခန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်အမှိုက်များအား စနစ်တကျ မီးရှို့ဖျက်ဆီး

**ရန်ကုန် အောက်တိုဘာ ၅**

ရန်ကုန်မြို့ရှိ Quarantine Center များ၊ ဆေးရုံ၊ ဆေးခန်းများနှင့် သွားလာမှု ကန့်သတ်ထားသည့် နေရာများမှ ထွက်ရှိလာသည့် စွန့်ပစ်အမှိုက်များကို ပတ်ဝန်းကျင်ရှိ ပြည်သူများ ရောဂါကူးစက်မှုမရှိစေရန်အတွက် စနစ်တကျ သိမ်းဆည်းကာ **(ယာပုံ)** မီးရှို့ဖျက်ဆီးလျက်ရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သိရသည်။



“ဆေးရုံ၊ ဆေးခန်းက စွန့်ပစ်တဲ့ အမှိုက်တွေကို ဗြိုလကစပြီး သိမ်းဆည်းတယ်။ ဝန်ထမ်းတွေကိုလည်း သီးခြားထားရှိပြီး အမှိုက်တွေ သိမ်းဆည်းစေပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ပေါင်းပြီး သူတို့ကို ဆေးစစ်တာတွေ လုပ်ပေးပါတယ်။ နောက်ပြီး သီးခြားနေထိုင်စေပါတယ်။ ကျန်းမာရေးနဲ့ ပတ်သက်ပြီး လိုက်နာရမယ့် အချက်တွေကို တိတိကျကျလိုက်နာဖို့ နေ့စဉ် လမ်းညွှန် မှာကြားပါတယ်”ဟု ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဒုတိယဌာနမှူး ညွှန်ကြားရေးမှူး ဒေါက်တာ အောင်မြင့်မော်က ပြောသည်။

ယခင်က Quarantine Center များ၊ ဆေးရုံ၊ ဆေးခန်းများနှင့် သွားလာမှု ကန့်သတ်ထားသည့် နေရာများမှ ထွက်ရှိလာသည့် စွန့်ပစ် အမှိုက်များကို ယာဉ်ခြောက်စီး၊ ဝန်ထမ်းအင်အား ၃၀ ဖြင့် နေ့စဉ် သိမ်းဆည်းပေးခဲ့ရာမှ ဩဂုတ်လမှ စတင်ကာ နေ့စဉ်ထွက်ရှိလာသည့် စွန့်ပစ်အမှိုက်များမှာ ယခင်ထက် သုံးဆပိုများလာသဖြင့် ယာဉ် ၁၅ စီး ဝန်ထမ်းအင်အား ၉၀ တိုးချဲ့ကာ အမှိုက်များကို သိမ်းဆည်းမီးရှို့ ဖျက်ဆီးပေးလျက်ရှိကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေး ဌာနမှ သိရသည်။

ထို့အတူ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးခဲ့သူများအား မီးသင်္ဂြိုဟ်ရန်အတွက် ယာဉ်နှစ်စီး၊ ဝန်ထမ်းငါးဦးဖြင့် ဆောင်ရွက်ပေးခဲ့ရာမှ ယခုအခါ ကိုဗစ်–၁၉ ရောဂါကြောင့် လူသေဆုံးမှု များပြားလာသည့်အတွက် ယာဉ်သုံးစီး၊ ဝန်ထမ်း ၁၀ ဦးဖြင့် အင်အားတိုးချဲ့ကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

“ဩဂုတ်လကစပြီး Quarantine Center များလာတယ်။ အမှိုက်ထွက်ရှိမှုကလည်း အရင်ကထက် သုံးဆပိုများလာတယ်။ ဝန်ထမ်းအင်အားနဲ့ ယာဉ်တွေကို တိုးချဲ့ဖွဲ့စည်းပြီး နေ့စဉ်ထွက်ရှိလာတဲ့ အမှိုက်တွေ သိမ်းဆည်းပါတယ်။ အမှိုက်တွေ မသိမ်းဆည်းခင် ဆေးဖျန်းတာတွေ လုပ်တယ်။ အလုံပိတ်ယာဉ်တွေနဲ့ တင်ပြီး အမှိုက်စွန့်ပစ်ရတဲ့ နေရာတွေမှာ မီးရှို့ဖျက်ဆီးတယ်။ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူတွေကို ဆေးရုံတွေက သွားသယ်တာတွေ မီးသင်္ဂြိုဟ်တာတွေ လုပ်တဲ့အခါမှာလည်း ရောဂါကာကွယ်ရေးဝတ်စုံ ဝတ်ဆင်ပြီးမှ ဆောင်ရွက်တာပါ။ ရန်ကုန်မှာ သေဆုံးရင် ထိန်ပင်မှာ သင်္ဂြိုဟ်ပေးပါတယ်။ ဖောင်ကြီးမှာ သေဆုံးရင် ဖောင်ကြီးမှာရှိတဲ့ မီးသင်္ဂြိုဟ်စက်မှာပဲ သင်္ဂြိုဟ်ပေးပါတယ်”ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ညွှန်ကြားရေးမှူး ဒုတိယဌာနမှူး ဒေါက်တာ အောင်မြင့်မော်က ပြော သည်။

ရန်ကုန်မြို့ရှိ Quarantine Center များ၊ ဆေးရုံ၊ ဆေးခန်းများနှင့် သွားလာမှု ကန့်သတ်ထားသည့် နေရာများမှ နေ့စဉ်ထွက်ရှိလာသည့် အမှိုက်တန်ချိန် ၄၀ ကျော်ကို လှိုင်သာယာမြို့နယ် ထိန်ပင်သုသာန်နှင့် ဖောင်ကြီးရှိ အမှိုက်မီးရှို့စက်တွင် ထည့်ကာ မီးရှို့ဖျက်ဆီးလျက်ရှိကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သိရသည်။

သတင်း–မင်းသစ်(MNA)

ဓာတ်ပုံ–အောင်မြင့်မော်

# ရောဂါလက္ခဏာရှိလျှင် မြန်မြန်ဆန်ဆန်ပြသဖို့လို



ကိုဗစ်ရောဂါနဲ့ ပတ်သက်လို့ ကူးစက်မှုဟာ ရောဂါလက္ခဏာရှိလို့ လာပြီးစစ်တဲ့ လူတွေထဲမှာဆိုရင် ၂၃ ဒသမ ၆ ရာခိုင်နှုန်းဟာ ရောဂါရှိတယ်ဆိုတာ တွေ့ရပါတယ်။ နောက်ပြီးတော့ ရောဂါရှိတဲ့သူနဲ့ တွေ့ ထိတွေ့မှုရှိလို့ လာပြီးတော့ အစစ်ခံတဲ့သူတွေထဲမှာဆိုရင် ၁၈ ဒသမ ၉ ရာခိုင်နှုန်းဟာ ရောဂါရှိတာကို တွေ့ရပါတယ်။ ပြည်ပ ဒါမှမဟုတ် ရောဂါပြန့်ပွားနေတဲ့ ပြည်တွင်းနေရာတွေကနေပြီးတော့ လာတဲ့လူတွေကို စစ်လိုက်တဲ့အခါမှာ ၁ ဒသမ ၈ ရာခိုင်နှုန်းဟာ ရောဂါပိုးရှိတယ်ဆိုတာကို တွေ့ရပါတယ်။ အရေးကြီးတာကတော့ ကိုယ့်မှာ ရောဂါလက္ခဏာရှိတာနဲ့ မြန်မြန်ဆန်ဆန် သွားပြဖို့ပါပဲ။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အောက်တိုဘာ ၂ ရက်တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ကိုဗစ်–၁၉ ရောဂါပိုးရှိသူ ၉၈၇ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၁၈၇၈၁ ဦး ရှိသွားပြီ

နေပြည်တော် အောက်တိုဘာ ၅

အောက်တိုဘာ ၄ ရက် ည ၈ နာရီမှ အောက်တိုဘာ ၅ ရက် ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ ၈၂၈၅ ခုအား စစ်ဆေးခဲ့ရာ ကိုဗစ်–၁၉ ရောဂါပိုးရှိသူ ၉၈၇ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၁၈၇၈၁ ဦး ရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၁၈၇၈၁ ဦးအနက် သေဆုံးသူ ၄၄၄ ဦးနှင့် ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၅၅၄၈ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

ယနေ့ စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာပေါင်း - ၈၂၈၅

| ယနေ့ ပိုးတွေ့လူနာအသစ် | ယနေ့ သေဆုံးလူနာအသစ် | ယနေ့ ဆေးရုံမှ ဆင်းခွင့်ရသူ |
|---|---|---|
| ၉၈၇ | ၃၂ | ၃၅၃ |

စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း - ၃၃၂၈၇၅

| ပိုးတွေ့လူနာ စုစုပေါင်း | သေဆုံးလူနာ စုစုပေါင်း | ဆေးရုံမှဆင်းခွင့်ရသူ စုစုပေါင်း |
|---|---|---|
| ၁၈၇၈၁ | ၄၄၄ | ၅၅၄၈ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိရသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန 5-၁၀-၂၀၂၀ရက်၊ ည (၈) နာရီ

## ရခိုင်ပြည်နယ် ကျောက်တော်မြို့သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ကမ္ဘောဇဘဏ် ပေးပို့လှူဒါန်း

**ကျောက်တော် အောက်တိုဘာ ၅**

ကမ္ဘောဇဘဏ်သည် ရခိုင်ပြည်နယ် ကျောက်တော်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးသို့ ယနေ့နံနက်ပိုင်းတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

အခမ်းအနားတွင် ကမ္ဘောဇဘဏ် (ကျောက်တော်ဘဏ်ခွဲ) တာဝန်ခံ ဒုတိယမန်နေဂျာ ဦးဇော်လင်းထွန်းနှင့် ဝန်ထမ်းများက ပိုးတွေ့လူနာများနှင့် ၎င်းတို့အား ကျန်းမာရေးစောင့်ရှောက်မှု ပေးနေကြသည့် ဝန်ထမ်းများအတွက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြု ပစ္စည်းများဖြစ်သည့် ဆေးရုံသုံး နှာခေါင်းစည်း ၁၀၀၀၀၊ ခေါင်းစွပ် ၅၀၀၊ လက်အိတ် ၁၀၀၀၊ မျက်နှာအကာ ၂၀၀၊ လက်သန့်ဆေးရည်ဘူးကြီး ၂၀၀၊ ရောဂါကာကွယ်ရေးဝတ်စုံ ၃၀၊ မျက်မှန် ၃၀ နှင့် ဆေးရုံကြီးအတွက် ကိုဗစ် -၁၉ ရောဂါ ဖြစ်ပွားနေချိန်ကာလ အထွေထွေအသုံးပြုနိုင်ရန် ငွေကျပ် သိန်း ၅၀ တို့ကို ဆေးရုံအစည်းအဝေးခန်းမ၌ ပေးအပ်လှူဒါန်းရာ ကျောက်တော်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာသန်းထွန်းဦးနှင့် ဆရာဝန်၊ သူနာပြုများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ကမ္ဘောဇဘဏ်သည် ကိုဗစ်–၁၉ ရောဂါ မဖြစ်ပွားခင်အချိန် ဖေဖော်ဝါရီ ၂၆ ရက်မှစတင်၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များအတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ငွေကျပ် ၇၄၁၈၆ သိန်း လှူဒါန်းထားရှိပြီး ဆက်လက်၍လည်း နိုင်ငံတော်နှင့် ပြည်သူအတွက် လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာဒေသမရွေး၊ လိုအပ်သည့်အချိန်၊ လိုအပ်သည့်နေရာ၊ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ် ပေးပို့လှူဒါန်းရန် စီစဉ်ထားရှိကြောင်း သိရသည်။

**ကိုကျော်**

## ၅-၁၀-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၆၃၈၅၉၆ | ၄၈၄၉၅၃၉ | ၂၁၄၆၂၉ |
| ၂။ | အိန္ဒိယ | ၆၆၂၆၂၉၁ | ၅၅၈၆၇၀၃ | ၁၀၂၇၄၆ |
| ၃။ | ဘရာဇီး | ၄၉၁၅၂၈၉ | ၄၂၆၃၂၀၈ | ၁၄၆၃၇၅ |
| ၄။ | ရုရှား | ၁၂၂၅၈၈၉ | ၉၈၂၃၂၄ | ၂၁၄၇၅ |
| ၅။ | ကိုလံဘီယာ | ၈၅၅၀၅၂ | ၇၆၁၆၇၄ | ၂၆၇၁၂ |
| ၆။ | ပီရူး | ၈၂၈၁၆၉ | ၇၀၆၂၂၃ | ၃၂၇၄၂ |
| ၇။ | စပိန် | ၈၁၀၈၀၇ | စိစစ်ဆဲ | ၃၂၀၈၆ |
| ၈။ | အာဂျင်တီးနား | ၇၉၈၄၈၆ | ၆၃၆၆၇၂ | ၂၁၀၁၈ |
| ၉။ | မက္ကဆီကို | ၇၆၁၆၆၅ | ၅၅၀၀၅၃ | ၇၉၀၈၈ |
| ၁၀။ | တောင်အာဖရိက | ၆၈၁၂၈၉ | ၆၁၄၇၈၁ | ၁၆၉၇၆ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၅- ၁၀ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၃၂၄၇၆၂ | ၂၇၃၁၂၃ | ၅၈၄၀ |
| အင်ဒိုနီးရှား | ၃၀၇၁၂၀ | ၂၃၂၅၉၃ | ၁၁၂၅၃ |
| စင်ကာပူ | ၅၇၈၁၉ | ၅၇၅၇၅ | ၂၇ |
| မြန်မာ | ၁၈၇၈၁ | ၅၅၄၈ | ၄၄၄ |
| မလေးရှား | ၁၂၈၁၃ | ၁၀၃၄၀ | ၁၃၇ |
| ထိုင်း | ၃၅၉၀ | ၃၃၉၀ | ၅၉ |
| ဗီယက်နမ် | ၁၀၉၇ | ၁၀၂၂ | ၃၅ |
| ကမ္ဘောဒီးယား | ၂၈၀ | ၂၇၅ | ၀ |
| ဘရူနိုင်း | ၁၄၆ | ၁၄၂ | ၃ |
| လာအို | ၂၃ | ၂၂ | ၀ |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၅-၁၀-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၄-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၂၉၄) ဦး ၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | ပန်းပဲတန်း | ၁၁၅ |
| | | စမ်းချောင်း | ၁၀၁ |
| | | လှိုင်သာယာ | ၉၇ |
| | | မြောက်ဥက္ကလာပ | ၉၂ |
| | | မင်္ဂလာဒုံ | ၅၇ |
| | | တောင်ဥက္ကလာပ | ၅၆ |
| | | သန်လျင် | ၅၆ |
| | | မရမ်းကုန်း | ၄၆ |
| | | မင်္ဂလာတောင်ညွန့် | ၄၀ |
| | | ဒေါပုံ | ၃၉ |
| | | လှိုင် | ၃၇ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၃၃ |
| | | အင်းစိန် | ၂၉ |
| | | သာကေတ | ၂၆ |
| | | ဗဟန်း | ၂၄ |
| | | ဒလ | ၂၃ |
| | | ရွှေပြည်သာ | ၂၂ |
| | | သဃ်္ဃန်းကျွန်း | ၁၉ |
| | | အလုံ | ၁၄ |
| | | ကြည့်မြင်တိုင် | ၁၂ |
| | | တာမွေ | ၁၂ |
| | | ထန်းတပင် | ၉ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၉ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၈ |
| | | လမ်းမတော် | ၇ |
| | | လသာ | ၇ |
| | | ပုဇွန်တောင် | ၇ |
| | | ဗိုလ်တထောင် | ၇ |
| | | သုံးခွ | ၆ |
| | | ကွမ်းခြံကုန်း | ၆ |
| | | တိုက်ကြီး | ၅ |
| | | ဒဂုံ | ၅ |
| | | ကမာရွတ် | ၄ |
| | | မှော်ဘီ | ၄ |
| | | ရန်ကင်း | ၃ |
| | | ဒဂုံဆိပ်ကမ်း | ၃ |
| | | ကျောက်တံတား | ၁ |
| | | လှည်းကူး | ၁ |
| | | စုစုပေါင်း | ၁,၀၄၂ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ညောင်ဦး** | ၁၃ |
| | | အောင်မြေသာဇံ | ၇ |
| | | အမရပူရ** | ၂ |
| | | မြစ်သား** | ၂ |
| | | မိတ္ထီလာ** | ၃ |
| | | သာစည်** | ၁ |
| | | ဝမ်းတွင်း** | ၁ |
| | | တောင်သာ** | ၄ |
| | | မိုးကုတ်* | ၃ |
| | | ပြည်ကြီးတံခွန်** | ၃ |
| | | ပြင်ဦးလွင် | ၂ |
| | | ရမည်းသင်း** | ၁ |
| | | စုစုပေါင်း | ၄၂ |
| ၃။ | ရခိုင်ပြည်နယ် | စစ်တွေ | ၇၄ |
| | | မြောက်ဦး | ၂၉ |
| | | ဘူးသီးတောင် | ၄ |
| | | မောင်တော | ၂ |
| | | ကျောက်ဖြူ | ၂ |
| | | ပုဏ္ဏားကျွန်း | ၁ |
| | | စုစုပေါင်း | ၁၁၂ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ပြည် | ၂ |
| | | ပဲခူး | ၁ |
| | | မင်းလှ | ၁ |
| | | တောင်ငူ | ၁ |
| | | စုစုပေါင်း | ၅ |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး | မအူပင် | ၈ |
| | | ဟင်္သာတ | ၁ |
| | | ကန်ကြီးထောင့် | ၁ |
| | | မြန်အောင် | ၁ |
| | | စုစုပေါင်း | ၁၁ |
| ၆။ | မွန်ပြည်နယ် | ရေး | ၁၆ |
| | | သံဖြူဇရပ် | ၃ |
| | | မော်လမြိုင် | ၁ |
| | | သထုံ | ၁ |
| | | မုဒုံ | ၁ |
| | | စုစုပေါင်း | ၂၂ |
| ၇။ | မကွေးတိုင်းဒေသကြီး | မကွေး | ၄ |
| | | ရေနံချောင်း | ၄ |
| | | ဆင်ပေါင်ဝဲ*** | ၂ |
| | | မင်းဘူး | ၂ |
| | | မြို့သစ် | ၁ |
| | | နတ်မောက် | ၁ |
| | | သရက်*** | ၁ |
| | | ပခုက္ကူ | ၁ |
| | | စုစုပေါင်း | ၁၆ |
| ၈။ | နေပြည်တော် | ပုဗ္ဗသီရိ*** | ၃ |
| | | ဇမ္ဗူသီရိ | ၂ |
| | | တပ်ကုန်း** | ၂ |
| | | စုစုပေါင်း | ၇ |
| ၉။ | စစ်ကိုင်းတိုင်းဒေသကြီး | ယင်းမာပင် | ၅ |
| | | တန့်ဆည် | ၄ |
| | | မုံရွာ | ၃ |
| | | ပုလဲ | ၂ |
| | | စုစုပေါင်း | ၁၄ |
| ၁၀။ | တနင်္သာရီတိုင်းဒေသကြီး | ပုလော | ၁၃ |
| | | လောင်းလုံ | ၃ |
| | | ရေဖြူ | ၃ |
| | | သရက်ချောင်း | ၁ |
| | | စုစုပေါင်း | ၂၀ |
| ၁၁။ | ကရင်ပြည်နယ် | ကော့ကရိတ် | ၂ |
| | | ဘားအံ | ၁ |
| | | စုစုပေါင်း | ၃ |
| (၄-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | | (၁,၂၉၄) ဦး |

* ရန်ကုန်တိုင်းဒေသကြီးတွင် ဆေးကုသမှုခံယူလျက်ရှိသူ ဖြစ်ပါသည်။

** ကုန်တင်ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များအား စစ်ဆေးခြင်းမှ တွေ့ရှိသူများ ဖြစ်ပါသည်။

*** ပြည်ပမှ ပြန်လည်ရောက်ရှိလာပြီး အသွားအလာကန့်သတ်ထားရှိသူများ ဖြစ်ပါသည်။

မှတ်ချက်။ (၄-၁၀-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၂၉၄) ဦးတွင် အနံ့မရရှိသူ (၂၅၈) ဦး ပါရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၉၈၇ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၅-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၄-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၈,၂၈၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉၈၇) ဦး တွေ့ရှိ ရပါသည်။

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက် စစ်ဆေးလျက်ရှိပြီး အဆိုပါ စစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

**မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**

**(၅-၁၀ -၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၈,၂၈၅) ဦး | (၃၃၂,၈၇၅) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၉၈၇) ဦး | (၁၈,၇၈၀) ဦး |
| ဆေးရုံဆင်းခွင့် ရရှိသူ | (၃၅၃) ဦး | (၅,၅၄၈) ဦး |
| သေဆုံးလူနာ | (၃၂) ဦး | (၄၄၄) ဦး |

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ကန့်သတ်စောင့်ကြည့်ရေးစခန်းဝင် ဆရာ ဆရာမများအား အာဟာရရိက္ခာများနှင့် အလှူငွေများ လှူဒါန်း

သီပေါ အောက်တိုဘာ ၅

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူး၍ ၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲရုံများတွင် တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူး၊ ဒုတိယ မဲရုံမှူးအဖွဲ့ဝင်များအား မဲရုံလုပ်ငန်းဆိုင်ရာများကို သင်တန်းဖွင့်လှစ်ပို့ချပေးမည် ဖြစ်ရာ အဆိုပါသင်တန်းသို့ တက်ရောက်ရန် မိမိတို့ တာဝန်ကျသည့် ဒေသ၊ ကျောင်းများမှရောက်ရှိလာကြမည့် ပညာရေးဝန်ထမ်း ဆရာ ဆရာမများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် သီပေါမြို့ အခြေခံပညာအထက်တန်းကျောင်း သုံးကျောင်း၌ ဖွင့်လှစ်ထားသော ကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ဝင်ရောက်လျက်ရှိသည်။

ထိုသို့ ကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ဝင်ရောက်နေကြသော ဆရာ ဆရာမ ၁၅၀ တို့၏အာဟာရရိက္ခာအတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ အလှူငွေကျပ် သုံးသိန်းကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က မြို့နယ်ပညာရေးမှူး ဦးထိန်လင်းထံ ယနေ့မွန်းလွဲ ၂ နာရီတွင် မြို့နယ်ကော်မရှင်ရုံး၌ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(အောက်ပုံ)**

**စိုင်း(သီပေါ)**



# စီးပွားရေးဆိုင်ရာ ခရီးသွားလာမှုပြန်စရန် ဂျပန်နှင့်တောင်ကိုရီးယားတို့ သဘောတူသွားမည်

**တိုကျို အောက်တိုဘာ ၅**

ဂျပန်နှင့်တောင်ကိုရီးယားနှစ်နိုင်ငံကြား ယခုသီတင်းပတ်အစောပိုင်းတွင် စီးပွားရေးဆိုင်ရာခရီးသွားလာမှုပြန်လည်စတင်နိုင်ရေးအတွက် သဘောတူရန် အစီအစဉ်ရှိသည်ဟု သိရသည်။

ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုများကြောင့် ခရီးစဉ်များ ရပ်နားထားရာမှ ပြန်လည်ပြေးဆွဲရန် သဘောတူမည့် အစီအစဉ်လည်းဖြစ်သည်။ စီးပွားရေးလုပ်ငန်းအတွက် ကာလတိုခရီးသွားမည့်သူများ၊ ကာလရှည်ကြာနေထိုင်ခဲ့သည့်ဒေသခံများကို နှစ်နိုင်ငံစလုံးက လက်ခံပေးသွားမည်ဖြစ်ပြီး ၎င်းတို့အားလုံးသည် ကိုဗစ် - ၁၉ ကင်းစင်ကြောင်း ဆေးလက်မှတ် ပြသရန်လိုအပ်သည်ဟု သတင်းအရင်းအမြစ်တစ်ခုက ပြောသည်။

နှစ်နိုင်ငံအကြား ခရီးစဉ်များ ပြန်လည်ပြေးဆွဲခြင်းသည် အိမ်နီးချင်းနှစ်နိုင်ငံကြား ဆက်ဆံရေးတိုးတက်လာခြင်းဖြစ်သည်။ စစ်အတွင်းက တောင်ကိုရီးယားအလုပ်သမားများအတွက် ဂျပန်ကုမ္ပဏီများက နစ်နာကြေးပေးရန် တောင်ကိုရီးယားတရားရုံးကအမိန့်ချပြီးနောက် နှစ်နိုင်ငံအခြေအနေတင်းမာခဲ့သည်။

ဂျပန်ဝန်ကြီးချုပ်အသစ် ဆူဂါယိုရှီဟီဒဲနှင့် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းတို့ စက်တင်ဘာ ၂၄ ရက်က တယ်လီဖုန်းဖြင့်ပြောဆိုဆွေးနွေးပြီးနောက် စီးပွားရေးလုပ်ငန်းများအတွက် ခရီးသွားလာမှုကို ပြန်လည်စတင်ရန် သဘောတူခဲ့သည်။

တောင်ကိုရီးယားလူမျိုး ၅ ဒသမ ၅၈ သန်းမှာ ၂၀၁၉ ခုနှစ်အတွင်းဂျပန်နိုင်ငံသို့ လာရောက်ခဲ့ရာ တရုတ်နိုင်ငံပြီးလျှင် ဒုတိယအများဆုံး ဂျပန်နိုင်ငံသို့ဝင်ရောက်ကြသူများဖြစ်သည်ဟု ဂျပန်အမျိုးသား ခရီးသွားလုပ်ငန်းအဖွဲ့အစည်းက ပြောသည်။

အဆိုပါတောင်ကိုရီးယားခရီးသွားများထဲမှ ၃၁၀၀၀၀ မှာ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန် လာရောက်ခဲ့ကြခြင်းဖြစ်သည်။

ဂျပန်နိုင်ငံသည် ဖေဖော်ဝါရီလအတွင်းမှ စတင်ကာ ကိုဗစ် - ၁၉ ထိန်းချုပ်ရေးအတွက် နိုင်ငံခြားခရီးသွားများ ဝင်ရောက်ခြင်းကို ပိတ်ပင်ခဲ့သည်။

**ကျော်ဒိုး**






အမေရိကန်ပြည်ထောင်စု နယူးယောက်စီးတီး၌ နှာခေါင်းစည်းတပ်ဆင်ထားသူအချို့ကို တွေ့ရစဉ်။

# နယူးယောက်စီးတီးရှိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသည့်နေရာများကို အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှု ပြန်လည်လုပ်ဆောင်မည်

**နယူးယောက်စီးတီး အောက်တိုဘာ ၅**

နယူးယောက်စီးတီးရှိ ကိုဗစ် - ၁၉ ထပ်မံကူးစက်ဖြစ်ပွားနေသည့် နေရာများတွင် အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှုအစီအမံများ ပြန်လည်ချမှတ်ဆောင်ရွက်ရန် အာဏာပိုင်များက စီစဉ်လျက်ရှိသည်။ ကန့်သတ်ပိတ်ဆို့မှု ပြန်လည်လုပ်ဆောင်မည့် အစီအစဉ်ကို မြို့တော်ဝန် ဘီလ်ဒီဘလာစီယိုက အောက်တိုဘာ ၄ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ကြေညာခဲ့သည်။

ဘရွတ်ကလင်းနှင့်ကွင်းစ်ရှိ နေရာအများအပြားတို့တွင် အဝင်အထွက် ကန့်သတ်ပိတ်ဆို့မှု ပြန်လည်လုပ်ဆောင်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။ ပြီးခဲ့သည့် တစ်ပတ်အကြာက အဆိုပါနေရာများတွင် ကိုဗစ် - ၁၉ ပိုးတွေ့လူနာ ၃ ရာခိုင်နှုန်းအထက်ရှိကြောင်း သိရသည်။

စာသင်ကျောင်းများကို ပြန်ပိတ်မည်ဖြစ်ပြီး ကျောင်းသားများအနေဖြင့် အဝေးမှနေ၍ သင်ကြားသည့်စနစ်ကို ဆောင်ရွက်ရမည်ဖြစ်သည်။ အဆိုပါလူမှုအဖွဲ့များအတွင်း စီးပွားရေးလုပ်ငန်းများကိုလည်း ပိတ်သိမ်းမည်ဖြစ်ပြီး မရှိမဖြစ်လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်များ၊ ဈေးဝယ်ကုန်တိုက်များကိုသာ ဆက်လက်ဖွင့်ထားမည်ဖြစ်ကြောင်း သိရသည်။

နယူးယောက်စီးတီး၌ ပြန်လည်ချမှတ်မည့် အဝင်အထွက် ကန့်သတ်ပိတ်ဆို့မှုကာလမှာ နှစ်ပတ်ကြာမည်ဟု မြို့တော်ဝန်က ပြောသည်။ ကန့်သတ်ပိတ်ဆို့သည့် အမိန့်ကို နယူးယောက်ပြည်နယ် အုပ်ချုပ်ရေးမှူးက အတည်ပြုလိုက်ပြီးနောက် အောက်တိုဘာ ၇ ရက်မှ စတင်အသက်ဝင်မည်ဖြစ်ကြောင်း သိရသည်။

နယူးယောက်စီးတီးသည် အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ် - ၁၉ ကူးစက်ဖြစ်ပွားရာဗဟိုချက်ဖြစ်ခဲ့ပြီး ပြီးခဲ့သည့်မတ်လက အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှု ပြုလုပ်ခဲ့ပြီးဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ဆီးရီးယားအရေးအတွက် အီဂျစ်နိုင်ငံခြားရေးဝန်ကြီးနှင့် ကုလသမဂ္ဂအထူးသံတမန်တို့ တွေ့ဆုံ

**ကိုင်ရို အောက်တိုဘာ ၅**

အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဆမေးရှာကရီနှင့် ဆီးရီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန် ဂီယာပီဒါဆင်တို့ အောက်တိုဘာ ၄ ရက်က ဖုန်းဖြင့်ဆွေးနွေးခဲ့ကြပြီး ဆီးရီးယားနိုင်ငံ ပဋိပက္ခနှင့် ပတ်သက်ပြီး တိုးတက်မှုများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆီးရီးယားပဋိပက္ခတွင် နိုင်ငံရေးအရအဖြေရှာမှုများ တိုးတက်ရေးနည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်ဟု အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အာမက်ဟာဖက်ဇ်က ပြောသည်။

အီဂျစ်နိုင်ငံသည် ဆီးရီးယားနိုင်ငံမှ အကြမ်းဖက်သမားများနှင့် အစွန်းရောက်အုပ်စုများကို ထိပ်တိုက်ရင်ဆိုင်ရန် လိုအပ်ချက်များကို မီးမောင်းထိုးဖော်ပြခဲ့ပြီး ၎င်းတို့၏ ဒေသတွင်း ထောက်ခံသူများကိုလည်း ဖော်ပြခဲ့သည်။

အီဂျစ်နိုင်ငံခြားရေးဝန်ကြီးသည် မကြာသေးမီအချိန်က ဆီးရီးယားနိုင်ငံမှ လက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံခဲ့သည်ကို သိရှိရကြောင်း၊ ဆီးရီးယားပဋိပက္ခတွင် အီဂျစ်နိုင်ငံနှင့်အတူ လက်တွဲဖြေရှင်းသွားရန် စိတ်ပါဝင်စားကြောင်း ဆီးရီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန်က ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ပီရူးနိုင်ငံတွင် ကိုဗစ် -၁၉ကြောင့်သေဆုံးသူ လျော့နည်းလာသည်ကို တွေ့ရ

**လီမာ အောက်တိုဘာ ၅**

ပီရူးနိုင်ငံတွင်ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ် - ၁၉ ကြောင့် သေဆုံးသူ ၇၇ ဦးရှိခဲ့ရာ ကိုဗစ် - ၁၉ ကြောင့် သေဆုံးသူအရေအတွက်လျော့ကျလာပြီဟု ကျန်းမာရေးအာဏာပိုင်များက အောက်တိုဘာ ၄ ရက်တွင် ပြောကြားခဲ့သည်။ ပီရူးနိုင်ငံအတွင်း ကိုဗစ် - ၁၉ ကူးစက်ခံရသူပေါင်း ၈၂၈၁၆၉ ဦးရှိပြီး သေဆုံးသူ ၃၂၇၄၂ ဦးရှိသည်ဟု ပီရူးကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ကိုဗစ် -၁၉ကိုထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးဆိုင်ရာလုပ်ဆောင်မှုများကို အင်တိုက်အားတိုက် လုပ်ဆောင်လျက်ရှိသည်ဟု ကျန်းမာရေးဝန်ကြီး မီလာမာဇက်တီက ပြောသည်။

သို့သော်လည်း ယခုလက်ရှိတွင် ဥရောပနိုင်ငံများ၌ ကိုဗစ် - ၁၉ ဒုတိယလှိုင်းနှင့်ရင်ဆိုင်နေရရာပီရူးနိုင်ငံတွင်လည်း အလားတူ ဒုတိယလှိုင်းနှင့် ရင်ဆိုင်ရဖွယ်ရှိသည်။ ထို့ကြောင့် ဒုတိယလှိုင်းရိုက်ခတ်မှုမှာ အကာအကွယ်ပေးနိုင်ရေး နိုးနိုးကြားကြားရှိနေရန်လိုအပ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ပီရူးနိုင်ငံသည် အောက်တိုဘာ ၁ ရက်မှ စတင်ကာ နိုင်ငံ၏နေရာ အစိတ်အပိုင်းတော်တော်များများတွင် အသွားအလာကန့်သတ်မှုများကို ဖြေလျှော့ပေးခဲ့သည်။ အောက်တိုဘာ ၅ ရက်မှစတင်ကာ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းအချို့ကိုလည်း ပြန်လည်ပြေးဆွဲခွင့်ပြုခဲ့သည်။

**ဆင်ဟွာ**

# အမေဇုန်ကုမ္ပဏီ ဝန်ထမ်းပေါင်း ၂၀၀၀၀ နီးပါး ကိုဗစ် - ၁၉ ကူးစက်ခံခဲ့ရ

**ဆီယက်တယ်လ် အောက်တိုဘာ ၅**

ပြီးခဲ့သည့် မတ်လကတည်းက အမေဇုန်ကုမ္ပဏီရှိ ဝန်ထမ်းပေါင်း ၁၉၈၀၀ ကျော်အထိ ကိုဗစ်-၁၉ ကူးစက်ခံခဲ့ရကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်ဟု ကုမ္ပဏီက ပြောကြားခဲ့သည်။

အွန်လိုင်းစီးပွားရေးလုပ်ငန်းကြီးဖြစ်သည့် အမေဇုန်တွင် ဝန်ထမ်းပေါင်း ၁ဒသမ ၃၇ သန်းရှိရာ ယခုစစ်ဆေးတွေ့ရှိရသည့် ရောဂါကူးစက်မှုပမာဏမှာ ထင်ထားသည်ထက် နည်းပါးသည်ဟု အမေဇုန်ကုမ္ပဏီက ပြောသည်။

ကုမ္ပဏီရှိ ရောဂါကူးစက်ခံရသည့် ဝန်ထမ်းများနှင့် ပတ်သက်၍ အချက်အလက်များထုတ်ပြန်ရန် နှောင့်နှေးနေမှုနှင့် ကပ်ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း ကုမ္ပဏီရှိ ဝန်ထမ်းများအား အကာအကွယ်ပေးရေး အစီအစဉ်များ လုံလုံလောက်လောက်မရှိမှုအပေါ် ထောက်ပံ့ပို့ဆောင်ရေးဌာနများရှိ ဝန်ထမ်းများက ဝေဖန်ခဲ့ပြီးနောက်တွင် ကုမ္ပဏီက ရောဂါကူးစက်ခံရသည့်ဝန်ထမ်းအရေအတွက်ကို ထုတ်ပြန်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ဆီယက်တယ်လ်၌ ရုံးစိုက်ထားသည့် အမေဇုန်ကုမ္ပဏီက တစ်ရက်လျှင် ရောဂါစစ်ဆေးသည့် နေရာပေါင်း ၆၅၀ တို့၌ ဝန်ထမ်းပေါင်း ၅၀၀၀၀ အထိ စစ်ဆေးပေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။

ကုမ္ပဏီရှိ ဝန်ထမ်းများ ရောဂါစတင်ကူးစက်ခံရကတည်းက ကုမ္ပဏီ၏ အလုပ်ရုံများနှင့်သက်ဆိုင်ရာဌာနများတွင် ရောဂါကူးစက်မှုဆိုင်ရာ အချက်အလက်များကိုထုတ်ပြန်ပေးရန် ဝန်ထမ်းများက တောင်းဆိုခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



# အမေရိကန်သမ္မတဒေါ်နယ်ထရမ့် ကိုဗစ်-၁၉ ကူးစက်ခံရမှုမှ သက်သာလာပြီဖြစ်၍ မကြာမီ ဆေးရုံမှ ဆင်းရနိုင်ကြောင်း ဆေးအဖွဲ့ပြော

ဝါရှင်တန် အောက်တိုဘာ ၅

**အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ကိုဗစ်-၁၉ ရောဂါခံစားနေရမှုအခြေအနေ ကောင်းမွန်နေသောကြောင့် ယခုပုံစံအတိုင်းသာ ဆက်လက်တည်ငြိမ်ကောင်းမွန်နေမည်ဆိုပါက မကြာမီဆေးရုံမှ ဆင်းရနိုင်ကြောင်း ၎င်း၏ ဆေးဘက်ဆိုင်ရာအဖွဲ့က ပြောကြားလိုက်သည်။**



ကိုဗစ်-၁၉ ဆေးကုသမှုခံယူနေစဉ် အစည်းအဝေးခန်းတွင် အလုပ်လုပ်နေသော အမေရိကန်သမ္မတဒေါ်နယ်ထရမ့်။

သူ့အနေဖြင့် ယနေ့လို အခြေအနေမျိုးအတိုင်းသာ ကောင်းမွန်နေမည်ဆိုပါက မကြာမီ ဆေးရုံမှဆင်းပြီး အိမ်ဖြူတော်သို့ပြန်ရနိုင်ကြောင်း၊ အိမ်ဖြူတော်၌ပင် ဆေးကုသမှု ဆက်လက်ခံယူနိုင်ကြောင်း တနင်္ဂနွေနေ့ သတင်းစာရှင်းလင်းပွဲတွင် ၎င်း၏ဆေးအဖွဲ့က ပြောကြားလိုက်သည်။

အသက် ၇၄ နှစ်ရှိ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် ကြာသပတေးနေ့က ကိုဗစ်-၁၉ ကူးစက်ခံခဲ့ရပြီး နောက်တစ်နေ့ အောက်တိုဘာ ၂ ရက်တွင် စစ်ဆေးရုံတက်ကာ ဆေးကုသမှုခံယူခဲ့သည်။

အောက်တိုဘာ ၄ ရက်ညနေပိုင်းက အမေရိကန်သမ္မတထရမ့်သည် နှာခေါင်းစည်းတပ်ဆင်ပြီး ဝေါလ်တာရိဒ် အမျိုးသားစစ်ဆေးရုံ ဆေးဘက်ဆိုင်ရာဌာန အပြင်ဘက်သို့ ယာဉ်တန်းဖြင့် ခဏတာထွက်ခွာခဲ့ပြီး ၎င်း နေအမြန်ပြန်လည် ကောင်းမွန်စေရန် ဆန္ဒပြုနေသည့် ထောက်ခံသူများကို လက်ဝှေ့ယမ်းနှုတ်ဆက်ခဲ့သည်။

ကားအတွင်း သမ္မတထရမ့် လိုက်ပါစီးနင်းလာချိန်တွင် ထောက်ခံသူများက ပျော်ရွှင်စွာ တုံ့ပြန်ခဲ့ကြသည်။ ၎င်း၏ အပြုအမူအနေအထိုင်နှင့် ပတ်သက်ပြီး ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများ၏ တုံ့ပြန်ပြောဆိုခြင်းနှင့် ချက်ချင်းကြုံတွေ့ခဲ့ရသည်။ ၎င်း၏ အခြေအနေနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများ ကြီးထွားနေသော်လည်း သမ္မတထရမ့်၏ ပုံစံသည် ယခင်ဗီဒီယိုမှာ ဖော်ပြခဲ့သည့်ပုံစံထက် ပိုမိုကောင်းမွန်ပုံပေါ်ကြောင်း သိရသည်။

တွစ်တာဗီဒီယိုတွင် အမေရိကန်သမ္မတ ထရမ့်က ဗိုင်းရပ်စ်ကြောင့်ဖြစ်စေသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ဖျားနာမှုရောဂါခံစားရခြင်းသည် စိတ်ဝင်စားစရာကောင်းသော ခရီးတစ်ခုကို သွားရသလိုပဲဟု ပြောကြားလိုက်သည်။ မိမိအနေဖြင့် ကိုဗစ်-၁၉ ကို အများကြီးလေ့လာခဲ့ရကြောင်း၊ တကယ့်စာသင်ကျောင်းကို လက်တွေ့သွားပြီး လေ့လာခဲ့ခြင်းဖြစ်ကြောင်း၊ စာအုပ်ဖတ်စို့ဆိုသည့် ကျောင်းမဟုတ်ဘဲ တကယ့်လက်တွေ့ကျောင်းဖြစ်သည့်အတွက် ကိုဗစ်-၁၉ ကို တကယ့်ကိုနားလည်ခဲ့ကြောင်း သမ္မတထရမ့်က ပြောကြားလိုက်သည်။

ထရမ့်သည် ကိုဗစ်-၁၉ ကို လျှော့တွက်ခဲ့ပြီး ကာကွယ်တားဆီးရန် နှာခေါင်းစည်းမတပ်ဆင်သည့်အတွက် ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။

ယခုအခါတွင် အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၇ ဒသမ ၄ သန်းရှိပြီး သေဆုံးသူ ၂၁၀၀၀၀ ကျော်ရှိကြောင်း သိရသည်။ **ကျိုတို**



စပွတ်နစ်ဗီကာကွယ်ဆေးစမ်းသပ်ထိုးနှံမှုတွင် စေတနာရှင်အဖြစ်ပါဝင်လာသော ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မာဒူရို၏သားနှင့် သမ္မတကတော်တို့ကို တွေ့ရစဉ်။

# ဗင်နီဇွဲလားသမ္မတ မာဒူရို၏သား ကိုဗစ်-၁၉ ကာကွယ်ဆေးစပွတ်နစ်ဗီ စမ်းသပ်ထိုးနှံမှုတွင် ပါဝင်

**ကရာကက်စ် အောက်တိုဘာ ၅**

ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မာဒူရိုက ၎င်း၏သားသည် ကိုဗစ်- ၁၉ ကာကွယ်ဆေး စပွတ်နစ်ဗီစမ်းသပ်ထိုးနှံမှုတွင် ပါဝင်ခဲ့ကြောင်းအောက်တိုဘာ ၄ ရက်က ပြောကြားလိုက်သည်။ ရုရှားက အဆိုပါကာကွယ်ဆေးသည် ကမ္ဘာ့ပထမဆုံးအသိအမှတ်ပြုရမည့် ဆေးဖြစ်ကြောင်း ကြေညာလိုက်ချိန်တွင် ယင်းဆေးနှင့် ပတ်သက်ပြီး စိတ်ချရသည့်အနေအထားမရောက်သေးခင် သတိထားရဦးမည့် အနေအထားနှင့် ကြုံတွေ့နေသည်။

ကာကွယ်ဆေး ကနဦးအသုတ်သည် ဗင်နီဇွဲလားနိုင်ငံသို့ အောက်တိုဘာ ၂ ရက်က ရောက်လာကြောင်း အစိုးရကကြေညာခဲ့သည်။ ဗင်နီဇွဲလား စေတနာရှင် ကာကွယ်ဆေးထိုးနှံသူပေါင်း ၂၀၀၀ အဆိုပါ ကာကွယ်ဆေး စမ်းသပ်ထိုးနှံမှုတွင် ပါဝင်ခဲ့သည်။

ယခုလိုကာကွယ်ဆေးကို လူအမြောက်အမြား စမ်းသပ်ထိုးနှံမှု အဆင့်တွင် မိမိ၏သား နီကိုးလပ်စ်မာဒူရို ဂူရာပါဝင်ခဲ့ကြောင်းနှင့် ၎င်း၏ ကာကွယ်ဆေးထိုးနှံခံမည့် ဆုံးဖြတ်ချက်ကို မိမိကိုပြောကြားခဲ့ကြောင်း၊ အဆိုပါကိစ္စသည် အလွန်ကို ကောင်းမွန်သောကိစ္စဖြစ်ကြောင်း ဆိုရှယ်လစ်ခေါင်းဆောင်က ဗွီတီဗွီရုပ်မြင်သံကြားမိန့်ခွန်းတွင် ပြောကြားလိုက်သည်။ မာဒူရို၏ ညီမဖြစ်သူလည်း စေတနာရှင်တစ်ဦးအနေဖြင့် အဆိုပါကာကွယ်ဆေးထိုးနှံမှုတွင် ပါဝင်ကြောင်း သိရသည်။

အသက် ၃၀ရှိ မာဒူရိုဂူရာသည် နိုင်ငံရေးသမားတစ်ဦး ဖြစ်သလို ၎င်း၏ဖခင် အာဏာရပါတီဖြစ်သည့် ဗင်နီဇွဲလား ယူနိုက်တက်ဆိုရှယ်လစ်ပါတီ၏ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သည်။

ဆိုဗီယက်ခေတ်ဂြိုဟ်တုတစ်လုံး၏ အမည်ပေးထားသော အဆိုပါကာကွယ်ဆေး စပွတ်နစ်ဗီသည် ကမ္ဘာ့ဆေးဘက်ဆိုင်ရာအသိုင်းအဝိုင်းတွင် သံသယများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ အဆိုပါဆေးကို ကိုဗစ်-၁၉ ကာကွယ်ဆေးအဖြစ် အတည်ပြုလက်ခံသော ပထမဆုံးနိုင်ငံအဖြစ် ရုရှားသည် ဩဂုတ်လက ၎င်းကိုယ်တိုင်ကြေညာခဲ့သည်။

အဆိုပါဆေးသည် လတ်တလောတွင်အဆင့်-၃ ကိုရောက်ရှိနေပြီဖြစ်ပြီး လူသားများတွင် အမြောက်အမြား စမ်းသပ်လျက်ရှိကြောင်းနှင့် အဆိုပါစမ်းသပ်မှုတွင် စေတနာရှင်ပေါင်း ၄၀၀၀၀ ကျော် ပါဝင်သည်။

အောက်တိုဘာ ၃ ရက်က ထုတ်ပြန်လိုက်သော တရားဝင်ကိန်းဂဏန်းအချက်အလက်များအရ လူဦးရေ သန်း ၃၀ ရှိသည့် ဗင်နီဇွဲလားနိုင်ငံတွင် ကိုဗစ်-၁၉ ဖြစ်ပွားသူပေါင်း ၇၇၆၄၆ ဦးရှိပြီး သေဆုံးသူပေါင်း ၆၄၉ ဦးရှိသည်။ **အေအက်ဖ်ပီ**

# ဗြိတိန်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၅၀၀၀၀၀ ကျော်လွန်လာ

**လန်ဒန် အောက်တိုဘာ ၅**

ဗြိတိန်တွင် ကိုဗစ်-၁၉ ကူးစက်အတည်ပြုလူနာပေါင်း အောက်တိုဘာ ၄ ရက်အထိ ၅၀၀၀၀၀ ကျော်လွန်လာပြီဖြစ်ကြောင်း၊ ဥရောပနိုင်ငံတစ်နိုင်ငံ၏ မနှစ်မြို့စရာကောင်းသည့်ကူးစက်ခံရမှု သမိုင်းမှတ်တိုင်သစ် စိုက်ထူလိုက်ခြင်းဖြစ်ကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ကိုဗစ်-၁၉ ကူးစက်မှု ရုတ်တရက်တိုးလာသည့်ကိစ္စနှင့် ပတ်သက်ပြီး ကျန်းမာရေးအာဏာပိုင်များက နည်းပညာဆိုင်ရာ ချွတ်ယွင်းမှုအပေါ် အပြစ်တင်လိုက်သည်။

အောက်တိုဘာ ၄ ရက် တစ်ရက်တည်း ကိုဗစ်-၁၉ ကူးစက်မှုသည် ၂၂၉၆၁ ဦးရှိခဲ့သည့်အတွက် ယင်းပမာဏသည် အောက်တိုဘာ ၃ ရက် ကိုဗစ်-၁၉ ကူးစက်ခံရသည့်ပမာဏ ၁၀၀၀၀ ထက် နှစ်ဆကျော် တိုးလာခဲ့သည်။

အဆိုပါ နည်းပညာဆိုင်ရာ ပြဿနာကိုယခုအခါတွင် ဖြေရှင်းခဲ့ပြီဖြစ်ကြောင်း အရာရှိများက ပြောကြားလိုက်သည်။ နည်းပညာဆိုင်ရာ ချွတ်ယွင်းမှုကြောင့် တရားဝင်ဖော်ပြမှုတွင် မပါဝင်ခဲ့သော ကိုဗစ်- ၁၉ ကူးစက်ခံရသည့် အရေအတွက်သည်နောင်ဖော်ပြမှုတွင် ပါလာမည်ဖြစ်ကြောင်းအရာရှိများက ဆက်လက်ပြောကြားလိုက်သည်။

ဗြိတိန်တွင် ကိုဗစ်-၁၉ အတည်ပြု ကူးစက်ခံရသူ ၅၀၂၉၇၈ ဦးအထိ ရောက်ရှိလာကြောင်းနှင့်သေဆုံးသူ ၄၂၀၀၀ ကျော်လာကြောင်း သိရသည်။

အောက်တိုဘာ ၄ ရက်က ဘီဘီစီနှင့် တွေ့ဆုံမေးမြန်းမှုတွင် ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ကိုဗစ်-၁၉ကို ဆန့်ကျင်တိုက်ထုတ်ရာတွင် ဗြိတိန်နိုင်ငံသည် တကယ့်ကို ခက်ခဲကြမ်းတမ်းသောဆောင်းရာသီကို ရင်ဆိုင်နေရကြောင်း ပြောကြားလိုက်သည်။ သို့သော်လည်း ခရစ္စမတ်မတိုင်မီ အခြေအနေများ တိုးတက်လာမည်ဟု မျှော်လင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

ကျန်းမာရေး အာဏာပိုင်များကလည်း အသက်ကြီးပိုင်းများနှင့် စွန့်စားမှုများသော နေရာများတွင် လုပ်ကိုင်နေရသူများကို ဦးစားပေးထိုးနှံသွားမည့်ကာကွယ်ဆေး အစီအစဉ်များကို လုပ်ဆောင်လျက်ရှိသည်။

အသက် ၁၈ နှစ် အောက်အတွက် ကာကွယ်ဆေးရရှိမည်မဟုတ်ကြောင်း ကာကွယ်ဆေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ကိတ်ဘင်ဂန်က ဖိုင်နန်ရှယ်တိုင်းမ်သို့ ပြောကြားလိုက်သည်။

အသက် ၅၀ ကျော်သူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဘိုးဘွားရိပ်သာများတွင် စောင့်ရှောက်ပေးနေသူများနှင့် အားနည်းသူများအတွက် ကာကွယ်ဆေးကို ဦးစားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဗြိတိန်အစိုးရသည် များပြားလှစွာသော ကာကွယ်ဆေးသုတေသနအစီအစဉ်များမှ ကာကွယ်ဆေးသန်းနှင့်ချီ၍ မှာယူထားကြောင်းနှင့် ယင်းတို့ထဲတွင် အောက်စဖို့ဒ်နှင့် အက်စ်ထရာဇနီကာတို့မှ ဦးဆောင်သော ကာကွယ်ဆေးသုတေသနအစီအစဉ်လည်းပါဝင်ကြောင်း သိရသည်။

လတ်တလောတွင် ကာကွယ်ဆေး နောက်ဆုံးအဆင့် စမ်းသပ်နေသော အဖွဲ့ကိုးဖွဲ့ရှိကြောင်း သိရပြီး ကာကွယ်ဆေးကို အများအပြားထုတ်လုပ်နိုင်မည့် လက္ခဏာမရှိသေးကြောင်း သိရသည်။ **အေအက်ဖ်ပီ**



ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ် လန်ဒန်မြို့တစ်နေရာတွင် နှာခေါင်းစည်းများ တပ်ဆင်သွားလာနေသူများကို တွေ့ရစဉ်။

# တရုတ်နိုင်ငံတွင် ကျေးလက်နေပြည်သူများအင်တာနက် အသုံးပြုသူဦးရေ ၂၈၅ သန်းအထိ ရောက်ရှိ

**ပေကျင်း အောက်တိုဘာ ၅**

တရုတ်နိုင်ငံတွင် ဇွန်လအထိ ကျေးလက်နေပြည်သူများ အင်တာနက် အသုံးပြုသူအရေအတွက်သည် ၂၈၅ သန်းအထိ ရောက်ရှိခဲ့ရာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အင်တာနက် အသုံးပြုသူပေါင်း၏ ၃၀ ရာခိုင်နှုန်းကျော် ရှိကြောင်း တရုတ်နိုင်ငံ အင်တာနက်ဖွံ့ဖြိုးရေး အစီအစဉ်မှ မကြာသေးမီက ထုတ်ပြန်လိုက်သော အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားသည်။

လွန်ခဲ့သော မတ်လမှစတင်ကာ တရုတ်နိုင်ငံတွင် ကျေးလက်နေပြည်သူများအင်တာနက်အသုံးပြုမှုသည် ၃၀ ရာခိုင်နှုန်းကျော်အထိ မြင့်တက်လာကြောင်း တရုတ်နိုင်ငံ အင်တာနက်ကွန်ရက် သတင်းအချက်အလက်စင်တာမှ ထုတ်ပြန်သော အစီရင်ခံစာတွင်ဖော်ပြထားသည်။

ထို့အပြင် မြို့ပြ - ကျေးလက် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုမှုကွာဟချက်သည် သိသာထင်ရှားစွာ ကျဉ်းမြောင်းလာခဲ့ကြောင်း အစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။

အင်တာနက်သည် နိုင်ငံ၏ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကြိုးပမ်းမှုတွင် အလွန်အရေးပါသော အခန်းကဏ္ဍက ပါဝင်နေကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

# ပြင်သစ်နိုင်ငံက နားမကြားသူတွေအတွက် ရည်ရွယ်ပြီး ထုတ်လုပ်လိုက်သည့်နှာခေါင်းစည်း

**ကလျာမိုးမြင့်**

**ကူးစက်ရောဂါတွေ ကမ္ဘာတစ်ဝန်းကိုကျရောက်လာချိန်မှာ ပြည်သူတွေဟာ မိမိကိုယ်တိုင်နဲ့ ပတ်ဝန်းကျင်ကို ကာကွယ်ဖို့အတွက် ကျန်းမာရေးနဲ့အညီထုတ်လုပ်ထားတဲ့ နှာခေါင်းစည်းတွေကို အားကိုးအားထားပြုလာရပါတယ်။နေအိမ်ကနေ မဖြစ်မနေအပြင်ထွက်ရတဲ့အခါ တစ်ခါသုံးနှာခေါင်းစည်း သို့မဟုတ် ပြန်လျှော်ပြီး အသုံးပြုရတဲ့ အဝတ်နှာခေါင်းစည်းတွေကို တပ်ဆင်ထားမှသာ စိတ်ချလက်ချသွားလာနိုင်တဲ့အတွက် နှာခေါင်းစည်းတွေဟာ နေ့စဉ်လူနေမှုဘဝမှာ အရေးပါတဲ့အခန်းကဏ္ဍကနေပါဝင်လာခဲ့ပါတယ်။**



### အပူလျှပ်နိုင်

နှာခေါင်းစည်းကို အခိုက်အတန့်အားဖြင့် တပ်ဆင်ထားရတာက သိပ်ပြီးကိစ္စမရှိလှပေမယ့် တစ်နေကုန်တပ်ဆင်ထားရပြီဆိုတဲ့အခါမှာ သက်သောင့်သက်သာမရှိတော့တာအမှန်ပါပဲ။ လုပ်ငန်းခွင်ထဲမှာ တစ်နေ့လုံးလိုလိုနှာခေါင်းစည်းနဲ့ ဖြတ်သန်းရတာဟာ ကျန်းမာရေးကောင်းမွန်သူတွေအတွက် အဆင်ပြေပေမယ့် တချို့ပန်းနာရင်ကျပ်ရောဂါအခံရှိတဲ့သူတွေမှာ နှာခေါင်းစည်းကြောင့် အသက်ရှူမဝတာ၊ မွန်းကျပ်သလို ခံစားရတာတွေလည်း တွေ့ရတတ်ပါတယ်။ ဂျပန်နိုင်ငံမှာဆိုရင်လည်း နှာခေါင်းစည်းကြောင့် အပူလျှပ်ခြင်းပိုဖြစ်နိုင်တဲ့အတွက် တစ်ချိန်လုံးတပ်ဆင်မထားဖို့၊ လုံခြုံစိတ်ချရတဲ့အခြေအနေမှာ နှာခေါင်းစည်းကို ခဏချွတ်ထားဖို့ လမ်းညွှန်ထားတာကိုတွေ့ရပါတယ်။

### နားမကြားသူတွေအတွက် ခက်ခဲ

နှာခေါင်းစည်းဟာ ရောဂါကာကွယ်ရာမှာ ရာနှုန်းပြည့်တော့ မကာကွယ်နိုင်ပေမယ့် မျက်နှာဖုံးအကာထက် ပိုပြီး လုံခြုံစိတ်ချရတယ်ဆိုတာကို လူတော်တော်များများက သိရှိပြီးသားပါ။ ဒါပေမယ့် နှာခေါင်းစည်းတပ်ဆင်ထားတဲ့အချိန် တစ်ဦးနဲ့တစ်ဦး နှီးနှောပြောဆိုဆက်ဆံရတဲ့အခါ ကျန်းမာသန်စွမ်းတဲ့လူကောင်းပကတိတွေမှာ အဆင်ပြေချောမွေ့ပေမယ့် အကြားအာရုံဆုံးရှုံးတဲ့သူတွေအဖို့ အခက်အခဲတစ်ခုဖြစ်လာပါတယ်။

ပြင်သစ်နိုင်ငံ ပါရီမြို့က အငြိမ်းစားဝန်ထမ်းတစ်ဦးဖြစ်တဲ့ စူဇီမာဂီရွန်ဟာ တစ်ရက်မှာ ငါးမိုင်အထိ ခြေကျင်လျှောက်ပြီး သွားလေ့ရှိပါတယ်။ တစ်ရက်မှာတော့ ကုန်စုံဆိုင်ကိုသွားဖို့ အားမရှိဖြစ်နေတဲ့ စူဇီဟာ ကျန်းမာရေးစစ်ဆေးမှုခံယူလိုက်တဲ့အခါ ကိုဗစ် – ၁၉ ကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့ပါတယ်။ မတ်လအတွင်းမှာ ၎င်းဟာချောင်းဆိုးဝေဒနာကို တစ်ပတ်ကြာအောင်ခံစားခဲ့ရပါတယ်။ ရောဂါပျောက်ကင်းပြီးတဲ့နောက်မှာတောင် ကိုဗစ် – ၁၉ ရဲ့ နောက်ဆက်တွဲသက်ရောက်မှုတွေက ၎င်းအတွက်စိန်ခေါ်မှုဖြစ်နေတုန်းပါပဲ။ ဘာကြောင့်လဲဆိုတော့ စူဇီဟာ ငယ်ရွယ်စဉ်ကတည်းက အကြားအာရုံ လုံးဝဆုံးရှုံးခဲ့တဲ့သူတစ်ယောက်ဖြစ်နေလို့ပါ။

### အချိန်တိုင်းမှန်းဆနေရ

နေ့စဉ်နေ့တိုင်းလိုလို နှာခေါင်းစည်းတပ်ဆင်ထားတဲ့သူတွေနဲ့ ဆက်သွယ်ပြောဆိုဖို့ ကြိုးစားရတာဟာ စူဇီအတွက် အလွန်ခက်ခဲ ပင်ပန်းလှပါတယ်။

> **“ပြင်သစ်မှာ Inclusive mask ဆိုပြီး သိကြတဲ့ အဲဒီနှာခေါင်းစည်းကို ချည်ထည်နှစ်စရဲ့အလယ်မှာပလတ်စတစ်အကြည် ထည့်သွင်းပြုလုပ်ထားပါတယ်။ အသက်ရှူရတာ အဆင်ပြေအောင်လုပ်ထားတဲ့ပလတ်စတစ်အကြည်က နှာခေါင်းပေါက်တွေကို လုံအောင်ဖုံးထားပေးမှာဖြစ်ပြီး ပါးစပ်ကိုတော့ မြင်နေမှာပါ။ ဒါမှသာ နားမကြားသူတွေက ပါးစပ်ရဲ့လှုပ်ရှားပုံကိုကြည့်ပြီး နားမကြားသူအချင်းချင်း သို့မဟုတ် တခြားသူတွေနဲ့ ဆက်သွယ်ရ လွယ်ကူစေမှာဖြစ်”**

လူတစ်ယောက်ပြောတဲ့စကားသံကို မကြားရရင်တောင် အဲဒီလူရဲ့ နှုတ်ခမ်းလှုပ်ရှားပုံကို ကြည့်ပြီး ကျွန်မနားလည်နိုင်တယ်။ ဒါပေမယ့် အဲဒီလူက နှာခေါင်းစည်းတပ်ထားတဲ့အခါမှာတော့ သူဘာပြောပြော ကျွန်မ မသိနိုင်တော့ဘူး။ အဲဒါကအတော်လေး ဒုက္ခရောက်စေတယ်။ သူဘာပြောတယ်ဆိုတာကို စိတ်ထဲကနေ မှန်းဆဖို့ကြိုးစားရတယ်။ အချိန်တိုင်း၊ အချိန်တိုင်းမှာ မှန်းဆနေရတယ် လို့ ၎င်းကရှင်းပြခဲ့ပါတယ်။

### ဈေးဝယ်ရခက်

နှာခေါင်းစည်းတွေဟာ ပြင်သစ်နိုင်ငံရဲ့ နေရာတိုင်းမှာ ပလူပျံနေပြီး မမြင်ချင်လောက်အောင် ပေါများနေပါတယ်။ ပါရီမြို့လို မြို့ကြီးတွေ အများအပြားမှာဆိုရင် အဆောက်အအုံတွေထဲနဲ့ အဆောက်အအုံပြင်ပမှာပါ နှာခေါင်းစည်း မတပ်မနေရ အမိန့်ထုတ်ထားပါတယ်။

ကိုဗစ် – ၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ဖို့ထိရောက်တယ်ဆိုပေမယ့် နှာခေါင်းစည်းတွေဟာ နားကောင်းကောင်းမကြားတဲ့သူတွေနဲ့ အကြားအာရုံလုံးဝဆုံးရှုံးထားတဲ့သူတွေ ဈေးဝယ်ထွက်ရတဲ့အခါနေ့စဉ်နေ့တိုင်း ဆိုသလို အခက်အခဲကြုံရပါတယ်။ နားမကြားသူအများစုက ပြင်သစ်ဘာသာနဲ့ စာရေးခြင်း သို့မဟုတ် စကားပြောခြင်းနည်းနဲ့ ဆက်သွယ်ကြပြီး လက်ဟန်ပြဘာသာစကားကို အသုံးပြုတဲ့သူအရေအတွက်က အတော်လည်းနည်းပါတယ်။

### ပြည်သူတွေအတွက် အစိုးရရဲ့ကြိုးပမ်းမှု

ပြင်သစ်နိုင်ငံမှာ နိုင်ငံ့လူဦးရေရဲ့ ၁၀ ရာခိုင်နှုန်းဖြစ်တဲ့ လူခြောက်သန်းလောက်ဟာ အကြားအာရုံအားနည်းချို့တဲ့သူတွေဖြစ်ပြီး အစိုးရက အဲဒီလူတွေအတွက် အဆင်ပြေစေမယ့်နည်းလမ်းကို ကြိုးစားရှာဖွေနေပါတယ်။ ပြီးခဲ့တဲ့နွေဦးရာသီကတည်းက ပြင်သစ်အစိုးရဟာ နိုင်ငံအတွင်းမှာရှိကြတဲ့ ကုမ္ပဏီတွေကို transparent mask လို့ခေါ်တဲ့ ပါးစပ်နေရာကို မြင်သာအောင်ပြုလုပ်ထားတဲ့ နှာခေါင်းစည်းတွေများများထုတ်လုပ်ဖို့ တိုက်တွန်းခဲ့ပါတယ်။ ရိုးရိုးနှာခေါင်းစည်းနဲ့ နားမကြားသူတွေအတွက် ရည်ရွယ်ပြီး ပြုလုပ်ထားတဲ့ အဲဒီနှာခေါင်းစည်းတွေအကြား ထုတ်လုပ်မှုဆိုင်ရာမတူညီတဲ့ ကုန်ကျစရိတ်အတွက်လည်း အစိုးရက ထောက်ပံ့ကြေးပေးတာမျိုးတွေ ပြုလုပ်ပေးလျက်ရှိတယ်လို့ သိရပါတယ်။

### ပါးစပ်ကိုမြင်ရအောင် လုပ်ထား

ပြင်သစ်မှာ Inclusive mask ဆိုပြီး သိကြတဲ့ အဲဒီနှာခေါင်းစည်းကို ချည်ထည်နှစ်စရဲ့အလယ်မှာပလတ်စတစ်အကြည် ထည့်သွင်းပြုလုပ်ထားပါတယ်။ အသက်ရှူရတာအဆင်ပြေအောင်လုပ်ထားတဲ့ ပလတ်စတစ်အကြည်က နှာခေါင်းပေါက်တွေကို လုံအောင်ဖုံးထားပေးမှာဖြစ်ပြီး ပါးစပ်ကိုတော့ မြင်နေမှာပါ။ ဒါမှသာ နားမကြားသူတွေက ပါးစပ်ရဲ့လှုပ်ရှားပုံ ကိုကြည့်ပြီး နားမကြားသူအချင်းချင်း သို့မဟုတ် တခြားသူတွေနဲ့ ဆက်သွယ်ရ လွယ်ကူစေမှာဖြစ်ပါတယ်။ ဒါက အကာအကွယ်လည်းဖြစ်သလို ဆက်သွယ်ရေးကိရိယာတစ်ခုအနေနဲ့လည်း အသုံးဝင်နေပါတယ်။

### ၂၅ ကြိမ်အထိ ပြန်လျှော်သုံးနိုင်

လက်ရှိမှာတော့ ပလတ်စတစ်အကြည်ပါတဲ့ အဲဒီနှာခေါင်းစည်းတွေဟာ ဈေးကြီးပြီး တစ်ခုကို အမေရိကန်ဒေါ်လာ ၁၂ ဒေါ်လာပေးရပါတယ်။ဒါပေမယ့် အဲဒီနှာခေါင်းစည်းတွေကို ၂၅ ကြိမ်အထိ ပြန်လျှော်သုံးနိုင်တယ်လို့ သိရပါတယ်။ ထုတ်လုပ်မှုပမာဏ ပိုများလာရင်တော့ ဈေးနှုန်းလည်း ကျဆင်းလာမယ်လို့ မျှော်လင့်ရပါတယ်။ ပြင်သစ်အစိုးရအနေနဲ့ မကြာခင်မှာ တစ်လကို ပလတ်စတစ်အကြည်ပါတဲ့ နှာခေါင်းစည်း အခုရေ တစ်သိန်းအထိ ထုတ်လုပ်နိုင်ဖို့ မျှော်မှန်းထားပါတယ်။ ။

**ကိုးကား– အင်န်ဘီအာနယူးစ်**

---

## နိုင်ငံတကာသတင်းတိုထွာ

### ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များ ကိုဗစ် – ၁၉ ကူးစက်ခံရ

**တိုကျို အောက်တိုဘာ ၅**

ဂျပန်နိုင်ငံ ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင် ၂၇ ဦး ကိုဗစ်–၁၉ ရောဂါကူးစက်မှုခံရကြောင်း ယိုမီယူရီရှင်ဘွန်းဝက်ဘ်ဆိုက်တွင် အောက်တိုဘာ ၄ ရက်က ဖော်ပြသော သတင်းများအရ သိရသည်။ အဆိုပါတပ်ဖွဲ့ဝင်များသည် စီရင်စု ၁၆ ခုရှိ ကိုယ်ပိုင်ကာကွယ်ရေးတပ်စခန်းများမှ ဖြစ်ကြောင်း၊ ဇူလိုင်မှ စက်တင်ဘာလအတွင်း အလက်စကာစခန်းတွင် လေ့ကျင့်ရေးသင်တန်းသွားပြီး ပြန်အလာတွင် ရောဂါကူးစက်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံမြို့တော် တိုကျိုမြို့တွင်လည်း အောက်တိုဘာ ၅ ရက်က ကိုဗစ် – ၁၉ ထပ်မံကူးစက်ခံရသူအသစ် ၆၆ ဦး တိုးလာကြောင်း တိုကျိုအစိုးရက အတည်ပြုပြောကြားလိုက်သည်။ တိုကျိုတွင် စုစုပေါင်း ကိုဗစ် – ၁၉ ကူးစက်ခံရသူပေါင်းသည် အောက်တိုဘာ ၄ ရက် ညနေ ၃ နာရီ ကနဦးသတင်းထုတ်ပြန်ချက်များအရ ၂၆၅၅၀ အထိရောက်လာကြောင်း သိရသည်။ စက်တင်ဘာ ၅ ရက်တွင် ကိုဗစ် – ၁၉ အသစ်ထပ်မံ ကူးစက်ခံရသူ ၆၆ ဦးရှိသည်ဆိုသည့် စာရင်းသည် နေ့စဉ် ကိုဗစ် – ၁၉ ကူးစက်ခံရသည့်စာရင်းတွင် ပထမဆုံး ၁၀၀ အောက် လျော့နည်းလာခြင်းဖြစ်သည်။ ဂျပန်နိုင်ငံတွင် ရောဂါသက်သာပျောက်ကင်းသူ သို့မဟုတ် သီးခြားခွဲထားစောင့်ကြည့်မှုမှဖြေလျှော့လိုက်သူ ၇၈၃၁၅ ဦးရှိပြီး အထူးကြပ်မတ်ကုသဆောင်တွင် စောင့်ကြည့်ကုသမှုခံနေရသူပေါင်း ၁၃၃ ဦးရှိကြောင်း သိရသည်။ ပီစီအာရ်နည်းဖြင့် ကိုဗစ် – ၁၉ စစ်ဆေးပြီးသူ ၂ ဒသမ ၁၆၆ သန်းရှိကြောင်း ဂျပန်နိုင်ငံ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ အောက်တိုဘာ ၄ ရက်က ထုတ်ပြန်သောသတင်းအချက်အလက်များအရ သိရသည်။

**ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**

### အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို သုံးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကျင်းပသောအစည်းအဝေးတက်ရောက်ရန် တိုကျိုသို့ထွက်ခွာ

**ဝါရှင်တန် အောက်တိုဘာ ၅**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မိုက်ပွန်ပီအိုသည် ဂျပန်၊ အိန္ဒိယနှင့်ဩစတြေးလျနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကျင်းပသော အစည်းအဝေးတက်ရောက်ရန် တိုကျိုသို့ ထွက်ခွာသွားကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် အောက်တိုဘာ ၅ ရက်က ဖော်ပြလိုက်သည်။

နိုင်ငံခြားခရီးစဉ်မစတင်မီ ဝါရှင်တန်အပြင်ဘက် လေတပ်အခြေစိုက်စခန်း၌ သတင်းထောက်များအား ပြောကြားရာတွင် မိုက်ပွန်ပီအိုက (ကွက်ဒ်)အစည်းအဝေးတွင် သိသာသည့်အောင်မြင်မှုများရရှိမည်ဟုမျှော်လင့်ကြောင်း ပြောကြားခဲ့သည်။ မိုက်ပွန်ပီအိုက သူ့အနေဖြင့် ခရီးစဉ်မစတင်မီ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နှင့် အွန်လိုင်းမှ တွေ့ဆုံခွင့်ရရှိခဲ့ကြောင်း ပြောကြားခဲ့သည်။ ထရမ့်သည် ဆေးရုံတက်ရောက်၍ ကိုဗစ်–၁၉ ရောဂါကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

မိုက်ပွန်ပီအိုက သမ္မတထရမ့်သည် အခြေအနေကောင်းမွန်လျက်ရှိကြောင်းနှင့် သူ့၏စိတ်မှာ တကယ့်ကိုခိုင်မာကြောင်း ပြောကြားလိုက်သည်။ သမ္မတဆေးရုံတက်နေသည့်ယခုလိုအခိုက်အတန့်ကို အသုံးချမည့် ပြိုင်ဘက်တွေကို မစိုးရိမ်ဘူးလားဟု သတင်းထောက်များ၏ မေးမြန်းမှုကို ပွန်ပီအိုက လူယုတ်မာသရုပ်ဆောင်များနှင့် သူတစ်ပါးကို မကောင်းကြံစည်နေသည့် သရုပ်ဆောင်များ ကမ္ဘာတစ်ဝန်းမှာရှိကြောင်း၊ သို့သော်လည်း အခြေအနေအရပ်ရပ်ကို ကြိုတင်ပြင်ဆင်ထားသည့် အမေရိကန်ပြည်ထောင်စုပါဟု ပြောကြားလိုက်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနက မိုက်ပွန်ပီအိုသည် (ကွက်ဒ်) ဆွေးနွေးပွဲကို စက်တင်ဘာ ၆ ရက်တွင် တက်ရောက်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ယင်းနေ့မှာပင် မိုက်ပွန်ပီအိုသည် ဂျပန်ဝန်ကြီးချုပ် ဆူဂါယိုရှီဟီဒဲနှင့် ပထမဆုံးအကြိမ်တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ တွေ့ဆုံမှုတွင် ပွန်ပီအိုက ထရမ့်၏ ကျန်းမာရေးနှင့်ပတ်သက်ပြီး ဆွေးနွေးသွားမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၃၃ ရက် သာ**

**လိုတော့သည်။**

## မန္တလေးတိုင်းဒေသကြီးအတွင်း မဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ် ထုတ်ပြန်ကြေညာ

**မန္တလေး အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီးအတွင်း အောက်တိုဘာ ၁ ရက်မှစ၍ ဒုတိယအကြိမ် ထုတ်ပြန်ကြေညာထားသည့် မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် ၄၇၈၄၂၈၈ ဦး၏ အမည်စာရင်းများကို Online နှင့် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများသို့ လာရောက်ကြည့်ရှုသူ ဦးရေမှာ လေးရက်အတွင်း ၂၄၅၉၄၆၉ ဦးရှိပြီး ပြင်ဆင်ဖြည့်စွက် လျှောက်ထားသူ ဦးရေမှာ ၂၀၀၀၀ ကျော်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရှိန်ဝင်းက ပြောသည်။

"မဲစာရင်းမှာပါမှ မဲပေးခွင့်ရမှာဖြစ်တဲ့အတွက် အခုနောက်ဆုံးအခွင့်အရေးအနေနဲ့ ဒုတိယအကြိမ် ကပ်ထားကြေညာပေးထားတဲ့ မဲဆန္ဒရှင်စာရင်းတွေကို လာရောက်ကြည့်ရှုပြီး ပြင်ဆင်ကန့်ကွက် လျှောက်ထားကြဖို့ ပြောချင်ပါတယ်။ မဲပေးတဲ့နေ့မှာလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်တွေအတိုင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

လာမည့် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်း ပါတီပေါင်း ၂၁ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၂၄ ဦးနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၆ ဦး၊ စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ်လောင်းပေါင်း ၅၄၀ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံကြမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်ပြည်သူ ၄၇ သိန်းကျော်အတွက် မဲရုံပေါင်း ၅၄၄၈ ရုံ ဖွင့်လှစ်သွားရန် စီစဉ်ထားရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ခရမ်းမြို့နယ်၌ မဲရုံလုံခြုံရေးတာဝန်ထမ်းဆောင်ရန် အထူးရဲသင်တန်းဖွင့်လှစ်

**ခရမ်း အောက်တိုဘာ ၅**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် လုံခြုံရေးတာဝန်ထမ်းဆောင်ရန် အထူးရဲသင်တန်းကို အောက်တိုဘာ ၁ ရက်မှစတင်ကာ မြို့နယ်အားကစားခန်းမနှင့် မြို့နယ်အတွင်းရှိ ရဲကင်းစခန်းခွဲများတွင် ဖွင့်လှစ်လျက်ရှိရာ အဆိုပါသင်တန်းတွင် လူ့အခွင့်အရေး၊ ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်၊ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေ၊ ရဲကျင့်ဝတ်၊ ရာဇသတ်ကြီးဥပဒေ၊ ရဲအက်ဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ ရဲလက်စွဲဥပဒေ၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ သတင်းမီဒီယာဥပဒေနှင့် အခြေခံစစ်ရေးပြသခြင်းတို့ကို သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ လေးပတ်ဖြစ်ကြောင်း သိရသည်။

ခရမ်းမြို့နယ်ရှိ ရပ်ကွက် ၁၃ ရပ်ကွက်နှင့် ကျေးရွာများတွင် ပြည်သူအများ ဆန္ဒမဲပေးနိုင်မည့် မဲရုံ ၂၀၄ ရုံအတွက် အထူးရဲ ၂၀၄ ဦး ခန့်အပ်သွားမည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ကာလဖြစ်သဖြင့် သင်တန်းကို ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

"ခရမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) နဲ့ အမှတ် (၂) တို့မှာ လျာထားမဲရုံ ၂၀၄ ရုံရှိပြီး မဲရုံလုံခြုံရေးအတွက် အထူးရဲ ၂၀၄ ဦးကို ခန့်အပ်သွားမှာပါ။ အထူးရဲတွေအနေနဲ့ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာကော်မရှင်ခွဲ အဖွဲ့ဝင်တွေနဲ့ ပူးပေါင်းပြီး ပြည်သူများ လုံခြုံစိတ်ချစွာ မဲပေးနိုင်ရေးအတွက် မဲရုံလုံခြုံရေး တာဝန်ယူဆောင်ရွက်ဖို့ဖြစ်ပြီး နယ်မြေခံရဲတပ်ဖွဲ့အနေနဲ့ကတော့ ရွေးကောက်ပွဲကာလမှာ မဲဆန္ဒရှင်တွေ မဲမပေးနိုင်အောင် ဟန့်တားမှုများ မဖြစ်ပေါ်စေရေး၊ မဲရုံပရဝဏ်နဲ့ ကိုက် ၅၀၀ အတွင်း အသံချဲ့စက်များ ဆူညံစွာဖွင့်လှစ်မှုမရှိစေရေး၊ မူးယစ်သောက်စားရမ်းကားမှုများ မဖြစ်ပေါ်စေရေးအတွက် လှည့်ကင်း၊ ရပ်ကင်းများနဲ့ လုံခြုံရေး ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်" ဟု မြို့မရဲစခန်းမှ တာဝန်ရှိသူက ပြောသည်။

**ကိုမင်း(ခရမ်း)**



## ပျဉ်းမနားမြို့နယ်တွင် မဲဆန္ဒရှင်စာရင်းကြေညာထားရှိမှုများကို ဒက္ခိဏခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

**ပျဉ်းမနား အောက်တိုဘာ ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ပြည်သူများ ဆန္ဒမဲပေးနိုင်ရန်အတွက် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာထားရှိမှုများကို ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အောက်တိုဘာ ၅ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်မြင့်နှင့် အဖွဲ့ဝင်များ၊ ပျဉ်းမနားမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသိန်းရွှေနှင့် တာဝန်ရှိသူများက ပျဉ်းမနားမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြေညာထားသည့် မဲဆန္ဒရှင်စာရင်းများကို ကြည့်ရှုစစ်ဆေးပြီး ရပ်ကွက်၊ ကျေးရွာရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ တာဝန်ရှိသူများအနေဖြင့် မဲစာရင်းတွင် အမည်မပါဝင်မှုများ၊ ကိုယ်ရေးအချက်အလက်မှားယွင်းနေမှုများနှင့် မပါဝင်သင့်သူများ ပါဝင်နေမှုများကို သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်သွားကြရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားကြရန် မှာကြားသည်။

ပျဉ်းမနားမြို့နယ်တွင် ရပ်ကွက် ခုနစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၉ အုပ်စု၊ ကျေးရွာ ၁၄၀ တွင် မဲရုံပေါင်း ၁၀၁ ရုံရှိပြီး မဲဆန္ဒရှင် ၁၃၂၃၂၅ ဦးရှိကြောင်း သိရသည်။

**စိုးမိုး**

**(ပြန်/ဆက်)**

## သီပေါမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ် ထုတ်ပြန်ကြေညာ

**သီပေါ အောက်တိုဘာ ၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်များကို ဒုတိယအကြိမ်အဖြစ် အောက်တိုဘာ ၁ ရက်မှ အောက်တိုဘာ ၁၄ ရက်အထိ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ထုတ်ပြန်ကြေညာထားသည်။



အဆိုပါ မဲဆန္ဒရှင်များကို သတ်မှတ်ရက်အတိုင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲအဖွဲ့ခွဲရုံးများတွင် ကြေညာကပ်ထားမည်ဖြစ်ပြီး မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ-၄ (ဂ) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်း၊ ဆန္ဒမဲစာရင်းတွင် မိမိနာမည် မပါရှိပါက ပုံစံ (၃) ဖြင့် အမည်ထည့်သွင်းရန်တောင်းဆိုခြင်း၊ အခြားဒေသမှ လာရောက်နေထိုင်သူများအနေဖြင့် ပုံစံ- ၃ (က) ဖြင့် လျှောက်ထားခြင်း၊ မဲစာရင်းတွင် ပါဝင်ရန်မသင့်သူများ ပါဝင်နေပါက ပုံစံ(၄) ဖြင့် ကန့်ကွက်ခြင်းများကို လျှောက်ထားလာသူများရှိပါက သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်စိစစ်၍ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် မဲဆန္ဒရှင်စာရင်းများ လာရောက်ကြည့်ရှုရာ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ် - ၁၉ လမ်းညွှန်ချက်များအတိုင်း အိမ်ထောင်စု တစ်စုလျှင် တစ်ဦး လာရောက် ကြည့်ရှုကြရန် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲက အသိပေးနိုးဆော်ထားသည်။

သီပေါမြို့နယ်တွင် ဒုတိယအကြိမ် ကပ်ထား ကြေညာထားသည့် မဲဆန္ဒရှင်စာရင်းအရ မဲပေးပိုင်ခွင့်ရှိသူ ၁၃၅၆၃၅ ဦးရှိပြီး လျာထား မဲရုံ ၁၁၁ ရုံရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ကြည့်မြင်တိုင်မြို့နယ်၌ မဲစာရင်းများ ဒုတိယအကြိမ် ကြေညာထား

**ရန်ကုန် အောက်တိုဘာ ၅**

နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် ပါဝင်ပြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြည့်မြင်တိုင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြိုတင်ပြင်ဆင်မှုများဖြင့် ဆောင်ရွက်လျက်ရှိရာ ဒုတိယအကြိမ် မဲဆန္ဒရှင်တို့၏ မဲစာရင်းများကို ရပ်ကွက်အလိုက် ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အောက်တိုဘာ ၁ ရက်မှစတင်၍ ကြေညာကပ်ထားပြီးဖြစ်သည်။

ကြည့်မြင်တိုင်မြို့နယ်အတွင်း ရပ်ကွက်ပေါင်း ၂၂ ရပ်ကွက်ရှိရာ ပြန်လည်ပြင်ဆင်ဖြည့်စွက်ပြီး စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး မဲဆန္ဒပေးပိုင်ခွင့်ရှိသူပေါင်း ၈၅၃၂၃ ဦး ဖြစ်ကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

မြို့နယ်အတွင်း၌ မဲရုံပေါင်း ၇၁ ရုံ ဖွင့်လှစ်၍ မဲပေးနိုင်ရန်စီစဉ်လျက်ရှိနေပြီး မဲရုံများနှင့်ပတ်သက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသိန်းဆွေက "အရင်က မဲရုံအချို့ကို စာသင်ကျောင်းတွေမှာ ပြုလုပ်ခဲ့ပါတယ်။ အခု အဲဒီကျောင်းတွေမှာက အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းတွေလုပ်ထားတော့ အပြင်မှာ နေရာတွေရှာလုပ်နေရပါတယ်။ မဲရုံတွေရဲ့ လုံခြုံရေးကလည်း အရေးကြီးပါတယ်" ဟု ပြောသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# မွန်ညီညွတ်ရေးပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၅

မွန်ညီညွတ်ရေးပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်ကျော်ဝင်းက မွန်ဘာသာဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တွဲဖက်အတွင်းရေးမှူး မိကျိုက်စောက မြန်မာဘာသာဖြင့်လည်းကောင်း ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

မိကျိုက်စော၏ မြန်မာဘာသာဖြင့် ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -





လေးစားအပ်ပါသော မွန်တိုင်းရင်းသားများ၊ မွန်ပြည်နယ်နှင့် နိုင်ငံတစ်ဝှမ်းလုံးရှိ မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ရှင် -

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ရှင်။ ကျွန်မကတော့ မွန်ညီညွတ်ရေးပါတီရဲ့ ရန်ကုန်တိုင်းဒေသကြီး တွဲဖက်အတွင်းရေးမှူး မိကျိုက်စော ဖြစ်ပါတယ်။ ကျွန်မတို့ပါတီအနေနဲ့ လာမည့် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမယ့် အထွေထွေရွေးကောက်ပွဲမှာ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးများရှိ မဲဆန္ဒနယ်မြေ (၆၅) နယ်မြေမှာ ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

မွန်တိုင်းရင်းသားများနှင့် မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ရှင်-

ကျွန်မတို့ပါတီရဲ့ နိုင်ငံရေးမူဝါဒသဘောထားကတော့ -

(၁) တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်တွင်းစစ်ရပ်စဲရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်ပြီး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသော၊ လူမျိုးကို အခြေခံဖွဲ့စည်းသည့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ထောင်ရန်။

(၂) ပါတီစုံဒီမိုကရေစီစနစ် အခြေတည်ခိုင်မာလာစေရေး ဦးစွာကြိုးပမ်းဆောင်ရွက်ရန်နှင့် ထို့မှတစ်ဆင့် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း တည်းဟူသော လောကပါလတရားတို့နှင့် ပြည့်စုံသည့် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရန်။

(၃) မွန်ဒေသတစ်ခုလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်မှု တည်ဆောက်ရန်နှင့် နိုင်ငံတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်ရန်။

(၄) တိုင်းရင်းသားလူမျိုးစုအားလုံး၏ အစုအဖွဲ့ဆိုင်ရာ ကိုယ်ပိုင်အမှတ်လက္ခဏာများကို အသိအမှတ်ပြုသည့်အပြင် ပြည်သူတစ်ဦးချင်းစီ၏ ဒီမိုကရေစီအခွင့်အရေးများ အပြည့်အဝခံစားခွင့်ရရှိသည့် လူ့အဖွဲ့အစည်းကို တည်ဆောက်ရန်။

(၅) တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လူ့အခွင့်အရေး အပြည့်အဝရရှိစေရန်နှင့် လွတ်လပ်သော လူမှုဘဝကို ရရှိခံစားနိုင်ကြစေရန်။

(၆) နိုင်ငံတစ်ဝန်းလုံးတွင် အဂတိလိုက်စားမှု ကင်းစင်ပပျောက်ပြီး တရားဥပဒေစိုးမိုးရေး ပီပီပြင်ပြင် ဖြစ်ထွန်းခိုင်မာလာစေရန်။

(၇) အာဏာရှင်စနစ်၊ မဟာလူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းသည့်လူမျိုးရေးဝါဒတို့ကို ဆန့်ကျင်သွားရန်တို့ ဖြစ်ပါတယ်။

လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ရှင်-

အထက်ပါနိုင်ငံရေးမူဝါဒသဘောတရား (၇) ရပ်အပေါ် အခြေခံကာ ကဏ္ဍအလိုက် လုပ်ငန်းစဉ်များကို ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်သွားမည့် လုပ်ငန်းစဉ်များကတော့...

(က) နိုင်ငံရေးကဏ္ဍ

(၁) ပြည်တွင်းစစ်ရပ်စဲရေး၊ ငြိမ်းချမ်းမှုတည်ဆောက်ရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် နည်းလမ်းမျိုးစုံ အသုံးပြုပြီး တက်ကြွစွာ ပါဝင်ဆောင်ရွက်မည်။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် အခိုင်အမာ တည်ဆောက်ရေးဖြစ်စဉ်တွင် လူမျိုးစုံတိုင်းရင်းသား ပြည်သူများနှင့်အတူ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်မည်။

(၃) လူမျိုးစုံပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှုသည့် စနစ်တစ်ခု ပေါ်ထွန်း အခြေခိုင်လာစေရန် ကြိုးပမ်းဆောင်ရွက်မည်။

(ခ) စီးပွားရေးကဏ္ဍ

(၁) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာစေရန်နှင့် လက်ဝါးကြီးအုပ် လွှမ်းမိုးချုပ်ကိုင်မှုမဖြစ်ပေါ်လာစေရေး ကာကွယ်တားဆီး ဆောင်ရွက်မည်။

(၂) ပြည်တွင်းနှင့် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာအကူအညီများ ရယူ၍ ဒေသတွင်း အလတ်စားနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ အခြေခံ ခိုင်မာစွာဖြင့် ဖြစ်ထွန်းတိုးတက်လာစေရန် ကြိုးပမ်း ဆောင်ရွက်မည်။

(၃) ဒေသတွင်းစီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးမြှင့်ဖန်တီးနိုင်ရန် ဆောင်ရွက်မည်။

(၄) စိုက်ပျိုးရေးအပေါ် အခြေခံသည့် အရည်အသွေးမြှင့်ထုတ်ကုန် ထုတ်လုပ် တင်ပို့နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်။

(၅) ဒေသအတွင်း နိုင်ငံရပ်ခြားရင်းနှီးမြှုပ်နှံမှု မြင့်မားလာစေရန်နှင့် အကြီးစား နိုင်ငံစုံစီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေးအတွက် လုပ်ခွင့်သာသည့် စီးပွားရေးပတ်ဝန်းကျင် ဖန်တီးတည်ဆောက်သွားမည်။

(၆) မွန်ဒေသကို ပြည်တွင်းနှင့် နိုင်ငံတကာ ကုန်သွယ်မှုတွင် အချက်အချာကျသည့် ဒေသအဖြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်မည်။

(ဂ) ပညာရေးကဏ္ဍ




(၁) လူတိုင်း စာတတ်မြောက်ရေး စနစ်ကို အကောင်အထည်ဖော်မည်။

(၂) အခမဲ့ မသင်မနေရ အခြေခံပညာရေးစနစ်ကို အကောင်အထည် ဖော်မည်။

(၃) နိုင်ငံတော်၏ ကြီးကြပ်မှုအောက်တွင် စံချိန်စံညွှန်းနှင့်ပြည့်မီသော ပုဂ္ဂလိက ပညာရေးစနစ်ကို အားပေးမည်။

(၄) အဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရေးတို့ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ဆောင်ရွက်မည်။

(၅) မိခင်ဘာသာစကား အခြေပြု ဘာသာစုံ ပညာရေးစနစ်ကို အကောင်အထည်ဖော်နေသည့် တစ်ပြိုင်နက်တည်း အဆုံးတွင် နိုင်ငံတော်၏ ပင်မပညာသင်ကြားရေးစနစ်နှင့် ပေါင်းစည်းသွားနိုင်ရန် ဆောင်ရွက်မည်။

(၆) သက်ဆိုင်ရာတိုင်းရင်းသားဒေသအတွင်းရှိ ကျောင်းများတွင် သက်ဆိုင်ရာ တိုင်းရင်းသားတို့၏ စာပေကို ဘာသာရပ်တစ်ခုအနေဖြင့် သင်ကြားသွားမည်...တို့ဖြစ်ပြီး၊ အခြားကဏ္ဍများဖြစ်တဲ့ လယ်ယာကဏ္ဍ၊ အလုပ်သမားကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လူငယ်ကဏ္ဍ၊ အမျိုးသမီးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍနဲ့ မဟာမိတ်ကဏ္ဍများကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ရှင်-

ကျွန်မတို့ မွန်ညီညွတ်ရေးပါတီဟာ မွန်ဒေသအတွင်းရှိ မွန်တိုင်းရင်းသားများအတွက်သာမက ဒေသနှင့်ပြည်နယ်အတွင်းရှိ အခြားသောတိုင်းရင်းသားများ၏ ရပိုင်ခွင့်များ၊ အခွင့်အရေးများကို လေးစားအသိအမှတ်ပြုပြီး အထက်ပါနိုင်ငံရေးမူဝါဒနှင့် လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် မွန်ညီညွတ်ရေးပါတီကို မဲပေးကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။

မဲဆန္ဒရှင်ပြည်သူအပေါင်း ဘေးဘယာ ဝေးကွာနိုင်ကြပါစေ....

**- ဖက်ဒရယ်ပြည်ထောင်စုသို့ ချီတက်ကြစို့**

**သီချင်းစာသား (မွန်/မြန်မာ)**

**သီချင်းခေါင်းစဉ်** ရာမညသားအားလုံးရဲ့ပါတီ

(Pre မွန်ဒေသရဲ့ အသည်းဟာ အမ်ယူပီ
မွန်ဒေသရဲ့ အချစ်ဟာ မွန်ပါတီ
Cho မဲပေးမည် မဲပေးမည် ဖက်ဒရယ်အတွက်ချီ
မဲပေးမည် မဲပေးမည် ပြည်သူအတွက်ရည်
အားလုံးအတွက် အားလုံးအတွက် မွန်ညီညွတ်ရေးပါတီ။)

## ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

➢ အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး-

➢ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-

✓ အသက် ၁၈ နှစ် ပြည့်ပြီးသူများ၊

➢ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်

✓ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်

➢ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

➢ သာသနာ့ဝန်ထမ်း၊

➢ ထောင်ဒဏ်ကျခံနေရသူ၊

➢ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊

➢ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊

➢ ရွေးကောက်တင်မြောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊

➢ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ဖြစ်သည်။

# ဒီမိုကရေစီပါတီသစ် (ကချင်) ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၅

**ဒီမိုကရေစီပါတီသစ် (ကချင်) ပါတီဥက္ကဋ္ဌ ဦးတိန့်ဆောင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြကုန်သော မိဘပြည်သူ အပေါင်းတို့ခင်ဗျား - စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါသည်။

ကျွန်တော်ကတော့ ဒီမိုကရေစီပါတီသစ်(ကချင်) New Democracy Party (Kachin) NDP(K) ပါတီမှ ဥက္ကဋ္ဌ ဦးတိန့်ဆောင် ဖြစ်ပါသည်။ ကျွန်တော်တို့ပါတီဟာ ၂၀၁၉ခုနှစ်၊ ဩဂုတ်လ (၂၉)ရက်နေ့မှာ မှတ်ပုံတင် အမှတ်(၁၁၉) ဖြင့် ခွင့်ပြုမိန့်ရရှိထားသော ပါတီဖြစ်ပါသည်။

လေးစားအပ်ပါသော မိဘပြည်သူလူထုများခင်ဗျား–

ကျွန်ုပ်တို့၏ အမိနိုင်ငံတော်သည် လွတ်လပ်ပြီး နိုင်ငံတော်၏ လေထု၊ ရေထု၊ မြေထုတစ်ဝန်းလုံး အချုပ်အခြာအာဏာပိုင်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားလူမျိုးနွယ် တစ်ရာကျော်ရှိရာ တိုင်းရင်းသားမျိုးနွယ်အားလုံးသည် နိုင်ငံတော်အာဏာ၏ မူလပိုင်ရှင်အစစ်အမှန်များပင် ဖြစ်ကြပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ကချင်ပြည်နယ် မြို့နယ် (၁၈) ခုတွင် ပါဝင်သော ဝိုင်းမော်မြို့နယ်၊ ချီဖွေမြို့နယ်၊ ဆော့လော်မြို့နယ်နှင့် အင်ဂျန်းယန်မြို့နယ်များအတွင်းရှိ ဒေသခံတိုင်းရင်းသား မျိုးနွယ်စုများသည် အင်္ဂလိပ်နယ်ချဲ့လက်အောက်မှ မြန်မာနိုင်ငံတော် လွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်ကာလအထိ မိမိတို့ဌာနေဒေသ၊ မြို့၊ ရွာ၊ ကျေးလက်များတွင် အေးချမ်းသာယာစွာ လုပ်ကိုင်စားသောက် အသက်ရှင်နေထိုင်ခဲ့ကြပါသည်။

၁၉၆၀ ပြည့်နှစ် နောက်ပိုင်းကာလများတွင် ကချင်ပြည်နယ်တစ်ခုလုံး၌ နိုင်ငံတော်အစိုးရကို ဆန့်ကျင်တော်လှန်တိုက်ခိုက်သော လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့ပါသည်။ တိုင်းရင်းသားမျိုးနွယ်စုများ၊ ပြည်သူလူထုများသည် ကျေးလက်တောရွာများနှင့် မြို့များပါမကျန် စစ်ဘေးစစ်ဒဏ်သင့်ပြီး စစ်၏အနိဋ္ဌာရုံ ဆိုးကျိုးများ အလူးအလဲ ခံစားလာကြရပါသည်။

နောင် ကချင်အထူးဒေသ(၁)ဟု ခေါ်တွင်မည့်ဒေသရှိ အမြော်အမြင်ကြီးမားသော တိုင်းရင်းသားခေါင်းဆောင်အချို့၏ ဦးဆောင်မှုဖြင့် ၁၉၉၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁၅) ရက်နေ့တွင် နိုင်ငံတော်အစိုးရ (တပ်မတော်အစိုးရ) နှင့် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရမှ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ ချီဖွေမြို့နယ်နှင့် ဆော့လော်မြို့နယ် (မြို့နယ်သုံးခု) နယ်မြေဒေသကို ကချင်အထူးဒေသ(၁) ငြိမ်းချမ်းရေးနယ်မြေဒေသအဖြစ် သတ်မှတ်ပေးခဲ့ပါသည်။ ယခုအခါ အင်ဂျန်းယန်မြို့နယ်ကိုလည်း ပါတီ၏စည်းရုံးရေးနယ်မြေအဖြစ် သတ်မှတ်ထားပါသည်။

ဒီမိုကရေစီပါတီသစ်(ကချင်) ပါတီသည် အထက်ဖော်ပြပါ နယ်မြေတစ်ခုလုံးတွင် မှီတင်းနေထိုင်လျက်ရှိသော ဒေသခံတိုင်းရင်းသား ပြည်သူလူထုကို အခြေခံ၍ ဖွဲ့စည်းထားခြင်းဖြစ်ပြီး တိုင်းရင်းသားပြည်သူများ၏ ဒေသနှင့် ဘဝလုံခြုံရေး၊ စားဝတ်နေရေးနှင့် လူမှုရေးလိုအပ်ချက်များ ပြည့်စုံစေရေး၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကျင့်စဉ်ပါ အခွင့်အရေးများ ရရှိခံစားနိုင်ရေးတို့အတွက် ပြည်သူလူထုနှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်သွားမည့် ဒေသအကျိုးပြုပါတီအဖြစ် လေးနက်သော သန္နိဋ္ဌာန်ပြုဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။

**ပါတီ၏ မူဝါဒသဘောထားနှင့် လုပ်ငန်းစဉ်များကိုတင်ပြမည်–**

လေးစားအပ်ပါသော မိဘပြည်သူလူထုများ ခင်ဗျား–

**ပါတီ၏ ရည်မှန်းချက်–**

(၁) ပြည်သူလူထုနှင့်လက်တွဲကာ စစ်မှန်သောငြိမ်းချမ်းရေးကို ထာဝစဉ် တည်ဆောက်သွားမည်။

(၂) လက်နက်ကိုင်ပဋိပက္ခ လုံးဝချုပ်ငြိမ်းသည့် လူ့အဖွဲ့အစည်းတစ်ရပ် ထာဝစဉ်တည်ရှိနိုင်ရန်ကြိုးပမ်းဆောင်ရွက်မည်။

(၃) တိုင်းရင်းသား ပြည်သူလူထုအားလုံး၏ အခွင့်အရေးနှင့် လူမှုစီးပွားဘဝ တစ်ပြေးညီတန်းတူ ရည်တူ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်မည်။

(၄) ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုဒီမိုကရေစီ နိုင်ငံတော် အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ကြိုးပမ်းဆောင်ရွက်မည် တို့ဖြစ်ပါသည်။

ပါတီ၏ ယုံကြည်ချက်အနေဖြင့် "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး" တည်းဟူသော အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ယုံကြည်ခံယူပါသည်။ ကိုယ့်ဒေသ၊ ကိုယ့်လူမျိုးကို ကိုယ်တိုင်အုပ်ချုပ်သော ဖက်ဒရယ်စနစ်ကို ကျင့်သုံးပြီး နယ်မြေဒေသအလိုက် ဖွံ့ဖြိုးတိုးတက်လာအောင် စနစ်တကျစီမံဆောင်ရွက်ခြင်းဖြင့် ဒို့တာဝန် အရေးသုံးပါးကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ပါသည်။

လေးစားအပ်ပါသော မိဘပြည်သူလူထုများ ခင်ဗျား–

**ပါတီ၏ အခြေခံမူဝါဒကို တင်ပြမည်–**

(၁) ပါတီ၏ စည်းရုံးရေးနယ်မြေအဖြစ် အခြေခံပြုသောနယ်မြေဟု သတ်မှတ်သော ဝိုင်းမော်မြို့နယ်၊ ချီဖွေမြို့နယ်၊ ဆော့လော်မြို့နယ်နှင့် အင်ဂျန်းယန်မြို့နယ်တို့တွင် မှီတင်းနေထိုင်လျက်ရှိသော ပြည်သူလူထုကို အခြေခံ၍ ဖွဲ့စည်းထားသော ဒေသအကျိုးပြုပါတီ ဖြစ်သည်။

(၂) ဒီမိုကရေစီကျင့်စဉ်ကို အခြေခံ၍ ဒေသအကျိုး၊ ပြည်သူလူထုအကျိုးနှင့် တိုင်းပြည်အကျိုးကို သယ်ပိုးဆောင်ရွက်မည်။

(၃) ပြည်သူလူထုနှင့်လက်တွဲပြီး ငြိမ်းချမ်းရေးကို ထာဝစဉ်တည်ဆောက်မည်။

(၄) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို အစဉ်ဦးထိပ်ထားမည်။

(၅) နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် ဒေသတည်ငြိမ်လုံခြုံမှုကို ထိပါးစေနိုင်သည့် အကြမ်းဖက်ဝါဒနှင့် ပုံစံအမျိုးမျိုးဖြင့်ဝင်ရောက်လာမည့် နယ်ချဲ့ဝါဒတို့ကို ဆန့်ကျင်တွန်းလှန်သွားမည်။

(၆) ပါတီသည် မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်ပါတီ၏ ဩဇာခံမှုမဖြစ်စေရ၊ လွတ်လပ်စွာ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်သော နိုင်ငံရေးပါတီဖြစ်သည်။

**ပါတီ၏ မူဝါဒ သဘောထား ၁၂ ချက် –**

(က) နိုင်ငံရေး မူဝါဒသဘောထား

( ခ ) စီးပွားရေး မူဝါဒသဘောထား

( ဂ ) ပညာရေး မူဝါဒသဘောထား

(ဃ) ကျန်းမာရေး မူဝါဒသဘောထား

( င ) တိုင်းရင်းသားလူမျိုးများအပေါ် ထားရှိသော မူဝါဒသဘောထား

( စ ) တောင်သူလယ်သမားများနှင့် ပတ်သက်သော မူဝါဒသဘောထား

(ဆ) အလုပ်သမားများနှင့် ပတ်သက်သော မူဝါဒသဘောထား

( ဇ ) လူငယ်များနှင့် ပတ်သက်သော မူဝါဒသဘောထား

( ဈ ) အမျိုးသမီးများနှင့် ပတ်သက်သော မူဝါဒသဘောထား

(ည) နိုင်ငံ့ဝန်ထမ်းများနှင့် ပတ်သက်သော မူဝါဒသဘောထား

( ဋ ) ဘာသာရေးဆိုင်ရာ မူဝါဒသဘောထား

( ဌ ) ယဉ်ကျေးမှုဆိုင်ရာ မူဝါဒသဘောထား

ယခုတင်ပြခဲ့သည့် မူဝါဒသဘောထားများသည် မိမိတို့ပါတီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းစာအုပ်တွင် အသေးစိတ်ဖော်ပြထားပြီး ဖြစ်ပါသည်။

လေးစားအပ်ပါသော မိဘပြည်သူလူထုများ ခင်ဗျား–

ကျွန်တော်တို့ ပါတီသည် ဌာနေဒေသခံတိုင်းရင်းသားများ၊ လူမျိုးဘာသာမရွေး အားလုံးပါဝင်ကြပြီး၊ စည်းလုံးညီညွတ်စွာနဲ့ မိမိတို့ ဒေသအကျိုးကို နိုင်ငံတော်အစိုးရနှင့် လက်တွဲ၍ အရှိန်အဟုန်မြင့်စွာ ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိနေပြီး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ကျင်းပမည့် ၂၀၂၀ပြည့်နှစ်၊ နိုဝင်ဘာလ (၈)ရက်နေ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ရာနှုန်းပြည့်အောင်နိုင်ရေး အထူးစီမံဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

ကချင်ပြည်နယ်၊ ကချင်အထူးဒေသ (၁) ထာဝရငြိမ်းချမ်းရေး နယ်မြေဖြစ်တဲ့ ဝိုင်းမော်မြို့နယ်၊ ချီဖွေမြို့နယ်၊ ဆော့လော်မြို့နယ်၊ ပါတီ၏ စည်းရုံးရေးနယ်မြေအဖြစ် သတ်မှတ်ထားသော အင်ဂျန်းယန်မြို့နယ်အတွင်း မှီတင်းနေထိုင်ကြသော ဌာနေဒေသခံတိုင်းရင်းသား မဲဆန္ဒရှင်မိဘပြည်သူလူထုများအနေဖြင့် မိမိတို့၏ တန်ဖိုးရှိလှစွာသော မဲတစ်ပြားကို မိမိဌာနေဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို စည်းလုံးညီညွတ်ခြင်းအင်အားနဲ့ အရှိန်အဟုန်မြင့်စွာ တကယ် လက်တွေ့ဆောင်ရွက်လျက်ရှိနေသော သင်၏ဒေသအကျိုးပြုပါတီ ဒီမိုကရေစီ ပါတီသစ် (ကချင်) ပါတီကို မဲပေးကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါသည်။

ပြည်ထောင်စုတိုင်းရင်းသား မိဘပြည်သူလူထုအပေါင်း၊ အန္တရာယ်ကင်း၊ ဘေးကင်းစွာ၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာ၊ သာယာချမ်းမြေ့ပြည့်ဝပါစေကြောင်း၊ ဆုတောင်းမေတ္တာ ပို့အပ်ပါသည်ခင်ဗျား။

**NDP(Kachin) ပါတီ**

**ဒါဒို့ပြည် ဒါဒို့မြေ ဒို့ဌာနေမြေ**
**ဒို့ပြည် ဒို့မြေ ဒို့ပါတီ**
**ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ**
**ထွန်းလင်းတောက်ပနေပြီနော်**

**ပြည်သူများရဲ့ ရင်မှာဖွား**
**ပြည်သူအများက ပိုင်ဆိုင်ထား**
**ထိန်းသိမ်းကြမယ် ဒို့ရိုးရာ**
**ဆောင်ရွက်ကြမယ် ဒို့ဌာနေ**
**ဖွံ့ဖြိုးစေရမည် ငြိမ်းချမ်းစေရမည်**

**(မိဘပြည်သူ မောင်မယ်များ**
**စည်းလုံးခြင်းသည် အင်အားဟေ့ဟေ့**
**(NDP Kachin ပါတီ)[၃]**
**ထွန်းလင်းတောက်ပနေပြီနော်)[၂]**

**တေးရေး – ဆောလန်ခေါတိန့်**
**တေးဆို – ဆောလန်ခေါတိန့်**
**– ဒွေါ့ဂျော်ဇယ်လွမ်း**
**– ဂျီချန်းနာမ်**
**– လရှီးခေါန်ခေါန်**

---

## အထူးရဲတပ်ဖွဲ့ဝင်များ ရွေးကောက်ပွဲ လုံခြုံရေး ဆိုင်ရာ သင်တန်းဖွင့်

**မန္တလေး အောက်တိုဘာ ၅**

မန္တလေးခရိုင် မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက် အကွက်(၃၆၀)၊ ၄၁ လမ်း၊ ၈၀ x ၈၀ လမ်းကြား၊ အ.ထ.က(၂၄) ကျောင်းရှိ ယုဇနခန်းမဆောင်၌ ယမန်နေ့က အထူးရဲတပ်ဖွဲ့ဝင်များ ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်မှူးရဲမှူးဝင်းနိုင်က သင်တန်းဖွင့်မိန့်ခွန်းပြောကြားခြင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းက အမှာစကားပြောကြားခြင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးကိုကိုကြီးက ရွေးကောက်ပွဲပုံစံ ၅ ရပ် နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခြင်း၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာချောချောနိုင်က ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအား ရှင်းလင်းပြောကြားခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်းနှင့် အခမ်းအနားသို့ အထူးရဲတပ်ဖွဲ့ဝင် ၃၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(မန်းကိုယ်ပွား)

# ပြည်သူ့အကျိုးပြုကျောင်းသားများပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၅

**ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ ဒု-ဥက္ကဋ္ဌ ဒေါ်ခင်စန်းမူက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် ဟောပြောချက် စာမူအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှတစ်ဆင့် ပေးပို့လာပါသည်။ အဆိုပါဟောပြောချက် စာမူအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -**

**လေးစားအပ်ပါသော မဲဆန္ဒရှင် မိဘပြည်သူများရှင်-**

ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်ဝပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်မကတော့ ပြည်သူ့အကျိုးပြုကျောင်းသားများပါတီမှ ဒုဥက္ကဋ္ဌ ဒေါ်ခင်စန်းမူဖြစ်ပါတယ်။ မဲဆန္ဒရှင် မိဘပြည်သူများရှင်။ ကျွန်မတို့ ပါတီရဲ့ ဖြစ်ပေါ်လာမှုနှင့် ဖွဲ့စည်းတည်ရှိမှုတို့ကို တင်ပြမှာဖြစ်ပါတယ်။

ကျွန်မတို့ပါတီဟာ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလမှ စတင်ကာ နိုင်ငံရေးအမြင်ရှိသူများ၊ စီးပွားရေးအမြင်ရှိသူများ၊ ပြည်သူများရဲ့ အကျိုးကိုဦးထိပ်ပန်ဆင်ကာ ပြည်သူ့အကျိုးကို ထဲထဲဝင်ဝင် ဆောင်ရွက်ပေးလိုသော အတွေ့အကြုံရှိကြသော ပုဂ္ဂိုလ်များနှင့် စုဖွဲ့ကာ ဖွဲ့စည်းထားခြင်းဖြစ်ပါတယ်။ ပါတီရဲ့ အလံနှင့် တံဆိပ်ကိုလည်း အဖြူရောင် ခွပ်ဒေါင်းကို ကြယ် (၁၄)လုံးမှ စက်ဝိုင်းပုံသဏ္ဌာန် ဝန်းရံထားပါတယ်။

အဓိပ္ပာယ်ဖော်ပြရမယ်ဆိုလျှင် ဒီမိုကရေစီပြောင်းလဲရေးအတွက် တစ်တိုင်းပြည်လုံး ဆန္ဒထုတ်ဖော်ပြသရာတွင် ယနေ့ပါတီဖွဲ့စည်းခဲ့သော ပါဝင်ခဲ့သော ပုဂ္ဂိုလ်များသည် ကျောင်းသားအဖြစ် တည်ရှိနေရာမှ ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြသော ကျောင်းသားများဖြစ်သည့်အတွက် ကျောင်းသားများရဲ့ သင်္ကေတ (ဗိုလ်ချုပ်အောင်ဆန်းတို့မှ စတင်ခဲ့သည့်) ခွပ်ဒေါင်းအား သင်္ကေတယူခဲ့ပါသည်။ ယခင်က ခွပ်ဒေါင်းသည် နယ်ချဲ့ဆန့်ကျင်ရေးကာလဖြစ်သည့်အတွက် မျိုးချစ်စိတ်ရှိစေရန် အနီရောင်ဖြစ်သော်လည်း ယနေ့ကာလသည် ငြိမ်းချမ်းစွာ ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးနေသည့်အတွက် အရောင်ကင်း၍ အဆင်းလှသော "အဖြူရောင် ခွပ်ဒေါင်း" ဖြစ်ပါသည်။ ဝန်းရံထားသော ကြယ်(၁၄)လုံးမှာ ကျွန်မတို့ရဲ့ ညီနောင်များဖြစ်တဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်သော ပြည်နယ်ဒေသကြီး၊ တိုင်းဒေသကြီးများအတွက် သင်္ကေတအမှတ်အသားဖြစ်ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများရှင်-**

ကျွန်မတို့ပါတီရဲ့ မူဝါဒသဘောထားများကို ဆက်လက်တင်ပြ အစီရင်ခံပါမယ်ရှင်။

**နိုင်ငံခြားရေးမူဝါဒအနေဖြင့်**

ဘက်လိုက်မှုကင်းပြီး လွတ်လပ်၍ တရားမျှတသော မူဝါဒဖြစ်ပါတယ်။ တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်နိုင်ငံရဲ့ လွှမ်းမိုးခြင်းကို လက်မခံဘဲ ဘက်လိုက်မှုကင်းရှင်းခြင်းကို လက်ခံတဲ့ မူဝါဒဖြစ်ပါတယ်။

မည်သည့်နိုင်ငံကိုမျှ ကျူးကျော်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း ပြုလုပ်မှာမဟုတ်သလို၊ မိမိနိုင်ငံနဲ့ တိုင်းပြည်လူမျိုးပေါ်ကိုလည်း ကျူးကျော်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်းတို့ကို မည်သည့်အခါမျှ လက်ခံမည်မဟုတ်ဘဲ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူဝါဒကို ကျင့်သုံးပါမည်။

အင်အားကြီးနိုင်ငံများ/ လက်နက်အင်အားတောင့်တင်းသော နိုင်ငံများနှင့် ထိစပ်နေသည့် ကျွန်မတို့တိုင်းပြည်အတွက် အင်အားတောင့်တင်းသော ခေတ်မီလက်နက်တပ်ဆင်ထားသော ပြည်ထောင်စုတပ်မတော်တစ်ရပ်ဖြစ်တည်ရေး ဆောင်ရွက်မည့် မူဝါဒများ ဖြစ်ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများရှင်**

**စီးပွားရေးမူဝါဒအနေနဲ့**

အခြေခံလူတန်းစားအများစု ပါဝင်သော စီးပွားရေးလုပ်ငန်းများအား ဦးစားပေးပါမည်။ အခြေခံအလုပ်သမားများပါဝင်သော အသေးစား တစ်ပိုင်တစ်နိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးဆောင်ရွက်ပါမည်။ အများပိုင်ကုမ္ပဏီများ ပေါ်ပေါက်ရေးဦးစားပေးပါမည်။

အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဆောင်ရွက်နိုင်ရန် မူဝါဒနှင့်အညီ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအား ခွင့်ပြုဆောင်ရွက်ပေးပါမည်။ ပညာရေးမူဝါဒအား ဆက်လက်တင်ပြပါမည်။

မသင်မနေစနစ်အား အခြေခံပညာအထက်တန်းအထိ အဆင့်ဆင့် ဆောင်ရွက်ပေးပါမည်။ လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန် လူသားအရင်းအမြစ်များ ရရှိရေးအတွက် ခေတ်မီလျော်ညီသော သက်မွေးဝမ်းကျောင်း ပညာရေးမူဝါဒ ချမှတ်ဆောင်ရွက်ပါမည်။

ပညာရေးအစ၊ ဘက ပညာရေးကျောင်းကဆိုသည့် စကားအရ၊ တိုင်းရင်းသားပြည်သူအများ လေးစားယုံကြည်သည့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ဖွင့်လှစ်နိုင်ရေး ဦးစားပေးဆောင်ရွက်ပါမည်။

ကျန်းမာရေးမူဝါဒအား ဆက်လက်တင်ပြပေးပါမည်။

လက်ရှိနိုင်ငံတစ်ဝှမ်းရှိ ဆေးရုံ/ဆေးခန်းများအား နိုင်ငံတကာနှင့် ယှဉ်နိုင်စေရန် ခေတ်မီကိရိယာများ တပ်ဆင်ခြင်းအား ဦးစားပေးပါမည်။ သက်ကြီးရွယ်အိုအားလုံးအား ဆေးဝါးအခမဲ့ကုသခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ပေးသော ဂေဟာများ ဖွင့်လှစ်တည်ထောင်ပေးပါမည်။

ကလေးမွေးဖွားစဉ် သေဆုံးမှုလျော့ချရေးနှင့် အသိပညာပေးမှုများအား လုပ်ငန်းစဉ် တစ်ရပ်အဖြစ် မဖြစ်မနေ ဆောင်ရွက်ပေးသွားပါမည်။ တိုင်းပြည်၏ အခြေခံဒေသများဖြစ်သော မြို့များနှင့် ဝေးကွာသည့် နေရာဒေသများ၊ တောင်ပေါ်ဒေသများတွင် ကျေးရွာအုပ်စုအလိုက်၊ တိုက်နယ်ဆေးရုံတစ်ရုံစီနှင့် ကျန်ကျေးရွာများတွင် ဆေးပေးခန်း/ သားဖွားခန်းများအား ဖွင့်လှစ်နိုင်ရေး အထူးဦးစားပေးဆောင်ရွက်သွားပါမည်။

လူမှုရေးမူဝါဒအား ဆက်လက်တင်ပြပါမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူများ ယုံကြည်ကိုးကွယ်ရာဖြစ်သော ဗုဒ္ဓဘာသာ၊ မွတ်ဆလင်ဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာတို့အပြင် အခြားမိမိယုံကြည်ရာကိုးကွယ်မှုများကို လွတ်လပ်စွာ ကိုးကွယ်နေမှုအား ဆက်လက်၍ ကူညီပံ့ပိုးပေးသွားပါမည်။ အသင်း/အဖွဲ့များအား ဥပဒေနှင့်အညီ လွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်နိုင်ရေး ဆောင်ရွက်ပေးပါမည်။ နိုင်ငံသားတိုင်းရရှိမည့် တန်းတူအခွင့်အရေးရရှိမှုများအား တိုးတက်နိုင်သမျှ တိုးတက်စေရေး ဦးစားပေးပါမည်။

နိုင်ငံရေးမူဝါဒအား ဆက်လက်တင်ပြပါမည်။

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြင့် စည်းလုံးညီညွတ်သော ဖက်ဒရယ်ပြည်ထောင်စု ဖော်ဆောင်ရေးကို ဦးစားပေးဆောင်ရွက်ပါမည်။ ဖက်ဒရယ်ပြည်ထောင်စု၏ အဓိကအစိတ်အပိုင်းများဖြစ်သော တိုင်း/ ပြည်နယ်များ အာဏာခွဲဝေမှုနှင့် လုပ်ပိုင်ခွင့်အခွင့်အလမ်းများ၊ ခွင့်တူညီမျှရေးအတွက် ဦးစားပေးတောင်းဆိုသွားပါမည်။

**မဲဆန္ဒရှင် မိဘပြည်သူများရှင်**

ကျွန်မတို့ပါတီဟာ အခြေခံလူတန်းစားဖြစ်တဲ့၊ တောင်သူလယ်သမား၊ အလုပ်သမားများ အများဆုံးနေထိုင်ရာမြို့နယ်မှာ ဖွဲ့စည်းတည်ထောင်ထားတဲ့ ပါတီဖြစ်ပါတယ်။ ဒါ့ကြောင့် လယ်သမားများရဲ့ အခွင့်အရေးများကို မဆုံးရှုံးစေရန် အဓိကထား ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လယ်သမားများရဲ့ လယ်ယာမြေများအား မှန်ကန်စွာ ပြန်လည်ရရှိရေး ဖြစ်ပေါ်စေရန် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ယခု ကျွန်မတို့ပါတီ အခြေစိုက်ရာဒေသသည် စက်ရုံပေါများပြီး အလုပ်သမားထုများ များပြားစွာ လုပ်ကိုင်လျက်ရှိပါတယ်။ အနယ်နယ်အရပ်ရပ်မှ လာရောက်အလုပ်လုပ်ကိုင်နေကြသော ညီအစ်ကိုမောင်နှမများအား ၎င်းတို့၏ အခက်အခဲများကို အဓိကထား ဦးစားပေး ညှိနှိုင်းဖော်ဆောင်ပေးသွားပါမယ်လို့ ကတိပြုပါတယ်။ ရသင့်ရထိုက်သည်များကို အမှန်တကယ်ရရှိရေး အထူးဆောင်ရွက်ပေးသွားပါမယ်လို့ ကတိပေးအပ်ပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူများရှင်**

အထက်ကဖော်ပြခဲ့တဲ့ ကျွန်မတို့ပါတီရဲ့မူဝါဒများကို မိဘပြည်သူများအား တင်ပြဆွေးနွေးခြင်းသည် ယခုကျင်းပမယ့် အထွေထွေရွေးကောက်ပွဲကြီးမှာ ကိုယ်စားလှယ်များ ရွေးချယ်ရာတွင် အတွေးများပြီး အရွေးမမှားစေဖို့ တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်မတို့ပါတီဟာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၇ အရ နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်ဟု ဖော်ပြချက်အား အပြည့်အဝထောက်ခံပြီး ရွေးကောက်ပွဲဝင်ခဲ့ခြင်း ဖြစ်ပါတယ်။ ကျွန်မတို့ပြည်သူအားလုံး လိုလားသော ဒီမိုကရေစီစနစ်ကို တစ်သင်း /တစ်ဖွဲ့/ တစ်ပါတီတည်းမသွားဘဲ ပါတီစုံကို အခြေခံသွားခြင်း ဖြစ်ကြောင်း မှန်ကန်သောလမ်းကြောင်းအဖြစ် မှတ်ယူပါတယ်။

**မိဘပြည်သူများရှင်**

ကျွန်မတို့ပါတီဟာ အမှီအခိုကင်းပြီး အရောင်ဖြူစင်တဲ့အတွက် ဘယ်ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ရဲ့ နောက်ကလိုက်နေရတဲ့ နောက်လိုက်တွေ မဟုတ်ပါဘူး။ ကျွန်မတို့ ပါတီဝင်အားလုံးဟာ ဒီမြေမှာမွေး၊ ဒီမြေမှာကြီး၊ ဒီရေကို အတူသောက်ခဲ့တဲ့ ညီရင်းမောင်နှမတွေပါ။ ကျွန်မတို့ ကိုယ့်အိမ်၊ ကိုယ့်နိုင်ငံကိုပစ်ပြီး ဘယ်မှမသွားခဲ့ကြဘဲ၊ ဒီတိုင်းပြည်အပေါ်မှာ သံယောဇဉ်ရှိစွာ နေခဲ့ကြတာပါ။ ယနေ့မဲပေးမယ့် မိဘပြည်သူများဟာ ဒီနိုင်ငံမှာမွေးရာကစ သေဆုံးသည့်တိုင် နေထိုင်လျက်ရှိကြတဲ့အတွက် စိတ်ထားမြင့်မြတ်တဲ့ မြန်မာလူမျိုးများဖြစ်ကြောင်း တင်ပြလိုပါတယ်။

သေအတူရှင်မကွာ ဒီနိုင်ငံရဲ့ ခေတ်အဆက်ဆက် တွေ့ကြုံခဲ့ရတဲ့ အခက်အခဲတွေကို ယခုလို ဖော်ဆောင်ခွင့်ရတဲ့အချိန်မှာ မြန်မာနိုင်ငံသား စိတ်ဓာတ်အပြည့်နဲ့ ထမ်းဆောင်ချင်ပါတယ်။ အပေါ်ယံသဘောနဲ့ ပြောဆိုမှုများကို ရှုတ်ချပြီး မှန်ကန်စွာပြောဆိုတဲ့ အခြားပါတီတွေကို မဲပေးကြပါ။ အရွေးမမှားစေပါနဲ့။ ကိုယ့်တိုင်းပြည်ကို နွံထဲ အကျမခံပါနဲ့လို့ တင်ပြချင်ပါတယ်။



နိဂုံးချုပ်အနေနဲ့ ရွေးကောက်ပွဲဝင်ရောက်မယ့် ကျွန်မတို့ပါတီကိုယ်စားလှယ်လောင်းများရဲ့ အရောင်ကင်းအဆင်းဖြူတဲ့ ဒေါင်းဖြူကို ကြယ်(၁၄)လုံး ဝန်းရံထားသော ကျွန်မတို့ပါတီရဲ့ သင်္ကေတဘေးမှာ အမှန်တံဆိပ်ခတ်နှိပ်ပေးရင်း ရှင်လန်းတက်ကြွစွာ မဲပေးကြပါ။ ကျွန်မတို့ပါတီအနေဖြင့် အပြောကောင်းခြင်းမဟုတ်ဘဲ အကောင်းပြောခြင်းသာဖြစ်ကြောင်း လေးစားစွာ တင်ပြအစီရင်ခံအပ်ပါသည်ရှင်။

ကျွန်မတို့ပါတီရဲ့ ဆောင်ပုဒ်ကတော့-

လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီ၊
စဉ်ဆက်မပြတ် ပြည်သူ့အတွက်၊
အားသွန်ခွန်စိုက်ထမ်းရွက်ကာ၊
ပြည်သူချစ်တဲ့ဒေါင်းဖြူပါ။ ဖြစ်ပါတယ်။

မဲဆန္ဒရှင်မိဘပြည်သူများ ရွှင်လန်းချမ်းမြေ့စေကြောင်း ဂါရဝပြု နှုတ်ခွန်းဆက်သလိုက်ပါတယ်ရှင်။

## သာယာပါစေ တို့အမိမြေ

တေးရေး/တေးဆို -စောကြီး

V1 သမိုင်းတစ်ခေတ် ဆန်းသစ်လို့လာပြီ .. ဒီမိုကရေစီနိုင်ငံသစ်သို့ချီ...
ကျောင်းသားများရဲ့ အားမာန်နဲ့ ... ဒီပါတီကို တည်ထောင်ခဲ့ကြပြီ ...
ဖွဲလုံ့လ ဝီရိယ အားမာန်နဲ့ ... ပြည်သူ့အကျိုးကို မျှော်ကိုးလို့ရယ် ...
ဘယ်နေရာမဆိုအရှေ့က မားမားမတ်ရပ်တည် . . . ပျော်ရွှင်ဖွယ်ရာ နိုင်ငံသစ်သို့ချီ...

V2 မြန်မာသမိုင်းရဲ့ ခရီးလမ်းတစ်လျှောက်မှာလည်း ... ပြည်သူ့အကျိုးပြု လုပ်ငန်းများကို ...
ကျောင်းသားများက ဦးဆောင်ပြီး ... အသက်ပေးကာ တာဝန်ထမ်းခဲ့သည် ...
အားလုံးရဲ့ ဘဝအေးချမ်းဖို့ ... နိုင်ရာတာဝန်ကိုယ်စီထမ်းကြပြီ...
ညီညွတ်ခြင်းနဲ့ စည်းလုံးခြင်းအားမာန် ... ဒီမိုကရေစီကိုလေ ဖော်ဆောင်ပြီ...

CHO ပြည်ထောင်စုမပြိုကွဲရေး . . .
တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ...
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ...
စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော .. ဒီမိုကရေစီထွန်းကားရေး ...
လွတ်လပ်ခြင်း တရားမျှတခြင်းနဲ့အတူ လောကပါလတရားများ ထွန်းကားရေးအတွက်ဦးတည်ပါမည်။

V3 ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ ... ပြည်သူ့အကျိုးကို ထာဝရ ထမ်းရွက်မည် ...
လူ့အခွင့်အရေးအပြည့်အဝရစေမည် . . . သန္နိဋ္ဌာန်ကေန်ချမှတ်ပြီ ...
ပြည်သူ့အရေးနဲ့ အခြားအရေးများပါမကျန် ... ဘာသာရေးနဲ့ သာသနာရေးများအတွက် ...
အတူလက်တွဲကာ ကြိုးစားခရီးဆက်မယ် ... သာယာပါစေ တို့မိမြေ...

CHO (ပြည်ထောင်စုမပြိုကွဲရေး ...
တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ... ။
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ...
စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော . . ဒီမိုကရေစီထွန်းကားရေး ...
လွတ်လပ်ခြင်း တရားမျှတခြင်းနဲ့အတူ .. လောကပါလတရားများ ထွန်းကားရေးအတွက် ဦးတည်ပါမည်။)၂
တို့ရဲ့ မြန်မာပြည် ကြီးပွားတိုးတက်ရေးအတွက် .. အစဉ်ကြိုးစားနေမည် ...


## ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့. . . .

- အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် နောက်ဆုံးအကြိမ်အဖြစ် ၁၄ ရက်ကြာ ထပ်မံ ကပ်ထားကြေညာမည်။
- မဲဆန္ဒရှင်များအနေဖြင့် လိုအပ်သော တောင်းဆိုမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများ ထပ်မံဆောင်ရွက်နိုင်မည်။

# ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ရောဝတီဖောင်ဒေးရှင်းက နှာခေါင်းစည်း ငါးသန်း ထုတ်လုပ်ကာ အခမဲ့ဖြန့်ဝေပေးမည်

**ရန်ကုန် အောက်တိုဘာ ၅**

ရောဝတီဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ယခုအခါ နှာခေါင်းစည်း ငါးသန်း ထုတ်လုပ်ကာ အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်သည်။

ရောဝတီ ဖောင်ဒေးရှင်းသည် ကိုဗစ်-၁၉ ရောဂါကို ကာကွယ်ရန်နှင့် လက်ရှိ ကမ္ဘာ့လေထုညစ်ညမ်းမှုကို ကာကွယ်ပေးနိုင်ရန် နှာခေါင်းစည်း ထုတ်လုပ်စက်ကို ပြီးခဲ့သည့် ခြောက်လကတည်းက မှာယူထားပြီး မကြာမီက ရောက်ရှိလာသောကြောင့် ပြည်ပ ပညာရှင်များ ဦးစီးကာ တပ်ဆင်လည်ပတ်နိုင်ခဲ့ခြင်း ဖြစ်သည်။ နှာခေါင်းစည်းထုတ်လုပ်စက်သည် တစ်နာရီကို ငါးထောင်နှုန်းဖြင့် တစ်ရက်လျှင် နှာခေါင်းစည်း ငါးသောင်းအထိ ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ရောဝတီဖောင်ဒေးရှင်းသည် နှာခေါင်းစည်းများကို လိုအပ်ချက်ရှိသူများနှင့် ဝင်ငွေနည်းပါးသည့် အများပြည်သူများအတွက် နှာခေါင်းစည်း ငါးသန်းအထိ အခမဲ့ဖြန့်ဝေပေးမည်ဖြစ်သည်။



ရောဝတီ ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသည့် မတ်လကတည်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိပြီး လက်ရှိအချိန်တွင်လည်း ကုသရေးစင်တာများ တည်ဆောက်ပေးခြင်း၊ ရောဂါဖြစ်ပွားနေသူများအတွက် နေ့စဉ်အစားအသောက်များ စီစဉ်ပေးခြင်း၊ ဆရာဝန်နှင့် ကျန်းမာရေး ဝန်ထမ်းများအတွက် အနေအထိုင်၊ အစားအသောက်နှင့် သွားလာမှုအဆင်ပြေစေရန် ဆောင်ရွက်ပေးခြင်းအပြင် အခြားလိုအပ်မှုများကို လှူဒါန်းပေးလျက်ရှိသည်။

ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ကိုမိုး

# ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် တောင်ငူခရိုင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ အလှူငွေများ လှူဒါန်း

**တောင်ငူ အောက်တိုဘာ ၅**

ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အဖြစ် အောက်တိုဘာ ၅ ရက်က နည်းပညာတက္ကသိုလ် (တောင်ငူ)မှ ပါမောက္ခချုပ် ဒေါက်တာမောင်မောင်လတ်၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများက တောင်ငူတက္ကသိုလ် ယာယီဆေးရုံပြင်ဆင်ရန်နှင့် အထွေထွေအသုံးပြုရန်အတွက် အလှူငွေကျပ် ၁၆ သိန်းကို တောင်ငူခရိုင် အုပ်ချုပ်ရေးမှူးရုံး ဘုရင့်နောင်ခန်းမ၌ ပေးအပ်ရာ ခရိုင် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ တောင်ငူခရိုင် အုပ်ချုပ်ရေးမှူး ဦးမိုးထက်က လက်ခံယူပြီး အလှူရှင်များသို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်လိုက်ကြောင်း သိရသည်။



ဝ၄၈





## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot - line ဖုန်းများဖြစ်သည့် ဝ၆၇-၃၄ဝ၄၆၆၆ နှင့် ဝ၆၇-၃၄ဝ၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၅ - ၁ဝ - ၂ဝ၂ဝ

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃ဝ၈ဝဝဝ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃ဝ၃ဝဝဝ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈ဝဝ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃ဝ၈ဝဝဝ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃ဝ၃ဝဝဝ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈ဝဝ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၁၅/၅၅၅ | ကျပ် | ၅၅၅/၅၆၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၂၅/၅၇ဝ | ကျပ် | ၅၇ဝ/၅၈ဝ | ကျပ် |
| အောက်တိန်း ၉၂ | ၄၆၅/၅ဝ၅ | ကျပ် | ၅၃၅/၅၄၅ | ကျပ် |
| အောက်တိန်း ၉၅ | ၅၉၅/၆၂ဝ | ကျပ် | ၆၆ဝ/၆၇ဝ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃ဝ၂ . ဝ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၃ဝ . ဝ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၅၆ . ၄ဝ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၈၇ . ၅ |
| ဂျပန် | ၁ဝဝ ယန်း | ကျပ် | ၁၂၃၂ . ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၃၅ . ၃ဝ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၁ . ၇၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၇၇၂ |
| ကိုရီးယား | ၁ဝဝ ဝမ် | ကျပ် | ၁၁၂ . ၁၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၃ . ၁၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၁ . ၃၃၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁ဝဝဝဝ | ၁ဝဝဝဝ | ၄၃၉ | ၄၃၉ဝဝဝဝ |
| MTSH | ၃၇၅ဝ | ၃၇ဝဝ | ၁၂၈ | ၄၇၅၈၅ဝ |
| MCB | ၈ဝဝဝ | ၈ဝဝဝ | ၁၂ | ၉၆ဝဝဝ |
| FPB | ၂၂ဝဝဝ | ၂၁၅ဝဝ | ၄၁၁ | ၈၈၄၂ဝဝဝ |
| TMH | ၂၇၅ဝ | ၂၇၅ဝ | ၁၁၈ | ၃၁၉ဝဝဝ |
| EFR | ၃ဝ၅ဝ | ၃ဝ၅ဝ | ၁ဝ၉ | ၃၃၂၄၅ဝ |

ခင်ရတနာ - စုစည်းသည်

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - ဝင်းကျော်
**သတင်းထောက်ချုပ်** - မြင့်ဆွေ
**စာတည်းများ** - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီဆွေ၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (ဝ၁ဝ၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (ဝဝ၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ဝ၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ဝ၆၇-၃၆၁၄၅၊ **ဖက်စ်** ဝ၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄ဝ၊ **စာတည်းအဖွဲ့** ဝ၁-၅၄၄၃ဝ၉၊ **မန်နေဂျာ** ဝ၁-၅၄၄၃၁၄၊ **စီမံ** ဝ၁-၅၄၄၃၁၅၊ **ငွေစာရင်း** ဝ၁-၅၄၄၃၁၆၊ **ကြော်ငြာ** ဝ၁-၅၄၅၈၃၄၊ ဝ၁- ၅၅၉၁၁၈၊ **Fax** ဝ၁-၅၄၆၂၂၁၊ ဝ၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ဝ၁-၅၄၄၃၁၇၊ **Fax** ဝ၁-၈၆ဝ၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# စဥ့်ကိုင်နှင့် ပလိပ်မြို့ဟောင်း

မောင်သာ(ရှေးဟောင်းသုတေသန)

ပလိပ်မြို့နှင့်ပတ်သက်လျှင် မြန်မာစာပေသမိုင်းတွင် စာဆိုဦးဖျော် ရေးဖွဲ့ခဲ့သည့် ရွှေနားတော်သွင်းချေငး (ပလိပ်စားချေင်း)သည် အလွန်ထင်ရှားခဲ့သည်။ ပလိပ်သည် မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ်တွင် တည်ရှိ၍ စဥ့်ကိုင်မြို့မှ အနောက်မြောက်ယွန်းယွန်းသို့ ရှစ်မိုင်ခန့်နှင့် မန္တလေးမြို့မှ တောင်ဘက်သို့ ၁၄ မိုင် ကွာဝေးပြီး မြစ်ငယ်မြစ်(ဒုဋ္ဌဝတီမြစ်)၏ အရှေ့ဘက်ကမ်း၌ရှိသဖြင့် ကုန်းလမ်း၊ ရေလမ်းဖြင့် အလွယ်တကူ သွားရောက်နိုင်သည်။

အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် စက်တင်ဘာလကုန် စာရင်းများအရ ပလိပ်ကျေးရွာအုပ်စုတွင် အိမ်ခြေ ၃၈၂၄ လုံးရှိ၍ လူဦးရေ ၁၈၀၇၇ ဦး နေထိုင်လျက်ရှိသည်။ လက်ရှိအချိန်တွင် ပြည်တွင်းဘုရားဖူးများ သွားရောက်လေ့ရှိကြသည့် မြွေဘုရားကြောင့် ကျော်ကြားသည့် ပလိပ်ဒေသသည် ရှေးဟောင်းနယ်မြေတစ်ခုဖြစ်ကာ ရှေးဟောင်းအဆောက်အအုံများစွာသည် ပလိပ်၌ ယနေ့တိုင် ကျန်ရှိနေသည်။

ထို့ကြောင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ပလိပ်ဒေသကို ရှေးဟောင်းအဆောက်အအုံ တည်ရှိရာဇုန်၊ ရှေးဟောင်းနေရာ တည်ရှိသည့်ဇုန်၊ ကာကွယ်ထိန်းသိမ်းထားသောဇုန်(၁၁/၂၀၀၈)အဖြစ် ၂၀၀၈ ခုနှစ် ဩဂုတ်လ ၂၅ ရက်က သတ်မှတ်ခဲ့သည်။ ပလိပ်၌ ကျန်ရှိနေသည့် ရှေးဟောင်းစေတီ ၃၂၅ ဆူအနက် အချို့ကိုသာ မွမ်းမံပြုပြင်ထားပြီး အများစုသည် စေတီပျက်များအဖြစ် တည်ရှိနေကြသည်။

ပလိပ်မြို့ရှိ ရတနာလာဘမုနိဘုရား (မြွေဘုရား)၊ ဇန်းမော်ကျောင်း၊ ကျိတ်ကုန်းကျောင်း၊ ပါဠ္ဍလိကျောင်း၊ ဗောဓိကျောင်း၊ လေးထပ်ကျောင်းနှင့် နောက်တော်ပါကျောင်းတို့ကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနက ထိန်းသိမ်းစောင့်ရှောက်ထားသည်။ ယင်း စေတီ၊ ဂူဘုရား၊ သိမ်၊ တန်ဆောင်းများတွင် အင်းဝခေတ်၊ အမရပူရခေတ်၊ ကုန်းဘောင်ခေတ်နှင့် ကိုလိုနီခေတ်လက်ရာများကို တွေ့ရှိရသည်။

**စဥ့်ကိုင်နှင့် ပလိပ်**

ပြည်ထဲရေးဝန်ကြီးဌာန မှတ်တမ်းတွင် စဥ့်ကိုင်မြို့နယ်အတွင်း ရှေးဟောင်းသုတေသန တွေ့ရှိချက်များအရ ကျောက်ခေတ်ယဥ်ကျေးမှုကို တွေ့ရှိရပြီး နှောင်းခေတ်များတွင် ပဒေသရာဇ်အုပ်ချုပ်မှုအောက်၌ ရှိခဲ့ကြောင်းနှင့် အနော်ရထာမင်း မတိုင်မီက မွန်၊ ရခိုင်၊ ပလောင်၊ ဝ နှင့် ဗမာလူမျိုးများ နေထိုင်ခဲ့ကြောင်း ဖော်ပြထားသည်။

စဥ့်ကိုင်သည် အင်းဝခေတ်က ဇော်ဂျီ ငါးခရိုင်၌ ပါဝင်ခဲ့ကာ စဥ့်ကိုင်ကို ယခင်က ဆဠ္ဌဂံကုန်းဟု ခေါ်ဆိုခဲ့ကြောင်း၊ လက်ရှိ စဥ့်ကိုင်မြို့၏ တောင်ဘက် တစ်မိုင်အကွာတွင် စဥ့်ကိုင်ကြီးရွာရှိခဲ့ကာ ငစဥ့်ကိုင်ဟုခေါ်ခဲ့ကြောင်း၊ ဗြိတိသျှအစိုးရ လက်ထက်တွင် ယင်းနေရာ၌ မီးရထားဘူတာရုံ တစ်ခုကို တည်ဆောက်ခဲ့ပြီး 'င'ကိုဖြုတ်၍ စဥ့်ကိုင်ဘူတာဟု အမည်ပေးခဲ့ကြောင်း၊ ဘူတာအနီးတွင် စဥ့်ကိုင်မြို့ကို ထူထောင်ခဲ့ကြောင်း ယင်းမှတ်တမ်းတွင် ဖတ်ရှုရပေသည်။

လက်ရှိတွင် စဥ့်ကိုင်မြို့နယ်သည် ကျောက်ဆည်ခရိုင်အတွင်း ကျောက်ဆည်၊ တံတားဦးနှင့် မြစ်သားမြို့နယ်တို့နှင့်အတူ ပါဝင်သည်။ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသည် စဥ့်ကိုင်မြို့နှင့် ရပ်ကွက်များကို ၁၉၇၂ ခုနှစ် ဇူလိုင် ၁၅ ရက်တွင်လည်းကောင်း၊ ကျေးရွာအုပ်စုများကို ၁၉၇၃ ခုနှစ် ဇူလိုင် ၂၅ ရက်တွင်လည်းကောင်း ဖွဲ့စည်းခဲ့သည်။ စဥ့်ကိုင်မြို့နယ်တွင် ရပ်ကွက် ငါးခု၊ ပလိပ်ကျေးရွာအုပ်စု အပါအဝင် ကျေးရွာအုပ်စု ၄၈ အုပ်စုနှင့် ကျေးရွာ ၁၆၃ ရွာ ရှိသည်။

ပလိပ်ဟူသည့်အမည် ဖြစ်ပေါ်လာခြင်းအပေါ် ယူဆချက်အမျိုးမျိုး ရှိခဲ့သည်။ ပုဂံဘုရင် အနော်ရထာ၏ မိဖုရားတစ်ပါးဖြစ်သူ စောမွန်လှအား နားတောင်းပန်ဆင်ရန် ပေရွက်ကိုလိပ်၍ ဆက်သခဲ့သဖြင့် ပေလိပ်ဟု ခေါ်ဆိုရာမှ ပလိပ်ဖြစ်လာသည်ဟုလည်းကောင်း၊ စောမွန်လှသည် မင်းပြစ်မင်းဒဏ်သင့်၍ ပုဂံနေပြည်တော်မှ မိမိမွေးရပ် ရှမ်းပြည်သို့ ပြန်လာစဉ် ယခု ပလိပ်ဒေသအနီး ရောက်ရှိချိန်၌ ဒုဋ္ဌဝတီမြစ်အတွင်း ငါးလေးများကိုမြင်သဖြင့် ရှမ်းဘာသာစကားဖြင့်"ပါလိစ်"ဟု ခေါ်ရာမှ ပလိပ်ဟု ပြောင်းလဲခဲ့သည်ဟုလည်းကောင်း မူကွဲ နှစ်ခုလုံးကို အများစုက လက်ခံကြသည်။ အချို့ကလည်း ပလိပ်ဒေသသို့ ရှမ်းပြည်နယ်မှကုန်သည်များ ငါးဆားနယ်များ လာရောက်ဝယ်ယူရာတွင် ပါလိစ်သို့သွားမည်ဟု ပြောခဲ့ကြသည်ဟုလည်း ဆိုကြသည်။

သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ပလိပ်သည် မြန်မာစကားဖြစ်ကြောင်းနှင့် ရှမ်းတို့အခေါ် ငါးသေးများ ပေါသောအရပ်ဟု ဆိုလျှင်လည်း မမှားကြောင်း ပြောဆိုခဲ့သည်။ သို့သော် မြန်မာအဘိဓာန်တွင် ပလိပ် ဟူသည့် စကားလုံးကို အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း မရှိချေ။

မြစ်သားမြို့နယ်အနီးတစ်ဝိုက် နေရာများတွင် ကျောက်လက်နက်များ၊ ပျူယဥ်ကျေးမှု အသုံးအဆောင်ပစ္စည်းများ၊ နံရံဆေးပန်းချီများ၊ သမိုင်းမှတ်တမ်းကျောက်စာများနှင့် ရှေးဘုရင်များတည်ထားခဲ့သည့် စေတီပုထိုးများကို မြင်တွေ့နိုင်ကြသည်။ လက်ရှိအချိန်တွင် စဥ့်ကိုင်မြို့နယ်တစ်ခုလုံး၌ ရှေးဟောင်းစေတီများ အပါအဝင် ဘုရားစေတီပုထိုးပေါင်း ၃၆၀၈ ဆူ တည်ရှိနေ၍ ပလိပ်ကျေးရွာရှိ မြွေဘုရား၊ သိန္နီကုန်းကျေးရွာရှိ ဖားလင်ပိုးဘုရားနှင့် ရွာနိုင်ရပ်ကွက်ရှိ ရွှေကျီးနားဘုရားတို့သည် ထင်ရှားကြသည်။



ပလိပ်ဒေသမှ သာသနာရေးဆိုင်ရာ ရှေးဟောင်းအဆောက်အအုံတစ်ခု

**ဦးကုလားနှင့် စဥ့်ကိုင်**

မြန်မာစာပေသမိုင်းတွင် ၁၈ ရာစု နောက်ပိုင်းမှ ၁၉ ရာစု နှစ်ဦးပိုင်းအတွင်း ရာဇဝင်ကျမ်းများ ပေါ်ထွက်ခဲ့ရာ ညောင်ရမ်းခေတ် တနင်္ဂနွေမင်း(ခရစ်နှစ် ၁၇၁၄-၁၇၃၃) လက်ထက်တွင် ဦးကုလားရာဇဝင်၊ ကုန်းဘောင်ခေတ် ဗဒုံမင်း(ခရစ်နှစ် ၁၇၈၂-၁၈၁၉)လက်ထက်တွင် တွင်းသင်းမဟာရာဇဝင်သစ်နှင့် စစ်ကိုင်းမင်း(ခရစ်နှစ် ၁၈၁၉-၁၈၃၇) လက်ထက်တွင် မှန်နန်းရာဇဝင်တို့ကို ရေးသားပြုစုခဲ့ကြသည်။

ယင်းရာဇဝင်ကျမ်းများ မပေါ်မီက ပြုစုခဲ့သည့် ရာဇဝင်ကျမ်းများသည် အမျိုးအမည်များ ကွဲပြားနေကြသကဲ့သို့ အကြောင်းအရာများသည် တစ်စောင်နှင့်တစ်စောင် မတူမညီ ကွဲပြားနေကြသဖြင့် ညောင်ရမ်းမင်းဆက်၊ ကိုးဆက်မြောက်ဘုရင် တနင်္ဂနွေမင်းလက်ထက် (ခရစ်နှစ် ၁၇၁၄-၁၇၃၃)တွင် စဥ့်ကိုင်သူဌေး ဒေဝသေဋ္ဌနှင့် သူဌေးကတော် မဏိသြဃတို့၏သား ဦးကုလားသည် ရာဇဝင်အသီးသီးကို ပေါင်းစည်းကာ မဟာရာဇဝင်ကြီး အမည်ရှိ ပြည့်စုံသည့် ရာဇဝင်ကျမ်းကြီးကို သက္ကရာဇ် ၁၀၇၆ ခု(ခရစ်နှစ် ၁၇၁၄) တွင် ပြုစုခဲ့သည်။

ဆရာဇော်ဂျီက ဦးကုလား၏ မဟာရာဇဝင်ကြီးကို "အခါအခွင့်အားလျော်စွာ ပြည့်စုံခဲ့သည်ဟု ဆိုသင့်သည်လည်းဖြစ်၍ အစောဆုံး ပေါ်ပေါက်ခဲ့သည်လည်းဖြစ်သော မြန်မာရာဇဝင်ကျမ်း"ဟု သုံးသပ်ခဲ့သည်။ ဦးကုလားသည် ရာဇဝင်ကျမ်းကြီးကို မြန်မာ့ခေတ်ဦးမှသည် ညောင်ရမ်းမင်းဆက်တိုင် ပြည့်စုံစွာ ရေးသားခဲ့ပြီး ရာဇဝင်လတ်နှင့် ရာဇဝင်ချုပ်တို့ကိုပါ ပြုစုခဲ့သဖြင့် စဥ့်ကိုင်နယ်သားတို့ ဂုဏ်ယူကြရသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့သည်။

**ပလိပ်ဒေသသို့**

"မြို့မှာ ပုဂံ၊ ရွာမှာ ပလိပ်"ဟု ဆိုရိုးရှိခဲ့သည့်အတိုင်း ရှေးဟောင်း ဘုရားစေတီပုထိုးများ အများဆုံးရှိခဲ့သည့်မြို့သည် ပုဂံဖြစ်၍ ရှေးဟောင်းဘုရားစေတီပုထိုးများ အများဆုံးရှိခဲ့သည့်ရွာသည် ပလိပ်ကျေးရွာဖြစ်သည်။ ပလိပ်သည် ပုဂံခေတ်အချိန်ကာလတွင် လူအများနေထိုင်သည့် ဒေသတစ်ခုဖြစ်ခဲ့သည်။ ပလိပ်ဒေသ၌ များစွာသော သာသနိကအဆောက်အအုံများကို မြင်တွေ့ကြရသော်လည်း မြို့ရိုးဟောင်းများ ၊ မြို့ရိုးအရာများကိုကား မတွေ့ရှိရသေးချေ။

၁၉၇၅ ခုနှစ်က ပုဂံ၌ ငလျင်လှုပ်ခဲ့စဉ် ပြိုကျပျက်စီးခဲ့သည့် စေတီပုထိုးများမှ ရရှိခဲ့သည့် အုတ်ခဲများတွင် 'ပလိပ်'ဟု အမည်ရေးထားသည့် အုတ်ချပ်များကို တွေ့ရှိခဲ့သည်။ သမိုင်းပညာရှင် ဒေါက်တာသန်းထွန်း၏ မြန်မာ့အိုးသမိုင်းတွင် ပုဂံခေတ်က အုတ်များ ထုတ်လုပ်ကြရာတွင် အုတ်များပေါ်၌ အုတ်ဖုတ်သည့်ဒေသ သို့မဟုတ် အုတ်ရောင်းချသူ သို့မဟုတ် အုတ်ဝယ်ယူ၍ ဘုရားတည်သူဟူသည့် အမည်သုံးမျိုးအနက် တစ်ခုခုကို ရေးလေ့ရှိခဲ့ကြောင်း ဖော်ပြထားသဖြင့် ပလိပ်ဟု အမည်ပါရှိသည့် အုတ်များသည် ပလိပ်ဒေသတွင်ထုတ်လုပ်ခဲ့သည့်အုတ်များ ဖြစ်နိုင်ကြောင်း ယူဆနိုင်ပေသည်။

ပုဂံခေတ်က အနီးဝန်းကျင်ရှိ ဒေသများမှ ထုတ်လုပ်သည့် အုတ်များကို ပုဂံသို့ ယူဆောင်ကာ စေတီပုထိုးများ တည်ခဲ့ကြသည်။ ထို့ကြောင့် ပလိပ်အမှတ်အသားပါ အုတ်များအရ ပုဂံခေတ်က ပလိပ်တွင် အုတ်ဖုတ်လုပ်ငန်းများ ပြုလုပ်ခဲ့ကြောင်း မှန်းဆနိုင်ပေသည်။ (ပုဂံ စေတီပုထိုးများ ပြိုကျရာမှရရှိသည့် အုတ်ဟောင်းများကို ပုဂံ ရှေးဟောင်းသုတေသနပြတိုက်တွင် ထိန်းသိမ်းထားရှိသည်။)

သုတေသီစာရေးဆရာ တိုက်ကြည်(စဥ့်ကိုင်)၏ သုတေသန ပြုလုပ်ချက်အရ မန္တလေးနန်းတွင်း ကျောက်စာရုံရှိ ကျောက်စာအမှတ် န-၅၉၅(က)နှင့် (ခ) ကော်နာဖီးနစ် ကျောက်စာတွင် ပလိပ်မြို့ရှိ လယ်မြေ ၁၀ ပယ်ခွဲ လှူဒါန်းမှုကို ရေးထိုးခဲ့ကြောင်း သိရှိရပေသည်။ သက္ကရာဇ် ၅၆၄ ခုနှစ်ထိုး ယင်းကျောက်စာ၌ ပုဂံသည်၏မြေး မပြေသင်နှင့် အိုကြွက်သင်တို့၏ သားဖြစ်သူ ကော်နာဖီးနစ်နှင့် နှမ အိုညယ်ကြီးတို့က အဘိုး အဘွား မိဘများ၏ ရှေးဟောင်းကြေးဘုရားကြီးနှင့် ဂူဘုရားတွင် ပန်တျာကချေသည်များနှင့် ပလိပ်ဒေသရှိ လယ် ၁၀ ပယ်ခွဲ လှူဒါန်းခြင်း၊ အုန်းပင်၊ ထန်းပင်၊ ညောင်ပင်များ စိုက်ပျိုးခြင်း၊ သင်ပုပ်ဆီမီး လှူဒါန်းခြင်းများ ပြုလုပ်ခဲ့ကြောင်း မှတ်တမ်းရေးထိုးခဲ့သည်။

ယင်းကျောက်စာကို အိုးထိန်းတောင်ကျေးရွာရှိ ဦးထွန်းဝင်းပိုင်သော ခြံအတွင်းမှ ၁၉၅၆ ခုနှစ်က တူးဖော်တွေ့ရှိခဲ့ပြီး ကျောက်စာအရ ပလိပ်ဒေသသည် ပုဂံခေတ်ကတည်းကပင် စည်ပင်ခဲ့ကြောင်း မှတ်ချက်ပြုနိုင်ခဲ့သည်။ ဆင်ဖြူရှင်မင်းလက်ထက်တွင် ပလိပ်စားချေင်းဟု ထင်ရှားသည့် ရွှေနားတော်သွင်းချေင်းကို ဘုရင့်ထံ တင်သွင်းခဲ့သူ ဦးဖျော်အား "မင်းရဲရာဇာ" ဘွဲ့အမည်ဖြင့် ပလိပ်ရွာကို အပိုင်စားပေးခဲ့သည်။

**ပြန်တမ်းထဲမှ ပလိပ်**

ဗဒုံမင်းလက်ထက် မြန်မာသက္ကရာဇ် ၁၁၄၅ ခုနှစ်က ထုတ်ပြန်ခဲ့သည့် အမရပူရ ဓာတ်ကြငှန်းစိုက်စာရင်း အမိန့်တော်ပြန်တမ်းတွင် တောင်ဘက်နယ်သတ်အရပ်ကို ပလိပ်ရွာကုန် ဗောဓိသတ်ဘုရား ငါးရံ့ချောင်း တိန်ညင်တောအပိုင်းအခြားဟု ဖော်ပြခဲ့သည်။ မြန်မာသက္ကရာဇ် ၁၁၄၆ ခုနှစ် ပြာသိုလဆန်း ၁၅ ရက် နေ့စွဲပါ မက္ခရာတံဆိပ်တော်ရကြေးတိုင်သူကြီး ငခွေးနှင့် မြို့စာရေး ငပုတို့ ထွက်ဆိုချက်ပါရှိသည့် စစ်တမ်းသည် တိကျခိုင်မာသည့် ရှေးဟောင်းစစ်တမ်းတစ်ခု ဖြစ်ခဲ့သည်။

ယင်းစစ်တမ်းအရ ဗဒုံမင်းလက်ထက် မက္ခရာနယ်မြေသတ်မှတ်ချက်တွင် ပလိပ်သည် လယ်တွင်းကိုးခရိုင်၏ နယ်သတ်အရပ်(နယ်မြေအဆုံးနေရာ)ဖြစ်သည်။ မက္ခရာနယ်မြေ၏ အနောက်မြောက်ဘက်ရှိ ဒုဋ္ဌဝတီမြစ်သည် ပလိပ်ရွာမြေအစပ်ဖြစ်၍ ရတနာပုံခေတ် မင်းတုန်းမင်းကြီးလက်ထက်တွင် ဒုဋ္ဌဝတီမြစ်၏ အနောက်ဘက်ကမ်း၌ ကျောက်တိုင်များစိုက်၍ မက္ခရာနှင့် ရတနာပုံမြို့ တော်ကို နယ်မှတ်ရပ်အဖြစ် ပိုင်းခြားသတ်မှတ်ခဲ့သည်။

သမိုင်းဝင် လယ်တွင်းကိုးခရိုင်တွင် ပါရှိသည့် စဥ့်ကိုင်ဒေသ၏အစွန်း၌ တည်ရှိသည့် ပလိပ်တွင် စေတီပုထိုးများနှင့် သာသနာတော်ဆိုင်ရာ အဆောက်အအုံများ စုစည်းနေခြင်းသည် ထူးခြားချက်တစ်ရပ် ဖြစ်နေသည်။ ဗိသုကာလက်ရာများအရ ယင်းတို့ကို အင်းဝခေတ်မှသည် ကိုလိုနီခေတ်အတွင်း တည်ဆောက်ခဲ့ကြောင်း တွေ့ရှိကြရသဖြင့် ထိုအချိန်က ကုန်းလမ်း ရေလမ်း အချက်အချာကျသည့် ပလိပ်သည် များစွာ စည်ပင်ထွန်းကားခဲ့ဟန်ရှိကြောင်း ယူဆနိုင်ခဲ့သည်။ သို့သော် နန်းမြို့တော် မဟုတ်ခဲ့သဖြင့် နန်းတော်၊ မြို့ရိုး၊ တံတိုင်းနှင့် ကျုံးများကို တည်ဆောက်ခဲ့ခြင်း ရှိဟန်မတူချေ။

**ပလိပ်ရှေးဟောင်းဇုန်**

ကြွင်းကျန်နေသည့် စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ စုဝေးတည်ရှိခဲ့သဖြင့် မြို့ဟောင်းတစ်ခုဟု ယူဆရသည့် ပလိပ်ကို နိုင်ငံတော်က ရှေးဟောင်းအဆောက်အအုံတည်ရှိရာဇုန်၊ ရှေးဟောင်းနေရာ တည်ရှိသည့်ဇုန်၊ ကာကွယ်ထိန်းသိမ်းထားသောဇုန်အဖြစ် သတ်မှတ်ခဲ့သည်။

ယင်းအမိန့်ကြေညာစာ အမှတ်(၁၁/၂၀၀၈)အရ ရှေးဟောင်းအဆောက်အအုံ တည်ရှိရာဇုန်သည် ရတနာ

*စာမျက်နှာ ၂၁ သို့*

"ဦးကုလားသည် ရာဇဝင်အသီးသီးကို ပေါင်းစည်းကာ မဟာရာဇဝင်ကြီး အမည်ရှိ ပြည့်စုံသည့် ရာဇဝင်ကျမ်းကြီးကို သက္ကရာဇ် ၁၀၇၆ ခု(ခရစ်နှစ် ၁၇၁၄)တွင် ပြုစုခဲ့သည်။ ဆရာဇော်ဂျီက ဦးကုလား၏ မဟာရာဇဝင်ကြီးကို "အခါအခွင့်အားလျော်စွာ ပြည့်စုံခဲ့သည်ဟု ဆိုသင့်သည်လည်းဖြစ်၍ အစောဆုံး ပေါ်ပေါက်ခဲ့သည်လည်းဖြစ်သော မြန်မာရာဇဝင်ကျမ်း"ဟု သုံးသပ်ခဲ့သည်။ ဦးကုလားသည် ရာဇဝင်ကျမ်းကြီးကို မြန်မာ့ခေတ်ဦးမှသည် ညောင်ရမ်းမင်းဆက်တိုင် ပြည့်စုံစွာ ရေးသားခဲ့ပြီး ရာဇဝင်လတ်နှင့် ရာဇဝင်ချုပ်တို့ကိုပါ ပြုစုခဲ့သဖြင့် စဥ့်ကိုင်နယ်သားတို့ ဂုဏ်ယူကြရသည့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်ခဲ့သည်"

# ပုလောမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေး ဆောင်ရွက်မှု တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်စစ်ဆေး

**ပုလော အောက်တိုဘာ ၅**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးတွေ့လူနာများအား သီးသန့်ထားရှိသော နေရာများနှင့် အသွားအလာကန့်သတ်စောင့်ကြည့်သော နေရာများတွင် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိသည့် အခြေအနေများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်နှင့် တာဝန်ရှိသူများက အောက်တိုဘာ ၅ ရက်တွင် ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးချုပ်နှင့်အတူ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးကျော်မင်း၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပုလောမြို့နယ် ပြည်သူ့ဆေးရုံ၌ ပိုးတွေ့အတည်ပြုလူနာများအား သီးသန့်ထားရှိရာ Isolation Ward ကိုလည်းကောင်း၊ သံသယရှိသူများနှင့် အခြားဒေသများမှ ဝင်ရောက်လာသူများ အား အသွားအလာကန့်သတ်ထားရှိရာ မြို့နယ်မိုးလုံလေလုံအားကစားရုံကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ခြင်းဖြစ်သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်အား မြို့နယ် ပြည်သူ့ဆေးရုံနှင့် အသွားအလာကန့်သတ် စောင့်ကြည့်စင်တာများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ကွမ်းခြံကုန်းမြို့နယ်တွင် အခမဲ့ ဖျားနာကုဆေးခန်း စတင်ဖွင့်လှစ်တော့မည်

**ကွမ်းခြံကုန်း အောက်တိုဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်း မြို့နယ်တွင် အခမဲ့ ဖျားနာကုဆေးခန်း (Fever Clinic)ဖွင့်လှစ်နိုင်ရန် We Love Kungyangon အဖွဲ့က ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အဆိုပါ ဖျားနာကုဆေးခန်းကို မြို့ဦးထိပ် မင်းသုဝဏ်ဖောင်ဒေးရှင်းပိုင် ဖိုးကြာဇံခန်းမဘေး မြေနေရာ၌ တည်ဆောက်လျက်ရှိရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။




ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့နေမှုကို ထိန်းချုပ် ကာကွယ်နေသော အချိန်ဖြစ်၍ မြို့ပေါ်ရှိ ဆေးခန်းအများစုကို ပိတ်ထားရာ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန်အတွက် အခမဲ့ ဖျားနာကုဆေးခန်းတစ်ခုကို ဖွင့်လှစ်နိုင်ရန် လိုအပ်နေသောကြောင့် We Love Kungyangon အဖွဲ့က ဦးဆောင်၍ မြို့နယ်အတွင်းရှိ အလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ဆေးခန်းကို အောက်တိုဘာ ၆ ရက်မှစ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ညွှန်ကြားထားသော ကိုဗစ်-၁၉ ကာကွယ်ရေး နည်းလမ်းများနှင့်အညီ အင်္ဂါနေ့မှ သောကြာနေ့အထိ(တစ်ပတ်လျှင် လေးရက်)ဖွင့်လှစ်သွားမည်ဖြစ်ပြီး လုပ်အားပေးဆရာဝန်သုံးဦး၊ သူနာပြု ငါးဦးက ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များနှင့် ပူးပေါင်း၍ ပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း We Love Kungyangon အဖွဲ့မှ သိရသည်။

**ထွန်းထွန်းစိုး(ကွမ်းခြံကုန်း)**

(စာမျက်နှာ ၂၀ မှ)

လာဘမုနိဘုရား(မြွေဘုရား)ကုန်းမြေပေါ်ရှိ အမှတ်(၁)မှ (၂၇)အထိ အစုလိုက်တည်ရှိနေသည့် ဘုရားများ၏ အုတ်တံတိုင်းမှ အပြင်ဘက်သို့ ၂၅ ပေအထိ၊ ဗန်းမော်ကျောင်း အုတ်တံတိုင်းမှ အပြင်ဘက်သို့ ၂၅ ပေအထိ၊ ကျိတ်ကုန်းကျောင်း ဧရိယာအတွင်းရှိ အမှတ်(၁၃၃)မှ (၁၅၈)အထိ အစုလိုက်တည်ရှိနေသည့် ဘုရားများ၏ အုတ်တံတိုင်းမှ အပြင်ဘက်သို့ ၂၅ ပေအထိ၊ ပါဠိလိကျောင်း ဧရိယာတွင်းရှိ အမှတ်(၁၅၉)မှ (၁၆၅)အထိ အစုလိုက် တည်ရှိနေသည့် ဘုရားများ၏ အုတ်တံတိုင်းမှ အပြင်ဘက်သို့ ၂၅ ပေအထိ၊ ဗောဓိကျောင်းဧရိယာအတွင်းရှိ အမှတ်(၁၆၆)မှ (၂၁၀) အထိ အစုလိုက် တည်ရှိနေသည့် ဘုရားများ၏ အုတ်တံတိုင်းမှ အပြင်ဘက်သို့ ၂၅ ပေအထိ၊ လေးထပ်ကျောင်း ဧရိယာအတွင်းရှိ အမှတ်(၂၁၁)မှ (၂၃၉)အထိ အစုလိုက် တည်ရှိနေသည့် ဘုရားများ၏ အုတ်တံတိုင်းမှ အပြင်ဘက်သို့ ၂၅ ပေအထိနှင့် နောက်တော်ပါကျောင်း ဧရိယာတွင်းရှိ အမှတ်(၂၄၀)မှ (၂၆၁)အထိ အစုလိုက် တည်ရှိနေသည့် ဘုရားများ၏ အုတ်တံတိုင်းမှ အပြင်ဘက်သို့ ၂၅ ပေအထိ ပါဝင်သည်။

ပလိပ် ရှေးဟောင်းနေရာတည်ရှိသည့်ဇုန်သည် အရှေ့သို့လားသော် ရတနာလာဘ ဘုရားကုန်းနှင့် ကျိတ်ကုန်းကျောင်းရှိ ဘုရားစုမှ ပေ ၃၀ အထိ၊ အနောက်ဘက်သို့လားသော် မြောက်မြေရပ် ချမ်းသာကြီးဘုရားစုနှင့် နောက်တော်ပါရပ် ရတနာမဥ္ဇူဘုရားစုမှ ပေ ၃၀အထိ၊ တောင်ဘက်သို့လားသော် ဗောဓိကျောင်းနှင့် လေးထပ်ကျောင်း ဘုရားစုများမှ ပေ ၃၀ အထိ၊ မြောက်ဘက်သို့လားသော် ရတနာလာဘဘုရားကုန်းမှ ချမ်းသာကြီးဘုရားရှိ ဘုရားစုများမှ ပေ ၃၀ အထိ ဖြစ်သည်။

ကာကွယ်ထိန်းသိမ်းထားသောဇုန်သည် အရှေ့ဘက်တွင် ဒုဋ္ဌဝတီမြစ် တံတားကွေ့မှ အင်းလျား ကန်သာအေးရွာနှင့် ဒုဋ္ဌဝတီမြစ် အနောက်ဘက်ကမ်းတစ်လျှောက် ရွာဟောင်းကုန်းကျေးရွာအထိ၊ အနောက်ဘက်တွင် ဒုဋ္ဌဝတီမြစ် ထောင့်ချိုးကွေ့ အရှေ့ဘက်ကမ်းတစ်လျှောက် စိတ္တရရွာမှ တဘက်ဆွဲရွာ၊ ယင်းမှ ပန်းလောင်မြစ် အနောက်ဘက်ကမ်းတစ်လျှောက် တံတားဦး အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းသို့သွားသည့် လမ်းဆုံအထိ၊ တောင်ဘက်တွင် ရန်ကုန်-မန္တလေး ကားလမ်းနှင့် လေယာဉ်ကွင်း လမ်းဆုံမှ ပန်းလောင်မြစ်ကူးတံတားအထိ၊ မြောက်ဘက်တွင် မြောက်ကိုင်းကျေးရွာမှ ဒုဋ္ဌဝတီမြစ်ရိုးတစ်လျှောက်ဖြစ်ပေသည်။

**ယခုထက် ပိုမို ထိန်းသိမ်းသင့်**

ပလိပ်ဒေသသည် မြစ်ငယ်မြစ်ကမ်းပေါ်တွင် တည်ရှိသဖြင့် ရေလမ်းခရီး ဆက်သွယ်ရေး ကောင်းမွန်မှုကြောင့် တစ်ချိန်က ကုန်စည်ရောင်းဝယ်ဖောက်ကားမှု ကောင်းခဲ့၍ လူအများ ဝင်ထွက်သွားလာ စည်ကားခဲ့သည့် နေရာဟု မှန်းဆရပေသည်။ လက်ရှိအချိန်တွင် ပလိပ်ဒေသသို့ ရောက်ရှိလာကြသူများအနက် ခေတ်အဆက်ဆက် တည်ထားခဲ့သည့် သာသနိကအဆောက်အအုံများကို သတိပြုမိသူ နည်းပါးကြသကဲ့သို့ စေတီပုထိုး အဆောက်အအုံပျက်များကို ထိန်းသိမ်းစောင့်ရှောက်မှုများသည်လည်း အတန်ငယ် အားနည်းခဲ့ပေသည်။

သို့သော် တစ်ချိန်က ဖွံ့ဖြိုးစည်ပင်ခဲ့သည့် ပလိပ်ဒေသရှိ ရှေးဟောင်းအမွေအနှစ်များကို ယခုထက် ပိုမို ထိန်းသိမ်းထားရှိနိုင်မည်ဆိုပါက ပလိပ်သည် မြန်မာ့ရှေးဟောင်းနယ်မြေတစ်ခုအဖြစ် ထင်ရှားကျော်ကြားလာကာ ခရီးသွားလုပ်ငန်းများ ပိုမို ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယူဆမိပါသည်။

**ကိုးကား**

(၁) စဉ့်ကိုင်မြို့နယ် ဒေသဆိုင်ရာ အချက်အလက်များ (ပြည်ထဲရေးဝန်ကြီးဌာန)
(၂) သမိုင်းဝင် ပလိပ်မြို့ (တိုက်ကြည်၊ စဉ့်ကိုင်)
(၃) မန္တလေးမြို့ကို ဗဟိုပြု၍ (ရန်နောင်စိုး)

# ရသေ့တောင်မြို့နယ် ထီးဆွဲကျေးရွာအနီးရှိ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ ခြေကုပ်စခန်းအား သိမ်းပိုက်ရရှိကြောင်း တပ်မတော်က သတင်းထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၅**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ထီးဆွဲကျေးရွာအနီး ကျေးရွာလူထုအား အကာအကွယ်ရယူ၍ လမ်းပန်းဆက်သွယ်မှု လုံခြုံရေးကို ဖြတ်တောက်ခြိမ်းခြောက်နေသော AA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့၏ ခြေကုပ်စခန်းအား သိမ်းပိုက်ရရှိကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်း၊ ရသေ့တောင် -ဘူးသီးတောင် ဆက်သွယ်ထားသည့် ကားလမ်းနှင့် စစ်တွေ -ရသေ့တောင် - ဘူးသီးတောင် ရေလမ်းကြောင်းတို့၏ လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံရေးကို ရသေ့တောင်မြို့နယ် ထီးဆွဲကျေးရွာအနီး စိုးမိုးတောင်ကုန်းနေရာများ၌ အခိုင်အမာ နေရာယူ၍ လမ်းပန်းဆက်သွယ်မှု ဖြတ်တောက်ခြင်း၊ ရေယာဉ်များကို မကြာခဏပစ်ခတ်ခြင်းဖြင့် ခြိမ်းခြောက်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ခိုက်ခဲ့ရာ အောက်တိုဘာ ၄ ရက် နံနက် ၂ နာရီခန့်တွင် အပြီးတိုင် သိမ်းပိုက်ရရှိခဲ့ကြောင်း။

ဖြစ်စဉ်မှာ AA အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ပုဏ္ဏားကျွန်း - ရသေ့တောင် - ဘူးသီးတောင် ဆက်သွယ်ထားသည့် လမ်းကြောင်းကို ရသေ့တောင်မြို့နယ် ထီးဆွဲကျေးရွာအနီး စိုးမိုးတောင်ကုန်းနေရာများ၌ အခိုင်အမာနေရာယူ၍ အရပ်သားများအသွင်ဖြင့် အယောင်ဆောင်ကာ အလစ်အငိုက် ချောင်းမြောင်းတိုက်ခိုက်ခြင်း၊ ကျေးရွာသားများအား လူသားတံတိုင်းအဖြစ် အသုံးပြု၍ တိုက်ခိုက် ခြင်း၊ ဒေသတွင်း အေးချမ်းစွာနေထိုင်လုပ်ကိုင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ အပါအဝင် ဒေသခံပြည်သူများအား မကြာခဏ ချောင်းမြောင်းသတ်ဖြတ်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များအပြင် ရေလမ်းကြောင်းကိုလည်း ဖြတ်တောက်ပိတ်ဆို့ ပစ်ခတ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလအတွင်း၌ ရေယာဉ်များကို ဖြတ်တောက်ပိတ်ဆို့ ပစ်ခတ်မှု ခြောက်ကြိမ်ရှိပြီဖြစ်သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖွင့်လှစ်၍ လမ်းကြောင်းလုံခြုံမှုရှိစေရေး လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း။

ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ရာသီဥတုဆိုးရွားပြီး မိုးတွင်းကာလဖြစ်သဖြင့် လှုပ်ရှားသွားလာရန် အခက်အခဲများကြားမှ အောက်တိုဘာ ၄ ရက် နံနက် ၂ နာရီခန့်တွင် ၎င်းတို့နေရာယူထားသည့် နေရာများကို သိမ်းပိုက်ရရှိခဲ့ကြောင်း။

ဖြစ်စဉ်များတွင် AA အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်း၊ လက်နက်နှင့် ဆက်စပ်ပစ္စည်းအချို့ သိမ်းဆည်းရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် နယ်မြေဒေသလုံခြုံရေး၊ လမ်းပန်းဆက်သွယ်မှုလုံခြုံစေရေး နယ်မြေစိုးမိုးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

# စစ်တွေ - မင်းပြား - အမ်း လမ်းပန်းဆက်သွယ်မှု လုံခြုံရေးအတွက် တပ်မတော်က ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၅**

ရခိုင်ပြည်နယ် စစ်တွေ-မင်းပြား-အမ်း လမ်းပန်းဆက်သွယ်မှု လုံခြုံရေးအတွက် တပ်မတော်က ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်တွင် AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ဆက်သွယ်ရေး လမ်းကြောင်းများ ဖြတ်တောက်ပိတ်ဆို့မှုများကို ဆောင်ရွက်လျက်ရှိသောကြောင့် ကုန်စည်စီးဆင်းမှု အခက်အခဲများ ဖြစ်ပေါ်ခြင်း၊စားရေးအခက်အခဲများကြုံတွေ့ခြင်းနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံရေးတို့တွင် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း။

ထိုသို့ဖြစ်ပေါ်နေသည့် အခြေအနေများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မတူပီ - ဆမီး - ပလက်ဝ လမ်းကြောင်း၊ ကျောက်တော် - ပလက်ဝ လမ်းကြောင်းပွင့်စေရေး ဆောင်ရွက်ခဲ့မှုများ အပါအဝင် ရခိုင်ပြည်နယ်အတွင်း လမ်းပန်း ဆက်သွယ်မှု လုံခြုံချောမွေ့စေရေး အတွက် လုံခြုံရေးလုပ်ငန်းများကို နေ့ညမပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ ဆောင်ရွက်လျက်ရှိစဉ် စစ်တွေ-မင်းပြား-အမ်း လမ်းပန်း ဆက်သွယ်မှု လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် တပ်ဖွဲ့ဝင်များသည် AA အကြမ်းဖက် သောင်းကျန်းသူများနှင့် စက်တင်ဘာလမှ ယနေ့အချိန်အထိ မင်းပြားနှင့် အမ်းအကြား ပြည်ထောင်စု လမ်းမကြီးပေါ်၌ ထိတွေ့မှု လေးကြိမ်ဖြစ်ပွားခဲ့ကြောင်း။ အောက်တိုဘာ ၃ ရက်တွင်လည်း အမ်း - မင်းပြား သွားကားလမ်းပေါ်ရှိ တောင်ဘုတ်ကေကျေးရွာအနီး၌ လမ်းကြောင်း ဖြတ်တောက်ပိတ်ဆို့မှု ဆောင်ရွက်လျက်ရှိသော AA အကြမ်းဖက်သောင်းကျန်းသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိတွေ့မှု ဖြစ်ပွားခဲ့ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

အဆိုပါ ဖြစ်စဉ်များတွင် AA အကြမ်းဖက် သောင်းကျန်းသူများထံမှ အလောင်း၊ လက်နက်နှင့် ဆက်စပ်ပစ္စည်းအချို့ သိမ်းဆည်း ရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့အချို့ကျဆုံး၊ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်းနှင့် ရခိုင်ပြည်နယ်အတွင်း လမ်းပန်း ဆက်သွယ်မှုလုံခြုံစေရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း ယင်း သတင်း ထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၅** - နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့၌ နှာခေါင်းစည်းမတပ်သူများအား အသိပညာပေး

**ဟိုပုံး အောက်တိုဘာ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရန်ရေးအတွက် မြို့နယ်အဆင့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းတင့် ဦးဆောင်၍ နှာခေါင်းစည်းမတပ်သူများအား အသိပညာပေးခြင်းကို စက်တင်ဘာ ၅ ရက်တွင် ပြုလုပ်ခဲ့သည်။

ပြည်သူများအနေဖြင့် အပြင်ထွက်တိုင်း နှာခေါင်းစည်းတပ်ရန် ကျယ်ကျယ်ပြန့်ပြန့် အသိပေးထားပြီးဖြစ်ကြောင်း၊ ပြည်သူများ ပို၍လိုက်နာအောင် ပိုမိုအားထည့်ပြီး ဆောင်ရွက်သည့်အနေဖြင့် ယခုလို အသိပညာပေးမှုကို ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဟိုပုံးမြို့ပေါ် ရပ်ကွက်ခြောက်ခုနှင့် ကျေးရွာအုပ်စု ၂၂ စုတို့တွင် ပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အသိပညာပေးမှုအနေဖြင့် မြို့ပေါ်ရှိ လူအသွားအလာများသော နေရာများဖြစ်သည့် ပြည်ထောင်စုလမ်းမကြီး၊ ယာယီဈေးနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းမ တစ်လျှောက်တွင် သွားလာနေသည့် ပြည်သူများထဲမှ နှာခေါင်းစည်းမတပ်သူများ၏ အမည်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်များကို မှတ်တမ်းယူခြင်း၊ နှာခေါင်းစည်းများ အခမဲ့ ဝေငှခြင်းများ ပြုလုပ်ပြီး နောက်တစ်ကြိမ် ထပ်မံစစ်ဆေးချိန်တွင် နှာခေါင်းစည်းတပ်ဆင်ခြင်းမရှိသည်ကို တွေ့ရှိရပါက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေဖြင့် အရေးယူမှုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေမင်းထွန်း(ဟိုပုံး)**

## နောင်မွန်မြို့နယ်၌ မိုးသည်းထန်စွာရွာသွန်း၍ တောင်ကမ်းပါးမြေသားပြိုပြီး ကားလမ်းပိတ်

**နောင်မွန် အောက်တိုဘာ ၅**

ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့နယ်အတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် အောက်တိုဘာ ၄ ရက် မွန်းလွဲပိုင်းက နောင်မွန်မြို့နှင့် မိုင် ၂၀ ကျော်အကွာ ပူတာအို-မချမ်းဘော့-နောင်မွန် ကားလမ်းဘေးတွင် တောင်ကမ်းပါးမြေသားပြိုကျမှုနှင့် သစ်ပင်များလဲကျမှု ဖြစ်ပွားပြီး ကားလမ်းပိတ်ဆို့ခဲ့သည်။

အဆိုပါ မြေသားပြိုကျသည့်နေရာနှင့် သစ်ပင်များလဲပြိုရာ နေရာများတွင် ခရီးသွားပြည်သူများ သွားလာမှု အဆင်ပြေစေရန်အတွက် မြေစာများ ရှင်းလင်းခြင်းနှင့် သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းများကို လမ်းဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိသည်။ မြေသားပြိုကျမှုကြောင့် လူထိခိုက်မှု မရှိခဲ့ကြောင်းနှင့် အဆိုပါ ကားလမ်းကြောတစ်လျှောက် နေရာများသည် နှစ်စဉ် မိုးတွင်းကာလ မိုးသည်းထန်စွာရွာသွန်းသည့် အချိန်များတွင် မြေသားပြိုကျမှုများ ဖြစ်ပွားတတ်ကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

**မြနန်း(ပြန်/ဆက်)**



## ဒေါပုံမြို့နယ်ရှိ အသွားအလာကန့်သတ်စောင့်ကြည့်သော စင်တာများအတွက် ထောက်ပံ့ပစ္စည်းများ လှူဒါန်း

**ဒေါပုံ အောက်တိုဘာ ၅**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ်တွင် ဖွင့်လှစ်ထားသည့် ကိုဗစ်-၁၉ အသွားအလာကန့်သတ်စောင့်ကြည့်သော စင်တာများအတွက် ထောက်ပံ့ပစ္စည်းများကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ဒေါပုံမြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီသို့ အောက်တိုဘာ ၅ ရက်က လှူဒါန်းခဲ့သည်။

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက လမုတန်းရပ်ကွက် အထက (၁)ကျောင်း၌ ဖွင့်လှစ်ထားသော အသွားအလာကန့်သတ် စောင့်ကြည့်စင်တာသို့ လာရောက်၍ မြက်ဖျာ၊ ခေါင်းအုံး၊ ခေါင်းအုံးစွပ်၊ စောင်၊ ခြင်ထောင် စသည့် အိပ်ရာပစ္စည်း အစုံ ၁၀၀၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဆပ်ပြာ သုံးမျိုးတွဲ အစုံ ၁၀၀၊ သောက်ရေခွက်၊ ရေချိုးခွက်၊ ဆပ်ပြာခွက်စသည့် ပစ္စည်းများ အစုံ ၁၀၀ နှင့်အတူ ဆေးရုံးသုံးဝတ်စုံ အစုံ ၅၀၊ မျက်နှာအကာ အခုရေ ၁၅၀၊ လက်အိတ်အခု ၁၀၀ ပါ သုံးဘူး၊ နှာခေါင်းစည်း အခု ၁၀၀၀၊ ရေမလို လက်သန့်ဆေးရည် ၅၀၀ မီလီလီတာငါးဘူး၊ လက်ဆေးဆပ်ပြာရည် ၅၀၀ မီလီလီတာ ၁၀ ဘူးနှင့် အရက်ပြန် ၅၀၀ မီလီလီတာ ငါးဘူးတို့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချို(ခ) ဦးငွေဝင်းအောင်နှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးကျော်သက်ထူးနှင့် အဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

**သဲစုစုလွင်(ပြန်/ဆက်)**

# ပန်းသီးကိုစား အကျိုးများ

**ဒေါက်တာ အောင်ညွန့်ပိုင်**

"တစ်နေ့လျှင် ပန်းသီးတစ်လုံး စားခြင်းဖြင့် ဆရာဝန်နှင့် ခပ်ဝေးဝေး နေနိုင်သည်(ဆေးခန်းပြစရာမလိုဘဲ နေနိုင်သည်)"။ "An apple a day could keep the doctor away"ဟု ဆိုကြသည်။ အမေရိကန်နိုင်ငံ ကော်လ်နယ်တက္ကသိုလ် (Cornell University)မှ သိပ္ပံပညာရှင်များက ပန်းသီးအခွံသည် ကင်ဆာဆဲလ်များကို ဟန့်တားနိုင်ခြင်း (ဝါ) သေဆုံးစေနိုင်ခြင်း စသည့် အစွမ်းသတ္တိများရှိကြောင်း ရှာဖွေတွေ့ရှိခဲ့ကြသည်။ ပန်းသီးစားခြင်းဖြင့် ကင်ဆာရောဂါကို ကာကွယ်နိုင်ကြောင်း သုတေသန လေ့လာမှုများ ပြုခဲ့ကြသည်။ ထို့အပြင် အီတလီနိုင်ငံမှ သုတေသနစာတမ်းများက ပန်းသီးစားခြင်းဖြင့် ရင်သားကင်ဆာ(Breast Cancer)၊ အစာအိမ်နှင့် အူလမ်းကြောင်းတစ်လျှောက်ကင်ဆာများ(Digestive tract Cancers)နှင့် အူမကြီးကင်ဆာ(Colorectal Cancer) ဖြစ်ပွားမှုနှုန်းများကို လျော့ကျစေနိုင်သည်ဟု ဆိုခဲ့ကြသည်။

ပန်းသီးတွင်ပါဝင်သော Glycaemic Index(GI)သည် လျော့နည်းသည်။ ဆိုလိုသည်မှာ အခြားသော ကာဗိုဟိုက်ဒရိတ်ဓာတ်များသော အစားအသောက်များနှင့် နှိုင်းစာလျှင် အစာအိမ်နှင့် အူလမ်းကြောင်းတစ်လျှောက်တွင် ပန်းသီးသည် နှေးကွေးစွာ ဖြိုခွဲခြင်းခံကြရသဖြင့် ရုတ်တရက် သွေးတွင်းအချိုဓာတ်မြင့်မားခြင်းမျိုး မဖြစ်နိုင်ပါ။

အတန်အသင့် အရွယ်အစားရှိသော ပန်းသီးတစ်လုံးတွင် ကယ်လိုရီ ၁၀၀ ခန့်သာ ပါဝင်ပြီး အမျှင်ဓာတ်(Fibre) မြင့်မားစွာ ပါဝင်သည်။ ထို့ကြောင့် ပန်းသီးတွင်ပါဝင်သော ကယ်လိုရီဓာတ်သည် နည်းသည်ဟုဆိုနိုင်သည်။ ခန္ဓာကိုယ်အတွင်းသို့ ကယ်လိုရီများသည့် အစားအသောက်များ မဝင်ရောက်လိုပါက ပန်းသီးကို စားသုံးပေးနိုင်သည်။ စင်စစ် အမျှင်ဓာတ်သည် ပန်းသီးအတွင်းသားတွင်သာမက ပန်းသီးအခွံ(peel)တွင်ပါ ပါဝင်နေရာ အခွံနှင့် အတွင်းသား နှစ်မျိုးစလုံး စားသုံးပေးပါက အကျိုးကျေးဇူးများသည်။

ထို့အပြင် ပန်းသီးကို စားသုံးခြင်းသည် ကိုလက်စထရောကို လျော့နည်းစေသည်။ အရသာရှိသော ပန်းသီးတစ်လုံးတွင် ပါဝင်သည့် ကိုလက်စထရောပမာဏသည်လျော့နည်းပြီး ခန္ဓာကိုယ်ရှိ မကောင်းသော သွေးတွင်းအဆီဓာတ်များ(Bad LDL cholesterol level)ကို လျှော့ချပေးနိုင်ပါသည်။ ဖလော်ရီဒါတက္ကသိုလ်မှ စာတမ်းတစ်စောင်က ပန်းသီးခြောက် စားသုံးခြင်းဖြင့် ခြောက်လအကြာတွင် သွေးဆုံးသည့်အမျိုးသမီးများ၏ Total cholesterol ကို ၁၃ ရာခိုင်နှုန်းခန့်နှင့် LDL cholesterol ကို ၂၄ ရာခိုင်နှုန်းခန့် လျော့နည်းစေသည်ဟု တွေ့ရှိခဲ့ကြသည်။

ပန်းသီးသည် ကိုယ်ခန္ဓာခုခံအားစနစ်(Immune system)ကိုလည်း မြှင့်တင်ပေးနိုင်သည်။ ကိုယ်ခန္ဓာ ခုခံအားစနစ်ကို အားဖြည့်ပေးသော ဗီတာမင် အေနှင့် ဗီတာမင် စီ ဓာတ်( Vitamins A and C )တို့သည် ပန်းသီးတွင် ပါဝင်နေရာ ပန်းသီးစားသုံးခြင်းဖြင့် ခန္ဓာကိုယ်တွင်းသို့ ရောဂါပိုးမွှားများ အလွယ်တကူ မဝင်ရောက်နိုင်တော့ပေ။ ထို့မျှသာမက ခုခံအားစနစ်ကို အားဖြည့်ပေးသော Antioxidant ဓာတ်တစ်မျိုးဖြစ်သည့် Quercetin သည်လည်း ပန်းသီးအခွံတွင် ပါဝင်နေသေးသည်။ နယူးယောက် ကော်လ်နယ်တက္ကသိုလ်မှ သုတေသနပညာရှင်များက Quercetin သည် ကျွန်ုပ်တို့၏ ဦးနှောက်ဆဲလ်များကို ကာကွယ်ပေးနိုင်သည်ဟု ဆိုကြသည်။ အခြားအခြားသော စာတမ်းများကလည်း ပန်းသီးဖျော်ရည်သောက်သုံးခြင်းသည် ကျွန်ုပ်တို့၏ မှတ်ဉာဏ်အတွက် အထောက်အကူပြုနိုင်သည်ဟု ညွှန်းဆိုခဲ့ကြသည်။ ဆိုရလျှင် ပန်းသီးစားခြင်း၊ ပန်းသီးဖျော်ရည်သောက်သုံးခြင်းသည် ကျွန်ုပ်တို့၏ မှတ်ဉာဏ်စွမ်းရည် လျော့နည်းကျဆင်းခြင်းကိုလည်း ကာကွယ်ပေးနိုင်သည်။



ပန်းသီးစားသုံးခြင်းကြောင့် ရရှိသော အကျိုးကျေးဇူးများသည် များပြားလှသည်။ ထို့ကြောင့် ပန်းသီးကို "Miracle Fruit "ဟုပင် တင်စားရေးသားကြသည်။ မြန်မာနိုင်ငံတွင် ပန်းသီးသည် အလွယ်တကူ ဝယ်ယူစားသုံးနိုင်သော အသီးလည်းဖြစ်ရာ ပန်းသီးစားသုံးခြင်းဖြင့် ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများကို ခံစားရရှိနိုင်ကြပါစေ။ ။

ကိုးကား – Reader's Digest : October 2020

## မူဆယ်ခရိုင်မှ မြို့နယ်များ၌ မဲဆန္ဒရှင်စာရင်း ကြေညာထားမှုကို တာဝန်ရှိသူများ လိုက်လံကြည့်ရှု

**မူဆယ် အောက်တိုဘာ ၅**

**နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်အတွင်းမှ ပြည်သူတိုင်း ဆန္ဒမဲပေးနိုင်ရန်အတွက် မဲဆန္ဒရှင်စာရင်းများကို ရပ်ကွက်/ကျေးရွာများရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ အောက်တိုဘာ ၁ ရက်မှစ၍ ဒုတိယအကြိမ် ထုတ်ပြန်ထားရာ မဲစာရင်းကပ်ထားမှု အခြေအနေများကို ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု စစ်ဆေးလျက်ရှိသည်။**

**မူဆယ်**

မူဆယ်မြို့နယ်အတွင်းမှ ရပ်ကွက်နှင့် ကျေးရွာများ၌ မဲဆန္ဒရှင်စာရင်းကပ်ထားမှု အခြေအနေများနှင့် ပြည်သူများ လာရောက်ကြည့်ရှုမှု အခြေအနေများကို မူဆယ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ ပြည်သူများ ပြင်ဆင်/ဖြည့်စွက်ရန်အချက်များရှိပါက အဆင်ပြေစေရန် ဆောင်ရွက်ပေးခဲ့သည်။ မူဆယ်မြို့နယ်၌ လွှတ်တော်ကိုယ်စားလှယ်လောင်း စုစုပေါင်း ၃၆ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မဲဆန္ဒရှင်ဦးရေ တစ်သိန်းကျော်ရှိကာ မဲရုံပေါင်း ၁၀၂ ရုံ ရှိမည်ဖြစ်ကြောင်း သိရသည်။

**နမ့်ခမ်း**

နမ့်ခမ်းမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာမှု အခြေအနေကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးထွန်းတင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု စစ်ဆေးခဲ့သည်။ "မဲဆန္ဒရှင်စာရင်းတွေကို ကြေညာတဲ့အချိန်မှာ မဲဆန္ဒရှင်တွေက မဲစာရင်းမှာ မိမိရဲ့အမည်ပါ/မပါ ကိုယ်တိုင် လာရောက်ကြည့်ရှု စစ်ဆေးဖို့ လိုအပ်ပါတယ်၊ မဲစာရင်းမှာ မပါဝင်သင့်သူတွေ ပါဝင်နေတာတွေ၊ အချက်အလက် မှားယွင်းနေတာတွေရှိရင် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွေမှာ ဖြည့်စွက်၊ ပယ်ဖျက်၊ ပြင်ဆင်နိုင်ပါတယ်"ဟု မြို့နယ်ဥက္ကဋ္ဌက ရှင်းပြသည်။ နမ့်ခမ်းမြို့နယ်တွင် နောက်ဆုံးအကြိမ် ကပ်ထားကြေညာထားသည့် မဲဆန္ဒရှင်စာရင်းအရ မဲပေးပိုင်ခွင့်ရှိသူ ၈၅၃၇၇ ဦးနှင့် လျာထားမဲရုံ ၁၁၅ ရုံရှိကြောင်း သိရသည်။

**ပန်ဆိုင်း(ကြူကုတ်)**

ပန်ဆိုင်း(ကြူကုတ်)မြို့၌ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာမှုကို မြို့အုပ်ချုပ်ရေးမှူး ဦးမင်းဇာနည်နှင့် မြို့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးခဲ့ပြီး ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်၊ အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ပြည်သူများ သိရှိစေရန်အတွက် သတ်မှတ်ချက်အတိုင်း လိုက်လံနှိုးဆော်ပေးရန်တို့ကို မှာကြားခဲ့သည်။ ပန်ဆိုင်း(ကြူကုတ်)မြို့၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၈၂၃ ဦးရှိပြီး မဲရုံပေါင်း ၁၆ ရုံရှိမည်ဖြစ်ကြောင်း သိရသည်။

**မုံးကိုး**

မုံးကိုးမြို့၌ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာထားမှုကို မြို့အုပ်ချုပ်ရေးမှူး ဦးမျိုးလွင်နှင့် တာဝန်ရှိသူများက ရပ်ကွက်/ကျေးရွာအုပ်စုများသို့ လိုက်လံ ကွင်းဆင်းစစ်ဆေးခဲ့သည်။ "ဒုတိယအကြိမ် ထုတ်ပြန်ကြေညာ ကပ်ထားမှုကို လာရောက်ကြည့်ရှုတဲ့သူ များပြားပါတယ်၊ မဲစာရင်းမှာ အမည်မပါသေးတဲ့သူတွေကလည်း ပုံစံ(၃)နဲ့ လာရောက်လျှောက်ထားကြတာ ၁၀၀ လောက်ရှိပြီ"ဟု မုံးကိုးမြို့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးလဂျာက ပြောကြားသည်။ မုံးကိုးမြို့၌ မဲဆန္ဒရှင်ဦးရေ တစ်သောင်းခွဲကျော်ရှိပြီး မဲရုံစုစုပေါင်း ၃၁ ရုံရှိမည်ဖြစ်ကြောင်း သိရသည်။

**တာမိုးညဲ**

တာမိုးညဲမြို့၌ မဲဆန္ဒရှင်စာရင်းများကို နောက်ဆုံးအကြိမ်အဖြစ် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ထုတ်ပြန်ကြေညာထားပြီဖြစ်ရာ မဲဆန္ဒရှင်စာရင်းများ၌ အချက်အလက်မှားယွင်းခြင်း၊ အမည်မပါဝင်ခြင်း၊ မပါဝင်သင့်သူများကို ပါဝင်နေခြင်းတို့အတွက် ပြည်သူများအနေဖြင့် လာရောက်လျှောက်ထားနိုင်ပြီး ပြန်လည်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တာမိုးညဲမြို့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးထွန်းနိုင်က ပြောကြားသည်။

မူဆယ်ခရိုင် ရွေးကောက်ပွဲကော်မရှင်အောက်ရှိ မြို့နယ်များမှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ယခု ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာထားခြင်းကို ပြည်သူများ လာရောက်ကြည့်ရှုကြရန် အသိပေးနှိုးဆော်လျက်ရှိသလို လာရောက်ကြည့်ရှုရာတွင်လည်း ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ကြရန် တိုက်တွန်းထားကြောင်းနှင့် ပြည်သူများအနေဖြင့် မဲဆန္ဒရှင်စာရင်းကို ကိုယ်တိုင်လာကြည့်ရန် အခက်အခဲရှိပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဝက်ဘ်ဆိုက်တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**



ငွေကြေးအကျပ်
အတည်းကြောင့်
အိမ်တွင်းတင်းမာမှု မြင့်တက်လာခြင်း

ငွေရေးကြေးရေးနဲ့ စီးပွားရေး အကျပ်အတည်းတွေကြောင့် အိမ်တွင်းတင်းမာမှုတွေ မြင့်တက်လာခြင်း၊



စိတ်ဖိစီးမှု လျှော့ချရန်
လွဲမှားသော အလေ့အထများ ကျင့်သုံးခြင်း

စိတ်ဖိစီးမှုကို လျှော့ချဖို့အတွက် အရက်သောက်ခြင်း၊ မူးယစ်ဆေးဝါး သုံးစွဲခြင်းအစရှိတဲ့ လွဲမှားတဲ့အလေ့အထနဲ့ အမူအကျင့်တွေကို ကျင့်သုံးခြင်း၊




ဂျန်ဒါတရားသေအယူအဆများကြောင့်
အမျိုးသမီးအများစုအပေါ် ဝန်ပိလာလေ့ရှိခြင်း

အိမ်မှုကိစ္စတွေဟာ အမျိုးသမီးတွေနဲ့ပဲ သက်ဆိုင်တယ်၊ ကလေးနဲ့ နာမကျန်းသူတွေကိုပြုစုစောင့်ရှောက်ဖို့က အမျိုးသမီးတွေရဲ့ တာဝန်ပဲ ဖြစ်တယ်အစရှိတဲ့ ဂျန်ဒါတရားသေအယူအဆများကြောင့် အမျိုးသမီး အများစုအပေါ်မှာ ဝန်ပိလာလေ့ရှိခြင်း၊



အိမ်တွင်းတွင်သာ နေထိုင်ရခြင်း၊ လှုပ်ရှားသွားလာမှု
ကန့်သတ်ထားခြင်းကြောင့် ပိုမိုအထီးကျန်စေခြင်း

ရောဂါအန္တရာယ်ကြောင့် အိမ်ထဲမှာပဲ နေထိုင်ရခြင်းနဲ့ လှုပ်ရှားသွားလာမှုတွေကို ကန့်သတ်ထားခြင်းကြောင့် လူမှုပေါင်းစည်းမှုတွေ၊ လူမှုအဆက်အသွယ်တွေ ပြတ်တောက်ပြီး ပိုမိုအထီးကျန်စေခြင်း၊

အိမ်တွင်းအကြမ်းဖက်မှုများအပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်၍ ဥပဒေအကြံဉာဏ် ရယူလိုပါက ဥပဒေရေးရာကုစားရေးအဖွဲ့(မြန်မာ)၏ Hot Line ဖုန်းနံပါတ်များဖြစ်သော ၀၉-၂၆၆၆၈၄၄၄၈ သို့လည်းကောင်း၊ ၀၉-၂၆၆၆၈၄၄၄၉ သို့လည်းကောင်း ဆက်သွယ်အကူအညီ ရယူနိုင်ပါသည်။

## အစေ့ထွက်နှင့် အရိုးထွက်ကောင်းသည့်အလားအလာကောင်း ဆတ်သီးနှံမျိုးများ စမ်းသပ်စိုက်ပျိုးလေ့လာ



**နေပြည်တော် အောက်တိုဘာ ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် Syngenta Foundation for Sustainable Agriculture တို့ပူးပေါင်း၍ ဇလုပ်စိုက်ပျိုးရေးသုတေသနခြံတွင် ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ နှံစားပြောင်းနှင့် ဆတ်သီးနှံ သုတေသနလုပ်ငန်းများကို ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း ဇလုပ်စိုက်ပျိုးရေးသုတေသနခြံမှ သိရသည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှု သုတေသနလုပ်ငန်းများ၏ အစီအစဉ်တစ်ခုဖြစ်သည့် ဒေသနှင့်လိုက်လျောညီထွေသည့် အစေ့ထွက်နှင့် အရိုးထွက်ကောင်းသော ဆတ်သီးနှံမျိုးသစ်များ အထွက်ယှဉ်ပြိုင်ခြင်း သုတေသနလုပ်ငန်းကို ဇလုပ်စိုက်ပျိုးရေး သုတေသနခြံ၌ ၂၀၂၀ ပြည့်နှစ် မိုးရာသီတွင် လေ့လာစမ်းသပ်လျက်ရှိကြောင်း၊ စားနပ်ရိက္ခာဖူလုံရေးနှင့် တိရစ္ဆာန်အစာတိုးတက်ထုတ်လုပ်ရေးအတွက် ရည်ရွယ်၍ အရည်အသွေးကောင်း ဆတ်သီးနှံမျိုးများ ထွက်ပေါ်လာရေးအတွက် မျိုးယှဉ်ပြိုင်စမ်းသပ်လေ့လာခြင်းသုတေသနလုပ်ငန်းကို ဇလုပ်စိုက်ပျိုးရေးသုတေသနခြံ တာဝန်ခံ ဦးကျော်စွာဝင်း ဦးဆောင်၍ သုတေသနပညာရှင်များက စမ်းသပ်ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း သိရသည်။

စမ်းသပ်မျိုးများအနက် ICMH – 84814, ICMS – 7835 နှင့် ICMV – 82113 မျိုးများသည် အသက်လျှင်ခြင်း၊ ပင်ပွားများခြင်း၊ အရိုးရှည်ခြင်း၊ နှံစရှည်ခြင်းစသော အလားအလာကောင်း မျိုးများအဖြစ် တွေ့ရှိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သီးနှံစိုက်ပျိုးသူ တောင်သူများ အနေဖြင့် မျိုးနှင့်စိုက်ပျိုးနည်းပညာ အကူအညီများ ရယူလိုပါကစိုက်ပျိုးရေး သုတေသနဦးစီးဌာန (ရုံးချုပ်)နှင့် ဇလုပ်စိုက်ပျိုးရေး သုတေသနခြံရှိ သုတေသနပညာရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**မေမိုးသဲ**

## တောင်ကြီးမြို့နယ် ဖာမွန်းကျေးရွာအုပ်စု ဘူတာ(ထီခွ)ကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကျင်းပ

**တောင်ကြီး အောက်တိုဘာ ၅**

ရှမ်းပြည်နယ်တောင်ပိုင်းတောင်ကြီးမြို့နယ် ဖာမွန်းကျေးရွာအုပ်စု ဘူတာ(ထီခွ)ကျေးရွာ ၌ ကျောက်တလုံးကြီးမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် 11 KV ဓာတ်အားလိုင်းပေ ၅၀ ခွဲရုံတစ်ရုံနှင့် ၄၀၀ဗို့အားလိုင်း(၀.၅)မိုင်တည်ဆောက်ပြီးစီး၍ လျှပ်စစ်မီးလင်းရေး အခမ်းအနားကို အောက်တိုဘာ ၃ ရက်က ဖွင့်လှစ်သည်။



မီးလင်းရေးဖွင့်ပွဲသို့ တောင်ကြီးမြို့နယ် မဲဆန္ဒအမှတ်(၂)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သူရအောင်၊ ကျောက်တလုံးကြီးမြို့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ အင်ဂျင်နီယာဦးအောင်မျိုးဦးနှင့် ဖာမွန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးခွန်ကျော်သင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ (ဝဲပုံ)

၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် ကျေးရွာလေးရွာတွင် လျှပ်စစ်ဓာတ်အားရရှိခဲ့ကြောင်း၊ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုအစိုးရဘတ်ဂျက်နှင့် ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် ကျေးရွာခြောက်ရွာက လျှပ်စစ်ဓာတ်အား ရရှိမည်ဖြစ်ကြောင်း မြို့လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မျိုးဦးထံက သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေဘိုမြို့နယ်၌ သဘာဝဘေးကြောင့် သီးနှံပျက်စီးဆုံးရှုံးခဲ့သည့် တောင်သူများအား ထောက်ပံ့

**ရွှေဘို အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်းရှိ ၂၀၁၉ -၂၀၂၀ ခုနှစ် မိုးရာသီကာလအတွင်း သဘာဝဘေးကြောင့် သီးနှံပျက်စီးဆုံးရှုံးခဲ့သည့် တောင်သူများအား ထောက်ပံ့ငွေကျပ် ၁၂၈၃ သိန်းကျော်ကို တောင်သူများအား ပေးအပ်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

အဆိုပါ ထောက်ပံ့ငွေများကို သဘာဝဘေးများဖြစ်သော ရေကြီးနစ်မြုပ်ခြင်း၊ မိုးခေါင်ခြင်း၊ ပိုးမွှားရောဂါကျရောက်ခြင်း၊ ကြွက်များဖျက်ဆီးခြင်းနှင့် လေပြင်းတိုက်ခြင်းတို့ထဲမှ မြို့နယ်အတွင်းရှိ မိုးစပါးများစိုက်ပျိုးရာတွင် မိုးခေါင်ခြင်းကြောင့် သီးနှံပျက်စီးဆုံးရှုံးခဲ့သော တောင်သူများအားတစ်ဧကလျှင်ငွေကျပ် ၁၀၀၀၀ နှုန်း ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ဇာဇာမင်းက ပြောသည်။

မြို့နယ်အတွင်းရှိ ဘိုးတော်တော၊ ပိတ္တောာ၊ ဆင်းကွတ်၊ ကြိုးကြာ၊ တကန်သာ၊ သပြေသစ်ချို၊ တအုံ၊ ကော့ရွာ၊ မင်းကျောင်း၊ ကံမြို့ သစ်ချိုပင်၊ ချောင်းဆုံ၊ တံခွန်တိုင်၊ ပေါက်တုံစသည့်ကျေးရွာများမှ လည်းကောင်း၊ ကျောက်မြောင်းမြို့နယ်မှ အုန်းပေါက်၊ တည်ပင်၊ ကံကြီးတော၊ ငွေးပင်ကုန်း၊ မလား၊ မခေါက်၊ ကုလားမ၊ ရပ်ကွက်- ၁၊ ရပ်ကွက်-၄ စသည့်ကျေးရွာများမှ တောင်သူ စုစုပေါင်း ၅၄၂၂ ဦးတို့၏ မိုးစပါး ၁၂၈၃၄ ဧကအတွက် ထောက်ပံ့ငွေများကို သက်ဆိုင်ရာအဖွဲ့များက ကြီးကြပ်၍ တောင်သူများ ပေးအပ်သည်။(**အပေါ်ပုံ**)



**ထွန်းမြင့်အောင်(ရွှေဘို)**

## ပန်ဆောင်မြို့တွင် ဒုတိယအကြိမ် မဲစာရင်းထုတ်ပြန်ကြေညာ

**ပန်ဆောင် အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် ပန်ဆောင်မြို့တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်အမည်စာရင်း ဒုတိယအကြိမ် ထုတ်ပြန်ကြေညာခြင်းကို အောက်တိုဘာ ၂ ရက်မှစတင်၍ ပန်ဆောင်မြို့ပေါ် ၃ ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးရှေ့တွင် ကြေညာထားသည်။

မဲရုံအမှတ်(၁)တွင် ၄၃၃ ဦး၊ မဲရုံအမှတ်(၂)တွင် ၈၆၁ ဦး စုစုပေါင်း ၁၂၉၄ ဦး၊ ပန်ဆောင်မြို့တစ်နယ်လုံးအနေဖြင့် ဒုတိယအကြိမ် မဲပေးပိုင်ခွင့်ရှိသူ အသက်(၁၈)နှစ်အထက်မဲဆန္ဒရှင် အမည်စာရင်းထုတ်ပြန်ကြေညာချက်အရ စုစုပေါင်း ၈၇၅၇ ဦးဖြစ်ကြောင်း ဒုတိယအကြိမ် ထုတ်ပြန်ကြေညာချက်အရ သိရသည်။

**ဂျာယော်(ပြန်/ဆက်)**

# မောဝ်ရှမ်းပြည်ရှာ ရှုခင်းကသာ လမ်းလည်းသာပြီ

**ဉာဏ်မင်း(နမ့်ခမ်း)**

နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု၌ ဖွံ့ဖြိုးတိုးတက်စေရန်မှာ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ လက်ရှိအစိုးရအနေဖြင့် ၂၀၁၆ ခုနှစ်မှစ၍ တစ်နိုင်ငံလုံး၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အရေးကြီးဒေသများကို လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် ဦးစားပေးအလိုက် ဆောင်ရွက်နေသည်။ လမ်းပန်းဆက်သွယ်ရေးဆိုရာတွင် စံချိန်စံညွှန်းနှင့်အညီအဆင့်မြင့် လမ်း၊ တံတားများကို ခင်းကျင်းဆောက်လုပ်ပေးနေသည်မှာလည်း တွေ့မြင်ကြရပေမည်။

မြို့တွင်းလမ်းများ၊ တစ်မြို့နှင့်တစ်မြို့ဆက်သွယ်သော လမ်းနှင့် တံတားများ၊ ကျေးရွာအချင်းချင်း ဆက်သွယ်သော လမ်းနှင့်တံတားများကို ဆောင်ရွက်ပေးနေခြင်းအားဖြင့် ပြည်သူများအနေဖြင့် သွားလမ်းသာ၍ လာလမ်းဖြောင့်နေကြပြီ ဖြစ်သည်။ နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးသော လမ်း၊ တံတားများထဲမှ စာရေးသူ အမြဲတမ်းသွားလာနေထိုင်ခဲ့သော ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး-မူဆယ်လမ်းနှင့်ပတ်သက်၍ ရေးသားတင်ပြလိုပါသည်။

## ၁၉၈၃ မှ ၁၉၉၂ ခုနှစ်အထိ လမ်းအခြေအနေ

လားရှိုးနှင့် မူဆယ်လမ်းသည် အရှည် ၁၀၈ မိုင်ခန့်ရှိပြီး လားရှိုးမှ မူဆယ်သို့ သွားရောက်မည်ဆိုလျှင် သိန္နီမြို့၊ ကွတ်ခိုင်မြို့နှင့် ၁၀၅ မိုင်(မိုင်းယု)ကိုဖြတ်၍ သွားလာရ သည်။ ယနေ့ စည်ပင်တိုးတက် ဖွံ့ဖြိုးနေသော မူဆယ်သည် ယခင်က မူဆယ်နှင့် လုံးဝ ကွဲပြားခြားနားနေ၏။ နယ်စပ်ကုန်သွယ်ရေးဇုန်အဖြစ် မြန်မာ-တရုတ်နှစ်နိုင်ငံ ထုတ်ကုန်သွင်းကုန်နေရာဖြစ်သော ၁၀၅ မိုင်(မိုင်းယု)သည် ယခင်က ရွာငယ်လေးတစ်ရွာမျှသာ ဖြစ်သည်။ အဆိုပါဒေသများသို့ စာရေးသူ ၁၉၈၃ ခုနှစ်က စတင်ရောက်ရှိခဲ့သည်။ ထိုစဉ်က မိုးဒဏ်၊ လေဒဏ်နှင့် တောင်ကျရေ တိုက်စားမှုတို့ကြောင့် ယာဉ်သွားလမ်းသည် ပျက်စီးနေသည်။ လမ်းတစ်လျှောက် တောင်ကမ်းပါးယံကို ဖောက်လုပ်ထား၍ အကွေ့အကောက်တောင်ဆင်း တောင်တက်များနှင့် သွားလာရသည်။ အချို့နေရာများဆိုလျှင် တောင်ကို ခပ်မတ်မတ်ကွေ့ပြီး တက်ရခြင်း၊ လမ်းဆိုးခြင်းကြောင့် ယာဉ်မောင်းသူများအတွက် အလွန် အန္တရာယ်များလှသည်။ ကားလမ်းမှာ ချိုင့်များ၊ ခွက်များ၊ ကတ္တရာပင်မကျန် ကျောက်တုံးများပေါ်နေသော နေရာများဖြင့် သွားလာရသည်မှာ အဆင်ပြေချောမွေ့မှု မရှိလှပေ။ အချို့လမ်းပိုင်းများတွင် မြင့်မားမတ်စောက်သော တောင်စောင်း၌ ဖောက်လုပ်ထားရာ လမ်းဘေးကပ်လျက် တောင်ပေါ်မှကျလာသော ရေတိုက်စားမှုကြောင့် တောင်နှင့် ကားလမ်းကြား ကြီးမားသော အက်ကြောင်းသဖွယ် နက်ရှိုင်းသော ရေစီးမြောင်း ဖြစ်ပေါ်လာသည်။ လမ်း၏အခြားတစ်ဖက်တွင် အလွန်မတ်စောက်နက်ရှိုင်းသော ချောက်ကမ်းပါးရှိပြီး တောင်ကမ်းပါးဘက် စောင်းလိုက်၊ တောင်နံရံဘက်စောင်းလိုက် အသည်းတယားယားဘုရားတပြီး လိုက်ပါရသည်။ ယာဉ်မောင်းသူများမှာလည်း သတိထား မောင်းနှင်ကြရသည်။ တောင်နှင့် လမ်းကြားမှ အက်ကြောင်းကြီးများကြောင့် စောင်းနေသောလမ်းမှာ ချောက်ကမ်းပါးထဲ ပြုတ်ကျမယောင် ထင်ရသည်။ ခရီးသွားများ၊ ယာဉ်မောင်းသူများအတွက်သွားလာရေး အဆင်မပြေသော်လည်း ဌာနဆိုင်ရာများမှာ တာဝန်အရလည်းကောင်း၊ စီးပွားရေးလုပ်ကိုင်သူများမှာမိမိတို့၏ စီးပွားရေးအတွက် လည်းကောင်း၊ လူထုလူတန်းစားအသီးသီးမှာ မိမိတို့နှင့်ဆိုင်ရာ ကိစ္စများကြောင့်လည်းကောင်း လမ်းမကောင်းသော်လည်း သွားလာနေကြရသည်။

ထိုစဉ်က လူစီးကားအဖြစ် ဟိုင်းလပ်၊ ဒိုင်နာ၊ GMC၊ ဂျစ်ကားများနှင့် ကုန်တင်ယာဉ်များသာ မောင်းနှင်သွားလာကြသည်။ လားရှိုးနှင့် မူဆယ်ကို နေ့ချင်းပေါက်သွားလာနိုင်ခြင်း မရှိပေ။ လမ်းတွင် တစ်ညအိပ်၊ တစ်ခါတစ်ရံ နှစ်ညအိပ် ရပ်နားပြီး သွားလာခဲ့ရသည်။

နမ့်ခိုင်တံတားနှင့် ၁၀ မိုင်ခန့်ဝေးသော နမ့်ဖတ်ကာသို့သွားလျှင် ရင်ခွဲတောင်ဟုခေါ်သော တောင်နှစ်လုံးကြားဝန်းကျင်ရှိ အချို့သော လမ်းအပိုင်းနေရာများ၌ မိုးရာသီကာလများတွင် ရွှံ့ဗွက်များ၊ ချိုင့်ခွက်ကြီးများ ဖြစ်နေကာ ယာဉ်ငယ်များ သွားလာ၍မရအောင် ဖြစ်နေသည်။



ရှမ်းပြည်နယ်ရှိ လမ်းပိုင်းတစ်နေရာ လမ်းအဆင့်မြှင့်နေမှုကို တွေ့ရစဉ်။

**"အကျယ် ၄၈ ပေရှိ နိုင်လွန်ကတ္တရာလမ်းကို ဆောင်ရွက်ရာတွင် ခေတ်မီ စက်ယန္တရားများ၊ လူအားများ ဖြည့်တင်း၍ ဆောင်ရွက်ခဲ့ကြသဖြင့် အဆင့်မြင့် နိုင်လွန်ကတ္တရာလမ်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။ ယာဉ်ကြီး၊ ယာဉ်ငယ်များဖြင့် သွားလာမောင်းနှင်ကြသူများ ဝမ်းမြောက်ဝမ်းသာ မုဒိတာပွားကြသည်။ လေးလမ်းသွားဖြစ်သည်နှင့်အညီ ယာဉ်ကြောတစ်ဖက်စီတွင် အတက်အဆင်းယာဉ်နှစ်စီး ယှဉ်မောင်းနိုင်သဖြင့် ယာဉ်ကြောပိတ်ဆို့မှုပြဿနာ ကြုံတွေ့ရခြင်းလည်း မရှိတော့ပေ"**

ထိုအခါယာဉ်ငယ်များမှာ ရွာလမ်းများ၊ တောင်ပတ် လမ်းသွယ်များကို ကွေ့ပတ်မောင်းနှင်ကြရသည်။ ထို့အတူ နမ့်ဖတ်ကာနှင့် နမ့်ပေါ်တံတားသွားရာ နမ့်အွန်ရွာအနီးလမ်းသည်လည်း ရွှံ့နွံဗွက်များဖြစ်နေပြီး သွားလာရေးတွင် လုံးဝအဆင်မပြေ ဖြစ်ကြရသည်။

လားရှိုး-ကွတ်ခိုင် လမ်းပိုင်းတွင်မူ ကောင်းသည်ဟု မဆိုသာသော်လည်း အသင့်အတင့် ကောင်းမွန်သဖြင့် သွားလာရေးအခက်အခဲ သိပ်မရှိလှပေ။ ကွတ်ခိုင်အနီးရှိ လွယ်ဆမ်စစ်တောင်၏ အတက်အဆင်း၌ အကွေ့အကောက်များဖြင့် တက်ဆင်းရခြင်းဖြစ်ရာ လမ်းကျဉ်းမြောင်းခြင်း၊ မညီညာခြင်းတို့ကြောင့် သတိဖြင့် မောင်းနှင်သွားလာကြရသည်။ ထိုစဉ်က မူဆယ်နှင့် ၁၀၅ မိုင်သည် လမ်းပန်းဆက်သွယ်ရေး အဆင်မပြေမှုကြောင့် သာမန်မြို့၊ ရွာများအဖြစ်သာ မြင်တွေ့ကြရသည်။ သက်ဆိုင်ရာ တာဝန်ရှိသူများက ပျက်စီးနေသောလမ်းကို ရိုးရိုးကတ္တရာလမ်းအဖြစ်သာ ပြုပြင်ခဲ့သဖြင့် ကြာရှည်ခိုင်ခံ့မှု မရှိပေ။ ဤသည်ကား စာရေးသူ ဤဒေသကို စတင်ရောက်ရှိ တာဝန်ထမ်းဆောင်ခဲ့သည့် ၁၉၈၃ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ အခြေအနေများပင် ဖြစ်သည်။

## ၁၉၉၂ ခုနှစ် နောက်ပိုင်းကာလ

၁၉၉၂ ခုနှစ် နောက်ပိုင်းကာလတွင် နိုင်ငံတော်အစိုးရနှင့်အေးရှားဝေါလ်ကုမ္ပဏီတို့ သဘောတူစာချုပ် ချုပ်ဆို၍ ဆောင်ရွက်မှုကြောင့် လမ်းကိုမြေညှိပြီး ကတ္တရာလမ်းခင်း ဆောင်ရွက်နိုင်ခဲ့သည်။ သို့ရာတွင် အဆင့်မြင့်ကတ္တရာလမ်း မဟုတ်ခြင်းကြောင့် ကုန်တင်ယာဉ်ကြီးများ သွားလာမှုများလာသောအခါ လမ်းပိုင်းအချို့ ပြန်လည်ပျက်စီးသွားခြင်း၊ လမ်းများ ချိုင့်ဝင်ခြင်းများဖြစ်ကာ သွားရေးလာရေး အဆင်မပြေ ဖြစ်ရပြန်သည်။ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်စည်ကူးသန်းရန် သွားလာရသော အဓိကလမ်းမကြီးဖြစ်၍ နေ့စဉ် ရာထောင်များစွာသော ယာဉ်ကြီး၊ ယာဉ်ငယ်များ ဖြတ်သန်းသွားလာကြသဖြင့် ကုန်တင်ယာဉ်များနှင့် လမ်း၏ခံနိုင်ဝန် မမျှဘဲ ပျက်စီးခဲ့ရသည်။

အေးရှားဝေါလ်ကုမ္ပဏီက ဆောင်ရွက်ခဲ့သောလမ်းမှာ အကျယ် ၂၄ ပေရှိ နှစ်လမ်းမောင်း ရိုးရိုးကတ္တရာလမ်း ဖြစ်သည်။ လားရှိုး၊ သိန္နီ၊ နမ့်ခိုင်၊ နမ့်ပေါ် တံတားကြီးများမှာ ယခင်က သံပေါင်တံတားများသာဖြစ်ရာမှ အေးရှားဝေါလ်ကုမ္ပဏီ တာဝန်ယူခဲ့စဉ် ထိုတံတားကြီးများ အပါအဝင် လမ်းတစ်လျှောက်ရှိ တံတားငယ်များကို သံကူကွန်ကရစ်အဖြစ် အဆင့်မြှင့် ဆောက်လုပ်ခဲ့သည်။

မြန်မာနိုင်ငံမှ တရုတ်ဘက်သို့ ပို့ကုန်များနှင့် တရုတ်နိုင်ငံမှ မြန်မာဘက်သို့ သွင်းကုန်များကို တင်ဆောင်လာကြသော ကုန်တင်ယာဉ်များနှင့်အတူ ခရီးသည်တင်ယာဉ်များ၊ ကိုယ်ပိုင်ယာဉ်ငယ်များ နေ့စဉ် အစီးရေများပြားစွာ ဖြတ်သန်းသွားလာကြရာ လမ်းနှင့် တံတားမှာ ၂၄ ပေသာရှိသော နှစ်လမ်းမောင်းဖြစ်ခြင်းနှင့် သာမန် ကတ္တရာလမ်းဖြစ်ခြင်းကြောင့် ဝန်အားမမျှတဘဲ လမ်းပျက်ခြင်းဖြစ်ကာ ယာဉ်ကြောပိတ်ဆို့မှုများနှင့် ကြုံတွေ့ရသလို ကုန်သည်နှင့်စီးပွားရေးလုပ်ငန်းရှင်များမှာလည်း နှောင့်နှေးကြန့်ကြာမှု ဖြစ်ခဲ့ကြရသည်။

## ၁၉၈၃ မှ ၁၉၉၅ အတွင်းအခြေအနေနှင့် ၁၉၉၅ မှ ၂၀၁၅ အတွင်း ကွာခြားမှု

ရှမ်းပြည်နယ်မြောက်ပိုင်းသို့ စာရေးသူ ၁၉၈၃ ခုနှစ် ဩဂုတ် ၁၅ ရက်က စတင်ရောက်ခဲ့စဉ်က နိဒါန်းပိုင်းတွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း ဤလမ်းမှာ သွားလာရေး ခက်ခဲခဲ့သည်။ မိုးရာသီတွင် ပျက်စီးနေသော အချို့လမ်းပိုင်းများ၌ ရွှံ့နွံများဖြစ်နေ၍ နီးစပ်ရာတောထဲမှ သစ်တုံးများ ခုတ်ပြီး ခင်းကာ ဖြတ်သန်းကြရသည်။ သစ်တုံးများခင်း၍ ဖြတ်မရလျှင် တောလမ်း၊ တောင်လမ်း၊ ရွာလမ်းများကို ကွေ့ပတ်မောင်းနှင် ဖြတ်သန်းသွားလာရသည့် အခါမျိုးလည်း ရှိခဲ့သည်။ လားရှိုးကို နေ့ချင်းပေါက် မသွားနိုင်ဘဲ လမ်းတစ်လျှောက် ကြုံသည့်ရွာ၊ ကြုံသည့်နေရာများတွင် ညအိပ်နားကြရသည်။ ခရီးဆုံးသို့ရောက်သောအခါ ယာဉ်များမှာ ကျွဲလူးအိုင်ထဲမှ ထွက်လာသော ကျွဲကဲ့သို့ပင်။ တစ်စီးလုံး ရွှံ့အလူးလူး ပေကျံနေလေသည်။ ဆောင်းနှင့် နွေရာသီ သွားလာကြရာတွင် မိုးရာသီကဲ့သို့ ရွှံ့နွံဗွက်များ မရှိသော်လည်း ချိုင့်၊ ခွက်ကြီးများ ရှိမြဲရှိနေပြီး ရွှံ့ဗွက်များ ခြောက်သွေ့လာကာ ဖုန်မှုန့်များဖြစ်လာသည်။ ဖြတ်သန်းသွားလာသော ယာဉ်ကြီး၊ ယာဉ်ငယ်များမှာ ချိုင့်ထဲဖြတ်ရင်း ဖုန်တထောင်းထောင်းဖြင့် မောင်းကြရသလို လိုက်ပါရသူ ခရီးသည်များမှာလည်း ခေါင်းမြီးခြုံပြီး ဖုန်ကို ကာကွယ်ကြရသည်။ မျက်နှာကို မကာကွယ်နိုင်ကြသော ခရီးသွားများမှာ မျက်နှာတစ်ခုလုံး ဖုန်မှုန့်များကပ်နေကာ လူရုပ်ကိုပင် မှတ်မိရန် ခက်ခဲလှသည်။ မိုးရာသီတွင် ရွှံ့ဗွက်နှင့် ချိုင့်ခွက်ကို ဖြတ်မောင်းရ၊ ဆောင်းနှင့်နွေတွင် ဖုန်မှုန့်တောထဲသွားလာရသော ယာဉ်များနှင့် ခရီးသည်တို့၏ ဒုက္ခကား မသေးလှပေ။

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အေးရှားဝေါလ်ကုမ္ပဏီတို့ သဘောတူစာချုပ်ချုပ်ပြီး လမ်း၊ တံတားများကို ပြုပြင်ခဲ့မှုကြောင့် ရွှံ့နွံများအတွင်း မောင်းနှင်ရမှု၊ ဖုန်မှုန့်တထောင်းထောင်းအတွင်း သွားလာရမှုမှ ကင်းဝေးပြီး ၂၄ ပေရှိ နှစ်လမ်းမောင်း ကတ္တရာလမ်းတွင် သွားလာရသဖြင့် အဆင်ပြေလာသည်။ လမ်းကြေးကောက်ခံသည့်ဂိတ်များထားရှိပြီး လမ်းများ ပျက်စီးမှုမရှိစေရန် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းကိုလည်း ဆောင်ရွက်ကြသည်။ လမ်း၊ တံတားများကို အဆင့်မြှင့်တင် တည်ဆောက်ပြီးကာစတွင် သွားလာမှုများခြင်းမရှိဘဲ လမ်းအနေအထားနှင့် ယာဉ်အချိုး ညီနေသဖြင့် အဆင်ပြေလေသည်။

သို့သော်လည်း မြန်မာနှင့်တရုတ် နှစ်နိုင်ငံ ကုန်သွယ်ရေး၏ အဓိကနေရာဖြစ်သော မူဆယ် ၁၀၅ မိုင်မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ရာလမ်းသည် မူဆယ်-လားရှိုးလမ်း ဖြစ်နေသည်။ နှစ်နိုင်ငံ ကုန်စည်စီးဆင်းမှုပိုမိုတွင်ကျယ်လာသည်နှင့်အမျှ မူဆယ် ၁၀၅ မိုင်သည် မြန်မာနိုင်ငံ၏ အကြီးဆုံးသော နယ်စပ်ကုန်သွယ်ရေးဇုန်ဖြစ်လာသည်။ တစ်နိုင်ငံလုံးရှိ ကုန်သွယ်ရေးဇုန်များထဲတွင် အခွန်ငွေအများဆုံးရရှိသော ကုန်သွယ်ရေးဇုန်တစ်ခုလည်း ဖြစ်သည်။ ကုန်သွယ်ရေးအတွက်သွားလာသော ကုန်တင် ယာဉ်ကြီးများ တစ်နေ့တခြား များပြားလာသည်။ ဖွံ့ဖြိုးတိုးတက်လာသော နယ်စပ်ဒေသဖြစ်၍ ရောင်းဝယ်ဖောက်ကား သွားလာကြသူများ၊ တရုတ်နိုင်ငံ ရွှေလီ၊ ကြယ်ဂေါင် မြို့များသို့ လည်ပတ်သွားလာကြသူများဖြင့် ခရီးသည် ပို့ဆောင်ရေးယာဉ်ငယ်များ၊ မှန်လုံ(Express)ယာဉ်ကြီးများ၊ ကိုယ်ပိုင်ယာဉ်များ ဖြတ်သန်းသွားလာမှုလည်း တစ်နေ့ထက်တစ်နေ့ များပြားလာသည်။

သို့ဖြစ်၍ တစ်ခါတစ်ရံ ကုန်တင်ယာဉ်ကြီးများ လမ်းတွင် ချို့ယွင်းပါက ယာဉ်ကြောပိတ်ဆို့မှုဖြစ်ကာ အတက်အဆင်း ယာဉ်ကြောနှစ်ဖက် ရောင်တိမ်းမရဘဲ ပိတ်ဆို့မှုဖြစ်ကြရသည်။ ၂၄ ပေမျှသာရှိသော လမ်းပေါ်တွင် ယာဉ်များ ရပ်တန့်စောင့်ဆိုင်းကြရပြီး ခရီးသည်များမှာလည်း ခရီးမတွင် ဖြစ်ကြရသည်။ အရေးကြီးကိစ္စဖြင့် သွားလာကြသူများ အခက်ကြုံကြရသည်။ ၂၀၁၅ ခုနှစ်အထိ မောဝ်ရှမ်းမြေ ဒေသသည် တောင်စွယ်တောင်တန်းနှင့် စိမ်းလန်းလှပသော သဘာဝရှုခင်းများဖြင့် လှပနေသော်လည်း သွားလမ်းလည်း မသာ၊ လာလမ်းလည်း မဖြောင့် ဖြစ်နေသောအခါ အကျည်းတန်သယောင် ရှိနေသည်။ သဘာဝအလှများသည်လည်း ကွယ်ပျောက်နေသကဲ့သို့ပင် ထင်ရသည်။

၂၀၁၅ ခုနှစ်မှစပြီး လမ်းတည်ဆောက်၊ ပြုပြင်၊ ထိန်းသိမ်းရေးကို Oriental Highway ကုမ္ပဏီက ပြန်လည်လွှဲပြောင်းတာဝန်ယူခဲ့သည်။ လက်ရှိ နိုင်ငံတော်အစိုးရ တာဝန်ယူခဲ့သည့် ၂၀၁၆ ခုနှစ်မှာပင် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် Oriental Highway ကုမ္ပဏီတို့ BOT စနစ်ဖြင့် သဘောတူစာချုပ် ချုပ်ဆိုပြီး နိုင်ငံတကာအဆင့်မီ စံချိန်စံညွှန်းပြည့်မီသော လေးလမ်းသွား နိုင်လွန်ကတ္တရာ(AC)လမ်းအဖြစ် စတင် ဆောင်ရွက်ခဲ့သည်။ မြေသား၏ ခံနိုင်ဝန်အားကို ခေတ်မီစမ်းသပ်စက်ဖြင့် စမ်းသပ်၍ လိုအပ်သလို တူးထုတ်ခြင်း၊ ခေတ်မီယန္တရားစက်များဖြင့် ကျောက်တုံးကျောက်ခဲ အရွယ်အစားအလိုက် ခင်းခြင်း၊ Stablize ကို လိုအပ်သော ထုထည်ခင်းခြင်း၊ နိုင်လွန်ကတ္တရာလောင်းခြင်း အပါအဝင် စံချိန်စံညွှန်း ကိုက်ညီသော နိုင်လွန်ကတ္တရာ လေးလမ်းသွားလမ်းကို စီမံကိန်းမန်နေဂျာ၏ ကွပ်ကဲမှုဖြင့် ကျွမ်းကျင်သော အင်ဂျင်နီယာကြီးများကိုယ်တိုင် ကြီးကြပ်ဦးဆောင်၍ ဆောင်ရွက်ခဲ့ကြသည်။ ယခု ဤဆောင်းပါးကို ရေးနေချိန်တွင် လားရှိုးနှင့်သိန္နီမြို့ကြား၌မိုင် ၂၀ ဝန်းကျင်ခန့်သာဆောင်ရွက်ရန် ကျန်ရှိနေသည်။

## ၂၀၁၆ ခုနှစ်မှ ယနေ့အထိ အခြေအနေ

၂၀၁၆ ခုနှစ်မှစ၍ Oriental Highway ကုမ္ပဏီက အကျယ် ၄၈ ပေရှိ နိုင်လွန်ကတ္တရာလမ်းကို ဆောင်ရွက်ရာတွင် ခေတ်မီစက်ယန္တရားများ၊ လူအားများ ဖြည့်တင်း၍ ဆောင်ရွက်ခဲ့ကြသဖြင့် အဆင့်မြင့် နိုင်လွန်ကတ္တရာလမ်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။ ယာဉ်ကြီး၊ ယာဉ်ငယ်များဖြင့် သွားလာမောင်းနှင်ကြသူများ ဝမ်းမြောက်ဝမ်းသာ မုဒိတာပွားကြသည်။ လေးလမ်းသွားဖြစ်သည်နှင့်အညီ ယာဉ်ကြောတစ်ဖက်စီတွင်

*စာမျက်နှာ ၂၅ သို့*

# ပရီမီယာလိဂ် ပွဲစဉ် (၄) အက်စ်တွန်ဗီလာတို့ လက်ရှိချန်ပီယံ လီဗာပူးကို ဂိုးပြတ်အနိုင်ယူ



အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ် (၄) နောက်ဆုံးပွဲစဉ်ဖြစ်သော အက်စ်တွန်ဗီလာနှင့် လီဗာပူးပွဲကို အောက်တိုဘာ ၅ ရက် တနင်္လာနေ့ နံနက်ပိုင်းက ဗီလာပတ်ခ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ခုနစ်ဂိုး-နှစ်ဂိုးဖြင့် အိမ်ရှင် အက်စ်တွန်ဗီလာအသင်းသည် လီဗာပူးကို ဂိုးပြတ်အနိုင်ယူခဲ့သည်။

ယင်းပွဲတွင် နှစ်သင်းစလုံး ၄-၃-၃ ကစားကွက် ဖြင့် ပွဲထွက်လာကြပြီး ဗီလာတိုက်စစ်အတွဲတွင် ဂရီးလစ်ရှ်၊ အိုလီဝက်ကင်စ်နှင့် ထရီဇီဂတ်တို့ပါဝင်ခဲ့သည်။ ညှိသည် လီဗာပူးအသင်းသည် မာနေး မပါဝင်နိုင်သည့်တိုက်စစ်အတွဲတွင် ဆာလက်၊ ဖာမီနိုနှင့် ဂျိုတာတို့ ပွဲထွက်ခဲ့သည်။ ပွဲစပြီး ၄ မိနစ်တွင် အိုလီဝက်ကင်စ်၏ အဖွင့်ဂိုးဖြင့် ဗီလာ ဦးဆောင်ခဲ့ပြီး ၂၂ မိနစ်နှင့် ၃၉ မိနစ်တွင် အိုလီဝက်ကင်စ်က ဗီလာအတွက် ဟက်ထရစ် သွင်းယူပေးခဲ့သည်။ **(အပေါ်ယာပုံ)** ဗီလာအတွက် ကျန်ဂိုးများကို ၃၅ မိနစ်တွင် ဂျွန်မက်ကင်၊ ၅၅ မိနစ် တွင် ရော့စ်ဘာကလေ၊ ၆၆ မိနစ်နှင့် ၇၅ မိနစ်တွင် ဂျက်ခ်ဂရီးလစ်ရှ်တို့က သွင်းပေးခဲ့သည်။ လီဗာပူး အတွက် ချေပဂိုး နှစ်ဂိုးကို ဆာလက်က ပွဲချိန် ၃၃ မိနစ်နှင့် မိနစ် ၆၀ တွင် သွင်းယူခဲ့ ခြင်းဖြစ်သည်။ အိမ်ရှင် ဗီလာအသင်း ၏ တန်ပြန်တိုက်စစ်များကို မထိန်း ချုပ်နိုင်ခဲ့ဘဲ ပွဲပြီးချိန်တွင် လက်ရှိ ချန်ပီယံလီဗာပူးသည် ခုနစ်ဂိုး-နှစ်ဂိုး ဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့ရပြီး နည်းပြ ဂျာဂျင်ကလော့ဂ်နှင့် နာမည်ကြီး ကစားသမားများ ပိုင်ဆိုင်ထားသည့် လီဗာပူးအသင်းသည် မှတ်တမ်းဆိုးတစ်ခုကို ပိုင်ဆိုင်လိုက်ရသည်။ ယင်းပွဲတွင် လီဗာပူးအသင်းသည် ဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၄ ကြိမ်အနက် ရှစ် ကြိမ်ဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့သည်။ ဗီလာအသင်းသည် တန်ပြန်တိုက်စစ်များဖြင့် ဂိုးကန်သွင်းခွင့် ၁၈ ကြိမ်ထိ ရရှိခဲ့ပြီး ၁၁ ကြိမ် ဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့သည်။

ပရီမီယာလိဂ် ပွဲစဉ် (၄) တနင်္ဂနွေနေ့ညတွင် ယှဉ်ပြိုင်ခဲ့သော ရလဒ်ဆိုးသည့် ပွဲစဉ်တစ်ပွဲဖြစ်သော မန်ယူနှင့် စပါးပွဲတွင် အိုးထရက်ဖို့ဒ်ကွင်း၌ စပါးအသင်း ခြောက်ဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ယူခဲ့သည်။ ယင်းပွဲတွင် ပွဲစချင်း ၂ မိနစ်တွင် မန်ယူအသင်း ပယ်နယ်တီ အခွင့်အရေးရခဲ့ပြီး ဘရူနိုဖာနန်ဒက်စ်က အမှားအယွင်းမရှိ သွင်းယူကာ ဦးဆောင်ခဲ့သည်။ ပွဲချိန် ၄ မိနစ်တွင် အန်ဒွန်ဘီလီက စပါးအတွက် ချေပဂိုး သွင်းယူခဲ့ပြီး ၇ မိနစ်တွင် ဆွန်ဟောင်မင်က စပါးအတွက် ဦးဆောင်ဂိုး ပြန်လည်သွင်းယူခဲ့သည်။ အသင်းကြီးနှစ်သင်း တွေ့ဆုံမှုနှင့်အတူ ပွဲစစချင်း ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပြီး နည်းပြနှစ်ဦး၏ အားပြိုင်မှုလည်း ဖြစ်ခဲ့သည်။ မန်ယူအသင်း တိုက်စစ်မှူးမာရှယ်လ် တိုက်ရိုက်အနီဖြင့် ပွဲချိန် ၂၈ မိနစ်တွင် ထုတ်ပယ်ခံရပြီးနောက် ပြိုင်ဆိုင်မှုမှာ ပြောင်းလဲခဲ့သည်။ ညှိသည် စပါးအသင်းသည် တစ်ယောက်အသာစီးဖြင့် ပြိုင်ပွဲကို စိတ်ကြိုက်ကစားနိုင်ခဲ့ပြီး အသင်းအတွက် ထပ်မံအနိုင်ဂိုးများကို မိနစ် ၃၀ နှင့် ၇၉ မိနစ်တွင် ဟယ်ရီကိန်း၊ ၃၇ မိနစ်တွင် ဆွန်ဟောင်မင်၊ ၅၁ မိနစ်တွင် ဆာဂျီအူရီယာတို့က သွင်းယူခဲ့သည်။

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ် (၄) ယှဉ်ပြိုင်အပြီးတွင် လေးပွဲဆက်အနိုင်ရထားသည့် အဲဗာတန်သည် ရမှတ် ၁၂ မှတ်ဖြင့် ဇယားထိပ်တွင် ဦးဆောင်နေပြီး အဆင့် ၂ တွင် အက်စ်တွန်ဗီလာက တစ်ပွဲလျော့ သုံးပွဲဆက် အနိုင်ရထားပြီး ရမှတ် ၉ မှတ်ဖြင့် ရပ်တည်နေသည်။ လက်စတာ၊ အာဆင်နယ်နှင့် လီဗာပူးတို့မှာ လေးပွဲကစားပြီး တစ်ပွဲရှုံးစီဖြင့် ရမှတ် ၉ မှတ် ရရှိထားကြသည်။ စပါး၊ ချယ်ဆီး၊ လိဒ်နှင့် နယူးကာဆယ်တို့မှာ ရမှတ် ၇ မှတ်စီ ရရှိထားပြီး မန်ယူအသင်းသည် တစ်ပွဲလျော့ သုံးပွဲကစားထားပြီး တစ်ပွဲနိုင် နှစ်ပွဲရှုံး ရမှတ် သုံးမှတ်သာ ရရှိထားသည်။ **သီဟ**

## အားကစားနှင့် မှုခင်းသတင်း

◆ *ကျောဖုံးမှ*

၄င်းသည် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ရှရီဘူရီတောင်းအသင်းသို့ အငှားချခံထားခဲ့ရပြီး ရှရီဘူရီတောင်းအသင်းအတွက် ပြိုင်ပွဲစုံ ၅၁ ပွဲအထိ ပါဝင်ကစားထားကြောင်း သိရသည်။ အန်ဆယ်လော့တီ တာဝန်ယူကိုင်တွယ်နေသည့် အဲဗာတန်အသင်းသည် ပရီမီယာလိဂ်လေးပွဲယှဉ်ပြိုင်ကစားပြီး လေးပွဲစလုံး အနိုင်ရရှိထားကာ အမှတ်ပေးဇယားကို ရမှတ် ၁၂ ဖြင့် ဦးဆောင်ထားနိုင်သည့် အသင်းဖြစ်သည်။ သို့သော်လည်း နည်းပြ အန်ဆယ်လော့တီသည် ခံစစ်တွင် မေဆွန်ဟိုးဂိတ်နှင့် ဂျားရတ်ဘရန့်ဝိတ်တို့ ဒဏ်ရာအသီးသီး ရရှိနေသည့်အတွက် ကစားသမားအင်အားကို ထပ်မံဖြည့်တင်းရန် ဆန္ဒရှိနေခြင်းဖြစ်သည်။

စပါးအသင်းမှ ဆီဆက်ဂ်နွန်သည် ဂျာမန်ကလပ် ဟော်ဖန်ဟိမ်းအသင်းသို့ အငှားပြောင်းရွှေ့သွားပြီဖြစ်ကြောင်း သိရသည်။ စပါးအသင်းသည် အဆိုပါကစားသမားကို ပြီးခဲ့သည့် နွေရာသီတွင် ဖူလ်ဟမ်အသင်းမှ ပေါင် ၂၅ သန်းဖြင့် ခေါ်ယူခဲ့သည်။ သို့သော်လည်း ၄င်းသည် စပါးအသင်းတွင် ပုံမှန်ပွဲထွက်ခွင့်ရရှိရန် ရုန်းကန်နေရသူဖြစ်ပြီး ၂၀၁၉-၂၀၂၀ ဘောလုံး ရာသီတွင် အသင်းအတွက် ပြိုင်ပွဲစုံ ၁၂ ပွဲသာ ပါဝင်ကစားထားရသေးသူ ဖြစ်သည်။ ဟော်ဖန်ဟိမ်းအသင်းသည် ဘွန်ဒက်စ်လီဂါ၌ သုံးပွဲ ကစားပြီး ချိန်တွင် ကိုလုံးအသင်းကို သုံးဂိုး-နှစ်ဂိုး၊ ဂျာမန်ချန်ပီယံ ဘိုင်ယန်မြူးနစ် အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားပြီး ဖရန့်ဖတ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည့်အတွက် ရမှတ်ခြောက်မှတ်ရရှိကာ အမှတ်ပေး ဇယား အဆင့် (၆) နေရာတွင် ရပ်တည်နေသည့် အသင်းဖြစ်သည်။

အင်တာမီလန်အသင်းသည် ပဲမားအသင်းမှ ဒါမီယန်ကို အငှားခေါ်ယူ စာချုပ်လိုက်ကြောင်း သိရသည်။ အသက် ၃၀ အရွယ်ရှိ အီတလီ ကစားသမားသည် မန်ယူကစားသမားဟောင်းများဖြစ်သည့် အက်ရှ်လေယန်း၊ ရိုမီယူလူကာကူနှင့် အလက်ဇစ် ဆန်းချက်ဇ်တို့နှင့် ဆန်စီယိုတွင် ပြန်လည်ပေါင်းထုပ်နိုင်ခဲ့ခြင်း ဖြစ်သည်။ ဒါမီယန်သည် မန်ယူအသင်းတွင်၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ကစားခဲ့သူဖြစ်ပြီး ပွဲပေါင်း ၉၂ ပွဲ ပါဝင်ကစားထားသူဖြစ်သည်။

**အောင်ဇော်**

## မြဝတီနှင့် မိုင်းဆတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၅

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၄ ရက် ညနေပိုင်းတွင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ရွှေဘုန်းပွင့်လမ်းနေ သန်းဝင်း (ခ) မောင်ပိန်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၈၃ ပြားကို လည်းကောင်း၊ အလားတူ ယင်းနေ့မွန်းလွဲပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မိုင်းဆတ်မြို့နယ် တန့်ဆိုင်ကျေးရွာအုပ်စု တန့်ဆိုင်ကျေးရွာအနီး တန့်ဆိုင်-မိုင်းဆတ်သွား ကားလမ်း၌ Vigo အမျိုးအစား မော်တော်ယာဉ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ယာဉ်ပေါ်ပါ အမျိုးသားနှစ်ဦးမှာ မော်တော်ယာဉ်ကို လမ်းဘေးသို့ရပ်တန့်၍ ထွက်ပြေးသွားသောကြောင့် ၄င်းယာဉ်ကို စစ်ဆေးရှာဖွေရာ အိုက်စ် ၅၀၀ ကီလို ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ယင်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

စာမျက်နှာ ၂၄ မှ

အတက်အဆင်း ယာဉ်နှစ်စီး ယှဉ်မောင်းနိုင်သဖြင့် ယာဉ်ကြောပိတ်ဆို့မှုပြဿနာ ကြုံတွေ့ရခြင်းလည်း မရှိတော့ပေ။

" ကျွန်တော်တို့ စလုပ်တုန်းကတော့ လမ်းနဲ့မလွတ်တဲ့ အိမ်ပိုင်ရှင်၊ ခြံပိုင်ရှင်၊ မြေရှင်တွေက သိပ်မကြည်ဖြူကြဘူး။ ၁၀၅ မိုင် မရောက်ခင်ရွာဖြစ်တဲ့ မော်တောင်းရွာထဲဆိုရင် တစ်ဝက်တစ်ပျက်ပဲခင်းပြီး ကျော်သွားရတယ်။ တာလုံ့ရွာ ခင်းပြီး နိုင်လွန်ကတ္တရာလမ်းမကြီးကို တွေ့တော့မှ သူတို့ ရွာကိုလည်း ခင်းပါဆိုပြီး ပြန်တောင်းဆိုတယ်။ စပြီးလုပ်တုန်းက ဒီအခက် အခဲလိုမျိုး တော်တော်ကြုံခဲ့ရတယ်။ ဒီနောက်ပိုင်းမှာတော့ အတော်အဆင်ပြေတယ်။ ယာဉ်ဖြတ်သန်းခနှုန်းထားက ဟိုအရင် အေးရှားဝေါလ်လက်ထက်က နှုန်းထားအတိုင်း ကောက်ခံနေပါတယ်။ ကျွန်တော်တို့ရဲ့ ရင်းနှီးမြှုပ်နှံမှုက ၂၀၁၈-၂၀၁၉ ကဆိုရင် တစ်မိုင်ကို ၁ ဒသမ ၅ ဘီလီယံ ကုန်ကျပြီး ဒီနောက်ပိုင်းမှာတော့ တစ်မိုင်ကို ၁ ဒသမ ၈ ဘီလီယံလောက် ကုန်ကျမှု ပိုများလာတယ်။ ရင်းနှီးမြှုပ်နှံမှုက တက်လာပေမယ့် ဝင်ငွေကတော့ တိုးတက်မလာဘူး ဖြစ်နေတယ်။ ပြီးသွားတဲ့ လမ်းပိုင်းအတွက် ယာဉ်ဖြတ်သန်းခ တိုးကောက်ချင်ပေမယ့် လတ်တလောအခြေအနေအရ နိုင်ငံတော်အစိုးရက ခွင့်မပြုသေးတော့ တိုးကောက်လို့ မရသေးဘူး'' ဟု နမ့်ခိုင်တံတားမှ မူဆယ်-နမ့်ခမ်းလမ်းအပိုင်း တာဝန်ယူသော စီမံကိန်းမန်နေဂျာ ဦးမျိုးအောင်က ပြောကြားသည်။ မူဆယ်-နမ့်ခမ်းလမ်းကိုလည်း နှစ်လမ်းမောင်းကွန်ကရစ်လမ်းအဖြစ် ခြောက်မိုင်ခွဲ ခင်းလက်စနှင့် ဆောင်ရွက်လျက်ရှိသည်။ မိုးရာသီကာလဖြစ်ခြင်း၊ ကိုဗစ်- ၁၉ ရောဂါဖြစ်ပွားလာ၍ အလုပ်သမား အခက်အခဲရှိခြင်းတို့ကြောင့် လတ်တလောတွင် လုပ်ငန်းကို ခေတ္တရပ်ဆိုင်းထားရသည်။

လွန်ခဲ့သော နှစ်ပေါင်း ၄၀ ခန့်မှ ယနေ့တိုင် ၃၅ နှစ်ခန့်ကြာသော အချိန်ကာလအတွင်း သွားလာရေးမှာ အခက်အခဲမျိုးစုံနှင့် အဆင်မပြေကြသော အဖြစ်အပျက်များစွာ ရှိခဲ့သည်။ သို့သော် လည်း ရပ်တည်မှုအမျိုးမျိုးနှင့် ဝမ်းရေးအတွက်၊ တာဝန်အတွက် လှုပ်ရှားသွားလာကြရသည်များ ရှိနေသောကြောင့် မဖြစ်မနေ သွားလာနေကြရသည်။ လမ်းဆိုးသည်၊ ကောင်းသည် ဂရုမပြုနိုင်ဘဲ လိုရာခရီးရောက်ရန်သာ အဓိကဖြစ်နေခဲ့သည်။

ဤသို့သော သွားလာရေး အခက်အခဲများနှင့် ကုန်စည်စီးဆင်းမှု နှောင့်နှေးသည့် ပြဿနာစသည့် အများပြည်သူတို့၏ အခက်အခဲကို လက်ရှိ နိုင်ငံတော်အစိုးရက ရှုမြင်သုံးသပ်ကာ Oriental Highway ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုဆောင်ရွက်ပေးခဲ့မှုကြောင့် ယခုအခါ လမ်းပန်းဆက်သွယ်ရေးမှာ အဆင်ပြေချောမွေ့လာခဲ့သည်။

မောဝ်ရှမ်းမြေသည် ပြာရီညိုမှိုင်းသော တောင်တန်း အလှများဖြင့် နွေ၊ မိုး၊ ဆောင်း ရာသီမည်သို့ပင် ပြောင်းလဲစေကာမူ လှပနေမြဲဖြစ်သည်။ "အလှတွင် အယဉ်ဆင့်" ဆိုသကဲ့သို့ မောဝ်ရှမ်းမြေ၏ အလှနှင့်အတူ လေးလမ်းသွား နိုင်လွန်ကတ္တရာလမ်းကြီးကို တင့်တယ်စွာ မြင်ရသည်မှာ "မောဝ်ရှမ်းဌာနေမှာဖြင့် ရှုခင်းတွေသာ လမ်းလည်းသာပြီ" ဟု ဆိုနိုင်ပြီဖြစ်ပေသည်။ ။


**အားကစားမြင့်တင် စိတ်လန်းရှင်**
**ဆန့်ကျင်မူးယစ်ဆေး**



**သံဃာတော်(၁၆၆၀)ကျော် သီတင်းသုံးတော်မူသော မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ရေ - မီး ထာဝရငွေပဒေသာပင်**

**ကျပ်သိန်း(၁)သောင်း စီမံကိန်း ဆက်သွယ်လှူဒါန်းရန်- မစိုးရိမ်တိုက်သစ် ဂေါပကအဖွဲ့**

ဦးလှအောင်(ဥက္ကဋ္ဌ)၊ ဖုန်း-၀၉-၂၀၀၃၂၂၉ ဦးမြဇော်(အတွင်းရေးမှူး) ဖုန်း-၀၉-၂၀၀၇၃၆၄
ဦးကျော်ဇေယျ(အဖွဲ့ဝင်) ဖုန်း-၀၉-၂၀၀၃၈၅၅ ဦးသိန်းငွေအောင်(အဖွဲ့ဝင်) ဖုန်း-၀၉-၂၀၀၉၇၉၀
ဦးကင်းဝန် (အဖွဲ့ဝင်) ဖုန်း-၀၉-၅၃၀၂၁၃၇

**မန္တလေးမြို့၊ ၈၉ လမ်း၊ ၃၈x၄၁ လမ်းကြား၊ မစိုးရိမ်တိုက်သစ်သို့လည်း လူကိုယ်တိုင်လာရောက် လှူဒါန်းနိုင်ပါသည်။**

**မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် ရေ၊ မီး ပဒေသာပင် ၉-လပိုင်း အလှူရှင်စာရင်း**

| စဉ် | အလှူရှင် | အလှူငွေ |
|---|---|---|
| ၁ | ဆရာလေး ဒေါ်ဒီပင်္ကရာထေရီ | 5000000 |
| ၂ | ဓမ္မဝေဒဂူ ကျောင်းသားဟောင်းသမဂ္ဂများ | 3000000 |
| ၃ | ကွယ်လွန်သူ ဦးကျော်သူ (၉-လပြည့်)အား ရည်စူး၍ ဒေါ်သင်းသင်းဆွေ သမီး-မကေသရီကျော် မိသားစု အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ | 1100000 |
| ၄ | သုဓမ္မမဏ္ဍိဇောတရေ ဦးအောင်နိုင်ဆွေ-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်မြင့်မြင့်နွယ် သား မောင်ဟိန်းသူ၊ မောင်ငြိမ်းခန့်ကျော် သီရိရွှေစင် စိန်ရွှေရတနာဆိုင် မိသားစု မန္တလေးမြို့။ (လစဉ်အလှူ) | 1000000 |
| ၅ | ဦးမောင်ကို-သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေဥ ထာဝရကုမ္ပဏီလီမိတက်နှင့် ရွှေဥသြရွှေဆိုင် မိသားစု မန္တလေးမြို့(လစဉ်) | 1000000 |
| ၆ | ဦးဓမ္မပါလ ရန်ကုန်မြို့ | 1000000 |
| ၇ | သီရိပျံချီ ဦးသိန်းဆွေ (အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး)-ဇနီး-ဒေါ်မြသိင်္ဂီ သား-ကိုဘုန်းပိုင်ဦး-ဇနီးဒေါက်တာစုစုလှိုင် မြေး-မောင်ဟိန်းစစ်ညီမ်း၊ မဝင့်မြတ်သွယ်၊ မဝင့်မြတ်သင်း ဗိုလ်မှူးမြတ်သူ သမီး-မဖြူသန့်ပိုင် မြေး-မောင်သီဟသန့်၊ မောင်ဘုန်းပြည့်ပိုင် မိသားစု | 1000000 |
| ၈ | ဗိုလ်ကြီးထွန်းမြင့်ကျော်(ငြိမ်း)-ဒေါ်အေးအေးဝင်းမိသားစု၊ ရပ်ကွက် ၁၊ လားရှိုးမြို့ | 500000 |
| ၉ | ဦးသိန်းဟန်-ဒေါ်တိုးယဉ် မိသားစု ပွဲကုန်းရပ်၊ ၂၅ လမ်း၊ မန္တလေးမြို့ | 500000 |
| ၁၀ | မိခင်ကြီး ဒေါ်တုတ်တုတ်အား ရည်စူး၍ ဦးစန်းမောင် (နိုင်စက်မှုလက်မှု) မိသားစု၊ ဥပုတ်တော်ရပ်၊ မန္တလေးမြို့ | 500000 |
| ၁၁ | အဘွား ဒေါ်တင့်၊ (ဘ)ဦးရှိန်-(အမိ)ဒေါ်နှင်းအေး၊ အစ်မ-ဒေါ်တင်အောင်၊ တူ-ကိုကျော်ကျော်ထွန်း မြေး-ဗိုလ်ကြီးစိုးသူထွန်းတို့အား ရည်စူး၍ ဒေါ်လုံးနှင့် တူ၊ တူမများ လက်ပံတန်းရပ်၊ မန္တလေးမြို့ | 500000 |
| ၁၂ | ဦးဟန်ရှိန်-ဒေါ်မြမြလေး (ဇမ္ဗူဒီပါခြံ) သားသမီးမြေးတစ်စု၊ မန္တလေးမြို့ | 500000 |
| ၁၃ | ကွယ်လွန်သူ ဦးစောမင်းလှ-ဒေါ်ခင်သိန်းဝင်းအား ရည်စူး၍ ကျန်ရစ်သူ သားသမီးမြေးတစ်စု | 500000 |
| ၁၄ | ကွယ်လွန်သူ မိခင်ကြီး ဒေါ်ချစ်စုအား ရည်စူး၍ ဒေါ်ထားထား အ.ထ.က(၁၆)၊ ရဲမွန်တောင်၊ မန္တလေးမြို့ | 300000 |
| ၁၅ | ဦးသန်းထွန်း-ဒေါ်ဖြူဖြူ သား မောင်ခန့်ပိုင်ဝင်း ထွန်းတုံးမြို့သစ်၊ ၄၈x၄၉ မန္တလေးမြို့ | 300000 |
| ၁၆ | ဦးခင်မောင်ဦး-ဒေါ်ခင်သန်းဆွေ သမီး-မပွင့်ဖြူဖြူမောင် ချစ်သစ္စာစက်ချုပ်ဆိုင်မိသားစု၊ ၈၃၊ ၃၂x၃၃ ကြား၊ မန္တလေးမြို့ | 300000 |
| ၁၇ | ဦးဝင်းမောင်ကြည်-ဒေါ်ငွေငွေဝင်း သား-မောင်ဝင်းမျိုးထက်-မငြိမ်းငြိမ်းအိ၊ ကိုအောင်မျိုးထက် မြေး-မမေနှင်းဖြူငြိမ်း ကံကြီးရပ်ကွက်၊ အောင်လံမြို့။ | 300000 |
| ၁၈ | ဦးအောင်၊ (ဒေါ်ရွှေပိုင်၊ ဒေါ်ရွှေလှိုင်) မောင်နှမတစ်စု ကျီဝင်းရပ်၊ အောင်မြေသာစံ၊ မန္တလေးမြို့(တတိယအကြိမ်) | 300000 |
| ၁၉ | ဦးတင်မြင့်-ဒေါ်လှရီ မိသားစု ဦးတင်မြင့် (၈၆-နှစ်ပြည့် မွေးနေ့အလှူ ၁၀-၂/၈၉၊ မြို့သစ်၊ မန္တလေးမြို့ | 200000 |
| ၂၀ | နှစ်ဖက်မိဘများအား ရည်စူး၍ စိုင်းဟန်မျိုးအောင်-နန်းနွမ်းမို ရှမ်းမြောက်၊ ကျောက်မဲ၊ ပန်ပေါင်း | 200000 |
| ၂၁ | ဦးထွန်းအေး-ဒေါ်ခင်စိန် (ဦးဘစောနှင့် ညီများ စက်မှုလက်မှု)မိသားစု စိန်ပန်းရပ်၊ မန္တလေးမြို့(လစဉ်အလှူ) | 200000 |
| ၂၂ | ဒေါ်မမလေး မိသားစု မိတ္ထီလာမြို့ | 200000 |
| ၂၃ | ဒေါ်တင်ကြိုင်၊ သမီး-မခင်ဆွေ၊ သား-ဦးမောင်ထူး-ဒေါ်သီသီမိသားစု (ဆ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ | 200000 |
| ၂၄ | မသီလစာရီ မွေးနေ့အလှူ မအူပင်ချောင်၊ စစ်ကိုင်းတောင်ရိုး။ | 150000 |
| ၂၅ | ဒေါ်မိုးမိုး သားငယ်-မောင်ဟိန်းသဲစိုးတို့အား ရည်စူး၍ ဦးဝင်းကိုဦး သား-မောင်ပိုင်သူ မိသားစု မန္တလေးမြို့ | 150000 |

ဆက်လက်ဖော်ပြသွားပါမည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကရင်ပြည်နယ်အစိုးရအဖွဲ့ ဘားအံမြို့
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ဘားအံ)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(ကော့ကရိတ်)တို့တွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**အစိုးရစက်မှုလက်မှုသိပ္ပံ(ဘားအံ)**

(၁) ပင်မစာသင်ဆောင် RC (၃)ထပ် (၂၁၇' x ၁၃၀') (၁) လုံး
(၂) အလုပ်ရုံ Steel Structure (၁)ထပ် (၁၂၅' x ၈၂') (၁)လုံး
(၃) ဆရာ/ဆရာမဆောင် RC(၄)ခန်းတွဲ (၄)ထပ် (၇၈' x ၉၄') (၁)လုံး
(၄) ဆရာ/ဆရာမဆောင်RC (၄)ခန်းတွဲ (၄)ထပ် (၇၈' x ၉၄') (၁)လုံး
(၅) ဆရာ/ဆရာမဆောင်RC (၄)ခန်းတွဲ (၄)ထပ် (၇၈' x ၉၄') (၁)လုံး
(၆) ကျောင်းသား/သူအိပ်ဆောင် (၈၀)ဦးဆံ့ RC (၂)ထပ် (၂၁၁' x ၇၀') (၁)လုံး
(၇) ကျောင်းသား/သူအိပ်ဆောင် (၁၂၀)ဦးဆံ့ RC (၃)ထပ် (၂၁၁' x ၇၀') (၁)လုံး

**အစိုးရစက်မှုလက်မှုသိပ္ပံ(ကော့ကရိတ်)**

(၁) စာသင်ဆောင် RC (၃)ထပ် (၁၉၂' x ၃၈') (၁)လုံး
(၂) ခြံစည်းရိုးကာရံခြင်းလုပ်ငန်း Chain Link (4000') အောက် (18'')အမြင့်အုတ်ခုံတုံးအပါအဝင် (၁)မျိုး
(၃) ဆရာ/ဆရာမဆောင် RC (၄)ခန်းတွဲ (၄)ထပ် (၇၈' x ၉၄')(၁)လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၅-၁၀-၂၀၂၀ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၄-၁၁-၂၀၂၀ ရက်၊ ညနေ ၄ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသောအချက်များရှိပါက အစိုးရနည်းပညာအထက်တန်းကျောင်း(ဘားအံ)သို့ ဖုန်း-၀၅၈-၂၂၂၈၂၊ ၀၉-၇၇၈၆၃၀၆၁၃ နှင့် ၀၉-၆၇၈၈၈၃၄၄၂ သို့လည်းကောင်း လူကိုယ်တိုင်လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ကရင်ပြည်နယ်အစိုးရအဖွဲ့ ဘားအံမြို့**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး
## နည်းပညာတက္ကသိုလ်(ဘားအံ)
## တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်၊ ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(ဘားအံ)၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် သုံးထပ်ကျောင်းဆောင်ဘေး အလျား ၈၀၀ ပေ RC Colum - ကျောက်ကြီးစီမြေထိန်းနံရံဆောက်လုပ်ခြင်းလုပ်ငန်း သုံးထပ်ကျောင်းဆောင် (၁၀၀၀' x ၁၄') ပတ်လမ်း ပြုပြင်ခြင်းလုပ်ငန်း၊ ဘက်စုံသုံးအားကစားခန်းမ Steel Stucture (၁၂၀' x ၈၈' x ၂၇') ရေမီးအပါအဝင် အဝင်လမ်း (၁၀၀' x ၁၂' x ၈'') ဆောက်လုပ်ခြင်းလုပ်ငန်းအပါအဝင် တည်ဆောက်ခြင်းလုပ်ငန်း (၃)ခုအတွက် စိတ်ပါဝင်စားသူ နိုင်ငံသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို ကရင်ပြည်နယ် နည်းပညာတက္ကသိုလ်(ဘားအံ)တွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၇-၁၀-၂၀၂၀ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၆-၁၁-၂၀၂၀ ရက်(၄ : ၃၀) နာရီတိတိ
(ဂ) **တင်ဒါဝယ်ယူရမည့်နေရာ** - နည်းပညာတက္ကသိုလ်(ဘားအံ) ကရင်ပြည်နယ်
(ဃ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ထပ်မံကြေညာပါမည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

(က) နည်းပညာတက္ကသိုလ်(ဘားအံ) ကရင်ပြည်နယ် ဖုန်း-၀၉-၅၆၆၀၄၆၆၊ ၀၉-၂၆၅၃၇၃၄၁၁၊၀၉-၂၆၅၃၇၃၅၂၂

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
## ပြည်နယ်မီးသတ်ဦးစီးဌာန
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကချင်ပြည်နယ်မီးသတ်ဦးစီးဌာနတွင် အောက်ဖော်ပြပါပစ္စည်းများဝယ်ယူရန် ပြည်တွင်း/ပြည်ပကုမ္ပဏီများအား တင်ဒါတင်သွင်းသွားရန် ဖိတ်ခေါ်အပ်ပါသည်-

(က) မီးငြိမ်းသတ်ယာဉ် ၅စီး Lot 1
(ခ) လှေကားတင်ယာဉ် (30 M) ၁စီး Lot 2
(ဂ) အသက်ရှူကိရိယာ B.A Set ၅၀စုံ Lot 3

၂။ တင်ဒါများကို ကချင်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၊ မြစ်ကြီးနားမြို့တွင် အောက်ပါအတိုင်း တင်သွင်းရန်နှင့် သတ်မှတ်ရက်ထက်ကျော်လွန်သော အိတ်ဖွင့်တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

(က) **တင်ဒါစတင်တင်သွင်းရမည့်ရက်** ၅-၁၀-၂၀၂၀ရက်မှ၃-၁၁-၂၀၂၀ရက်ထိ
(ခ) တင်ဒါပိတ်မည့်ရက် ၃-၁၁-၂၀၂၀ရက်(၁၅ : ၀၀)နာရီ

**ကချင်ပြည်နယ်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

---

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## ကချင်ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ မြစ်ကြီးနားမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ကချင်ပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါမြို့များတွင် ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် တရားဝင်လိုင်စင်ရ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင် ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | မြို့နယ် | လုပ်ငန်း | |
|---|---|---|---|
| (က) | မြစ်ကြီးနားမြို့ (မလိခအိမ်ရာ) | (၄)ခန်းတွဲ(၅)ထပ်ဝန်ထမ်းအိမ်ရာ ((၁)ခန်းလျှင် ၆၅၀ စ/ပေ) တိုက်အမှတ် (၈၊ ၁၆၊ ၁၇၊ ၁၈) ဆောက်လုပ်ခြင်း | 4Lot |
| (ခ) | မြစ်ကြီးနားမြို့ (မလိခအိမ်ရာ) | (၄)ခန်းတွဲ(၅)ထပ်ဝန်ထမ်းအိမ်ရာ ((၁)ခန်းလျှင် ၇၂၅ စ/ပေ) တိုက်အမှတ် (၁၉)ဆောက်လုပ်ခြင်း | 1Lot |
| (ဂ) | မြစ်ကြီးနားမြို့ (မေခအိမ်ရာ) | (၄)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ ((၁)ခန်းလျှင် ၆၅၀ စ/ပေ) တိုက်အမှတ် (၁၇၊၂၁)ဆောက်လုပ်ခြင်း | 2Lot |
| (ဃ) | မိုးညှင်းမြို့ | (၄)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ ((၁)ခန်းလျှင် ၆၅၀ စ/ပေ) တိုက်အမှတ် (၆)ဆောက်လုပ်ခြင်း | 1Lot |
| (င) | ဗန်းမော်မြို့ | (၄)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ ((၁)ခန်းလျှင် ၆၅၀ စ/ပေ) တိုက်အမှတ် (၅၊ ၆)ဆောက်လုပ်ခြင်း | 2Lot |
| (စ) | မံစီမြို့ | (၄)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ ((၁)ခန်းလျှင် ၆၅၀ စ/ပေ) တိုက်အမှတ် (၃)ဆောက်လုပ်ခြင်း | 1Lot |
| (ဆ) | ရွှေကူမြို့ | (၄)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ ((၁)ခန်းလျှင် ၆၅၀ စ/ပေ) တိုက်အမှတ် (၃)ဆောက်လုပ်ခြင်း | 1Lot |
| (ဇ) | မိုးမောက်မြို့ | (၄)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ ((၁)ခန်းလျှင် ၆၅၀ စ/ပေ) တိုက်အမှတ် (၃)ဆောက်လုပ်ခြင်း | 1Lot |

၂။ တင်ဒါအဆိုပြုလွှာများနှင့် စည်းကမ်းချက်များကို ရုံးချိန်အတွင်း ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့တွင် လူကိုယ်တိုင်သော်လည်းကောင်း Online ဖြင့် duhdkachin @ gmail .com တွင် လည်းကောင်း ၈-၁၀-၂၀၂၀ ရက် နံနက် ၉ : ၃၀ နာရီမှစတင်ဝယ်ယူနိုင်ပြီး ၆-၁၁-၂၀၂၀ ရက် ၁၆ ၀၀ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။

၃။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ပြည်နယ်ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၇၄-၂၅၂၉၂၆၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
## ပြည်နယ်မီးသတ်ဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်နယ်မီးသတ်ဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ပြည်နယ်အတွင်း၌ အဆောက်အဦဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာများအား ၅-၁၀-၂၀၂၀ ရက်မှ စတင်၍ ရုံးချိန်အတွင်း၊ အတွင်းရေးမှူး၊ တင်ဒါခေါ်ယူရေးကော်မတီရုံး၊ ပြည်နယ်မီးသတ်ဦးစီးဌာန၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်တွင် ဝယ်ယူလျှောက်ထားနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) ပြည်နယ်မီးသတ်စခန်းတွင် ဆောက်လုပ်ခြင်း
မြစ်ကြီးနားမြို့နယ်၊ ပြည်နယ်ဝန်ထမ်းနေအိမ်ဆောက်လုပ်ခြင်း
(၅၁ x ၆၁.၆ x ၄၅ )ပေ (၄)ခန်းတွဲ (၄) ထပ်
(ခ) ပူတာအိုမြို့နယ်မီးသတ်စခန်းတွင် ဆောက်လုပ်ခြင်း
ပူတာအိုမြို့နယ်ဝန်ထမ်းနေအိမ်ဆောက်လုပ်ခြင်း
(၅၁ x ၆၁.၆ x ၄၅)ပေ (၄)ခန်းတွဲ (၄) ထပ်
(ဂ) ဗန်းမော်ခရိုင်မီးသတ်စခန်းဆောက်လုပ်ခြင်း(အသစ်)
(၁၁) ခရိုင်မီးသတ်စခန်း(၁၃၃ x ၅၂ x ၂၆ )ပေ (၂)ထပ်နှင့်
(၂၂) ခရိုင်မီးသတ်စခန်း ပြင်ပရေ/မီးသွယ်တန်းခြင်း(၄)လက်မ စက်ရေတွင်းနှင့်ရေဂါလန် (၁၀၀၀၀)ဆံ့ မြေအောက်အုတ်ရေကန် (ရေစက်ပါ)၊ (၄ x ၄ x ၄)ပေ ဖိုက်ဘာကန်(၁၂)လုံး

၂။ **အိတ်ဖွင့်တင်ဒါစတင်တင်သွင်းရမည့်ရက်** - ၅-၁၀-၂၀၂၀ရက်မှ ၃-၁၁-၂၀၂၀ရက်ထိ
၃။ **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်** - ၃-၁၁-၂၀၂၀ ရက် (၁၅ : ၀၀)နာရီထိ
၄။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - ကချင်ပြည်နယ်မီးသတ်ဦးစီးဌာန၊ တင်ဒါခေါ်ယူရေးကော်မတီရုံး

၅။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဖုန်း-၀၇၄-၂၅၂၉၅၁၂၊ ပြည်နယ်မီးသတ်ဦးစီးမှူးရုံး ၀၇၄-၂၅၂၂၄၆၇၊ ၀၇၄-၂၅၂၀၁၆၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကချင်ပြည်နယ်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အဦဦးစီးဌာန
## အဆောက်အဦအထူးအဖွဲ့(၆/၉/၁၀)
## ချင်းပြည်နယ်၊ ဟားခါးမြို့
## တင်ဒါအမှတ် ၁/၂၀၂၀-၂၀၂၁
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့ (၆/၉/၁၀)တို့မှ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ ပြည်ထောင်စုရန်ပုံငွေဖြင့် ချင်းပြည်နယ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သည့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့် ရက်/အချိန်** - ၂၀-၁၀-၂၀၂၀မှ ၅-၁၁-၂၀၂၀ (ရုံးချိန်အတွင်း)
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၆-၁၁-၂၀၂၀
**တင်ဒါစိစစ်ဖွင့်မည့် ရက်/အချိန်/နေရာ** - ဆက်လက်ကြော်ငြာပါမည်။

အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အဆောက်အဦအထူးအဖွဲ့ (၆) မန္တလေး၊ ဖုန်း-၀၂-၄၀၇၆၃၆၄၊ အဆောက်အဦအထူးအဖွဲ့(၉) ဟားခါး၊ ဖုန်း-၀၉-၂၅၁၇၄၈၇၂၅ နှင့် အဆောက်အဦအထူးအဖွဲ့(၁၀) မုံရွာ၊ ဖုန်း-၀၉-၄၅၀၅၄၀၃၇၁ တို့ဖြင့် ၂၀-၁၀-၂၀၂၀ ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## နည်းပညာတက္ကသိုလ်(သန်လျင်)
## တည်ဆောက်ရေးလုပ်ငန်းများအတွက်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ်(သန်လျင်)တွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်းအမည် |
|---|---|
| က | ၁၆၀ ဦးဆံ့ ကျောင်းသား/သူအိပ်ဆောင်(၂)ထပ် RC (၂၁၂'x၁၃၂') (၂၆၉၄ စ/ပေ) (၁)လုံးနှင့် ထမင်းစားဆောင်(၁၁၂'x၄၈') (၅၈၅၆ စ/ပေ)(ရေမီးအပါအဝင်)၊ အဆောင်အဝင်လမ်း (၂၀၀'x ၁၂'x ၈'')၊ ပြင်ပရေ (၄လက်မ အဝီစိတွင်း၊ ဂါလန် ၁၂၀၀၀ ဆံ့ မြေအောက်ရေလှောင်ကန်၊ 5.5 HP Submersible Pump နှင့် အဆောက်အဦ)၊ ပြင်ပမီးသွယ်တန်းခြင်းအပါအဝင် ဆောက်လုပ်ခြင်းလုပ်ငန်း |
| ခ | (၄)ခန်းတွဲ(၄)ထပ် ဆရာ/မဆောင် RC (၁၀၀'x၃၀')၊ အဆောင်အဝင်လမ်း (၁၀၀'x၁၂'x၈'')၊ ပြင်ပရေ (၄လက်မအဝီစိတွင်း၊ ဂါလန် ၁၂၀၀၀ ဆံ့ မြေအောက်ရေလှောင်ကန်၊ 5.5 HP Submersible Pump နှင့် အဆောက်အဦ)၊ ပြင်ပမီးသွယ်တန်းခြင်းအပါအဝင် (၁)လုံးတည်ဆောက်ခြင်းလုပ်ငန်း |
| ဂ | ပွဲကြည့်စင် (၁၅၀ပေx၃၄ပေ) ရေမီး အပါအဝင် တည်ဆောက်ခြင်းလုပ်ငန်း |
| ဃ | နည်းပညာတက္ကသိုလ်(သန်လျင်)ဝင်းအတွင်းရှိ ပျက်စီးနေသော 400 V ဓာတ်အားလိုင်း (၁၂၀၀၀)ပေအား 3 Phase 5 Wire Insulated Cable 95 $mm^2$ ဖြင့် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၆-၁၀-၂၀၂၀ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး ၆-၁၁-၂၀၂၀ ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရပါမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်နေရာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာမှာ နည်းပညာတက္ကသိုလ်(သန်လျင်) ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့်အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၅၀၂၉၄၁၀၊ ၀၉-၂၅၀၃၇၅၉၉၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**နည်းပညာတက္ကသိုလ်(သန်လျင်)**

---

# အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်ကွက်၊ အကွက်အမှတ်/အမည်(၄၉/စစ်ကဲကုန်း)၊ ဦးပိုင်အမှတ်(၇၁)၊ ဧရိယာ ၀ ဒသမ ၀၂၁ ဧကသည် မြေခွန်တော်အမှုတွဲအမှတ်(V)၁၇၀/၁၉၈၀-၈၁ အရ ဦးမောင်မောင်အေးအမည်ဖြင့် နှစ်(၃၀)အငှားဂရန်ရရှိထားပြီး အမှုတွဲပါဂရန်သက်တမ်းမှာ ၂၉-၁-၂၀၁၇ ရက်တွင် ကုန်ဆုံးနေပြီးဖြစ်သည်။ အမည်ပေါက်ပိုင်ဆိုင်သူ ဦးမောင်မောင်အေးသည် ၅-၇-၁၉၉၉ရက်တွင်လည်းကောင်း၊ ဇနီးဖြစ်သူ ဒေါ်တင်အေးသည် ၂၇-၆-၂၀၀၉ရက်တွင်လည်းကောင်း အသီးသီး ကွယ်လွန်သွားကြပြီး ၎င်းတို့တွင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသည့် သားသမီးများဖြစ်သော (၁)ဒေါ်တင်တင်ဝင်း (၂)ဒေါ်မူမူအေး (၃)ဒေါ်နူရ်မာဘီ (၄)ဒေါ်တင်တင်စန်း (၅)ဒေါ်လီလီမာ (၆)ဦးမောင်မောင်နှင့် (၇)ဦးထွန်းထွန်းဝင်းတို့ သားသမီး(၇)ဦး ကျန်ရှိခဲ့ပြီး ၎င်းတို့(၇)ဦးမှ မွန်ပြည်နယ် တရားလွှတ်တော်ရုံးတွင် ကျမ်းကျိန်လွှာအမှတ်စဉ်(၅၉၄/၂၀၂၀)ဖြင့် ကတိသစ္စာပြုပြီး၊ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၁၅၂/၂၀၂၀)ဖြင့် မှတ်ပုံတင်ထားရှိပြီး ဒေါ်တင်တင်ဝင်း၊ ဒေါ်မူမူအေးနှင့် ဒေါ်လီလီမာတို့ကိုယ်စား မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၅၇/၂၀၂၀) ဖြင့် ဒေါ်ခင်သန္တာမျိုးအားလည်းကောင်း၊ ဒေါ်တင်တင်စန်းနှင့်ဒေါ်နူရ်မာဘီတို့ကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာ စာချုပ်အမှတ်(၁၅၈/၂၀၂၀)ဖြင့် ဦးသော်ဇင်မောင်မောင်အားလည်းကောင်း ကိုယ်စားလှယ်လွှဲအပ်ပြီး လျှောက်မြေနှင့်နေအိမ်အား ၎င်းတို့(၇)ဦးမှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၁၇၄/၂၀၂၀)ဖြင့် ကြေညာစာချုပ်ချုပ်ဆိုပြီး အိမ်နှင့်မြေကွက်အမွေပိုင်ဆိုင်မှုအပေါ် ဒေါ်တင်တင်ဝင်း၊ ဒေါ်မူမူအေး၊ ဒေါ်နူရ်မာဘီ၊ ဒေါ်တင်တင်စန်း၊ ဒေါ်လီလီမာ၊ ဦးထွန်းထွန်းဝင်းတို့ (၆)ဦးမှ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၂၁၀/၂၀၂၀)ဖြင့် ဦးမောင်မောင်အား စွန့်လွှတ်ပေးကမ်းခဲ့သဖြင့် ဦးမောင်မောင်မှ တရားဝင်ပိုင်ဆိုင်လာပြီး ၎င်းအမည်ဖြင့် နှစ်ရှည်မြေငှားဂရန် သက်တမ်းတိုးအမည်ပြောင်းချထားပေးပါရန် လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေ၊နည်းဥပဒေ၊လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

## သမီးအဖြစ်မှ
## အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်တင်တင်အေး ၇/မညန(နိုင်)၀၂၃၉၈၉ ၏သမီး မရည်မွန်ကျော် ၇/မညန(နိုင်) ၀၆၉၀၆၁ သည် မိဘ၏ဆိုဆုံးမမှုကို နားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှ ထွက်သွားသည့်နေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့် ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဒေါ်တင်တင်အေး**
**၇/မညန(နိုင်)၀၂၃၉၈၉**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂) ရှိ မြေကွက်အမှတ် (၁၃) အား မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လွှဲပြောင်းပေးပို့ခဲ့သည့် ဦးပိုင်မှတ်ပုံတင် (၁-က)စာရင်းတွင် မြေကွက်အမည်ပေါက် (ဆက်သွယ်မရ)၊ ဧရိယာ ၀ ဒသမ ၃၁၆ ဧကဟု ဖော်ပြထားရှိသဖြင့် ၎င်းမြေကွက်အား ဒေါ်မြစန်းလှ(ဘ) ဦးကြည်တင်း ၉/မနမ(နိုင်)၀၈၁၉၉၉ မှ ပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ် (၁၅၆၄/၂၀၂၀) နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ပိုင်ဆိုင်ကြောင်းပတ်ဝန်းကျင်သက်သေထွက်ဆိုချက်၊ ရပ်ကွက်ထောက်ခံချက် မူရင်းအထောက်အထားများ တင်ပြပြီး မြေကွက်အမည်ပေါက် ဖြည့်သွင်းပေးပါရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေကွက်အမည်ပေါက် ဖြည့်သွင်းပေးပါရန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ရှောဝတီတိုင်းဒေသကြီး
## လမ်းဦးစီးဌာန၊ မြောင်းမြခရိုင်မှ
## ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်
## လုပ်ငန်းခွင်သုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ် (၁/၂၀၂၀-၂၀၂၁)

မြောင်းမြခရိုင်၊ လမ်းဦးစီးဌာနမှ(၂၀၂၀-၂၀၂၁)ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန် လိုအပ်သောလုပ်ငန်းခွင်သုံးပစ္စည်းများအား လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါ သည်။

လိုအပ်သည့် လုပ်ငန်းခွင်သုံးပစ္စည်းများ၏ အမျိုးအစား အရေအတွက် ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို မြောင်းမြခရိုင်၊ လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၏ ကြော်ငြာသင်ပုန်းတွင် ၁၉-၁၀-၂၀၂၀ ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပြီး ဖုန်း-၀၄၂-၇၀၁၅၃ နှင့် ၀၉-၄၂၂၄၉၁၁၂၄ သို့လည်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၁-၁၀-၂၀၂၀ ရက်
**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်/အချိန်** - ၁၁-၁၁-၂၀၂၀ ရက် ၁၄:၀၀ နာရီ
**တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး (ဧည့်ရိပ်သာ)၊ လမ်းဦးစီးဌာန၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့

(တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်အား ထပ်မံအသိပေးအကြောင်းကြားသွားပါမည်။)

တင်ဒါလျှောက်လွှာပုံစံများကို မြောင်းမြခရိုင်၊ လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၂၁-၁၀-၂၀၂၀ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြောင်းမြခရိုင်၊ လမ်းဦးစီးဌာန**
**ဖုန်း-၀၄၂-၇၀၁၅၃၊ ၀၉-၄၂၂၄၉၁၁၂၄**




## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)၊ ရန်ကုန်
## Open Tender ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၃)မှ မကွေးတိုင်းဒေသကြီးအတွင်း တာဝန်ယူတည်ဆောက်လျက်ရှိသော ရောဝတီတံတား (သရက်-အောင်လံ) စီမံကိန်း၊ ရန်ကုန်-ပြည်-အောင်လံ-မကွေးလမ်းပေါ်ရှိ ကြေးနီချောင်းတံတားနှင့် သရက်-နတ်မီးတောက်-ကံမလမ်းပေါ်ရှိ မင်းတုန်းချောင်းတံတား (ရေနံ့သာ) တည်ဆောက်ခြင်းတို့တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ လုပ်ငန်းခွင်အရောက် ဝယ်ယူခြင်း၊ ပစ္စည်းသယ်ယူပို့ဆောင်ခြင်းနှင့် စက်/ယာဉ်များ ငှားရမ်းခြင်းတို့ကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်။

၂။ Coronavirus Disease 2019 (COVID – 19) ရောဂါ ကူးစက်ပြန့်ပွားမှု မဖြစ်စေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ တင်ဒါ စိစစ်ရွေးချယ်ခြင်းအစီအစဉ်အား ဆောင်ရွက်မည်ဖြစ်ပါသည်။

ဝယ်ယူမည့်ပစ္စည်းများ- သံချောင်းလုံး(ရွယ်စုံ)၊ ဒီဇယ်ဆီ၊ J-Wood၊ ကျောက်စရစ်၊ သဲ၊ ခွဲကျောက်(ထုံးဘို)၊ Bentonite, Admixture, M.S plate (A/S), Thin Sheet, Binding wire, 5-Plywood, Welding, Rod, Engine Oil, Hydraulic Oil, Propane, Oxygen, P.C wire, Anchor Head & Working Wedge, Elastomeric Bearing (400 mm x 500mm x 100 mm), Stressing Jack & Pump

ငှားရမ်းမည့် စက်/ယာဉ်များ – Agitator, Loader, Bored Pile တူးစက် ၊ Vibro – Hammer, Z-Craft

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန်** - ၁၂-၁၀-၂၀၂၀ ရက် (၀၉ :၃၀)နာရီ
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၄-၁၁-၂၀၂၀ ရက် (၁၆ :၃၀) နာရီ
**တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** - ၆-၁၁-၂၀၂၀ ရက် နံနက် ၉ :၀၀ နာရီ
**တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** - ရောဝတီတံတား(သရက်-အောင်လံ) ရှင်းလင်းဆောင်ခန်းမ၊ အောင်လံ ဘက်ကမ်း

တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃) ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မေတ္တာလမ်း၊ တောင်ဥက္ကလာပ(မြင်သာ)၊ ရန်ကုန်မြို့နှင့်ရောဝတီတံတား (သရက်-အောင်လံ) စီမံကိန်းလုပ်ငန်းခွင်ရုံးတို့တွင် ၁၂-၁၀-၂၀၂၀ ရက်၊ ၀၉ : ၃၀ နာရီ ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းမည့် အသေးစိတ်အချက်အလက်များကို ဖုန်း-၀၁-၈၅၀၀၇၅၈၊ ၀၉-၅၀၀၅၃၄၁၊ ၀၉-၄၀၁၅၅၆၂၃၃၊ ၀၉-၂၅၄၃၂၂၅၄၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ဆောင်ရွက်မည့် အဆောက်အဦဆောက်လုပ်ခြင်းလုပ်ငန်း၊ ကျေးလက်လမ်းတံတားလုပ်ငန်းနှင့် ကျေးလက်ရေပေးရေးလုပ်ငန်းများအား အောက်ပါအတိုင်း အိတ်ပိတ်တင်ဒါ တင်သွင်းခေါ်ယူအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို ၂-၁၀-၂၀၂၀ ရက်မှ ၂၈-၁၀-၂၀၂၀ ရက် အထိ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ၅-၁၁-၂၀၂၀ ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံအား Online မှ ရောင်းချမည်ဖြစ်ပြီး ဆက်သွယ်ဝယ်ယူနိုင်သော လိပ်စာမှာ npt.drd@drdmyanmar.net တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ကံ့ကော်ဝိုင်းအနီး၊ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုသော အချက်အလက်များအား ၂-၁၀-၂၀၂၀ ရက်မှစ၍ နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးဖုန်း-၀၆၇-၈၁၀၆၁၈၇၊ ၀၆၇-၈၁၀၆၁၈၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အများပြည်သူသို့ အသိပေးကြေညာချက်

ရေနံနှင့်ရေနံထွက်ပစ္စည်းများသယ်ယူပို့ဆောင်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် လုပ်ငန်းများစနစ်တကျ ဆောင်ရွက်နိုင်စေရန်အတွက် ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ရေး ဆောင်ရွက်လျက်ရှိသည့် မော်တော်ယာဉ် (စက်သုံးဆီနှင့် LPG/LNG/CNG သယ်ယူပို့ဆောင်မည့် Bowser /Tank Trailer )များအား ရေနံနှင့် ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခွင့် ကြီးကြပ်လက်မှတ်များကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများသို့ ဆက်သွယ်လျှောက်ထားရယူကြပါရန်နှင့် ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခွင့် ကြီးကြပ်လက်မှတ်ပါရှိမှသာ အရောင်းဆိုင်များနှင့် ဆီဖြည့်တင်းမည့် Terminal များသို့ ဝင်/ထွက်ခွင့်ရရှိမည်ဖြစ်ပြီး သယ်ယူပို့ဆောင်ခွင့်ကြီးကြပ်လက်မှတ်မပါရှိဘဲ ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ရေးဆောင်ရွက်လျက်ရှိသည်ကို စစ်ဆေးတွေ့ရှိပါက ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**
**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**

## SHWE MOE EAIN. Co.,Ltd ၏ မတည်ရင်းနှီးငွေ လျှော့ချကြောင်းကြေညာခြင်း

SHWE MOE EAIN.Co.,Ltd ၏ မတည်ရင်းနှီးငွေ ကျပ်သိန်း (၁၀၀၀) မှ ကျပ်သိန်း (၁၀၀)သို့ လျှော့ချသွားမည်ဖြစ်ကြောင်း အစုရှယ်ယာရှင်များအား အကြောင်းကြားပါသည်။

**SHWE MOE EAIN.Co.,Ltd**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါ အမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၀၆/မမ/ CE | မြစ်ငယ်တံတားအပေါ်ထည် (Super Structure) တည်ဆောက်ခြင်း 150 FT SPAN STEEL BOX GIRDERS (THROUGH TYPE) AND 40 FT SPAN STEEL PLATE GIRDERS (DECK TYPE) ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် နေရာတကျ တပ်ဆင်ခြင်းလုပ်ငန်း |
| ၂ | ၀၇/မမ/ CE | မန္တလေး-မြစ်ကြီးနားလမ်းပိုင်းရှိ တံတားကြီး (၇)စင်းတွင် မြေစမ်းသပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန် |
| ၃ | ၀၈/မမ/ CE | တိုင်းအမှတ်(၂)ရှာထောင် မန္တလေး-မြစ်ကြီးနား လမ်းပိုင်း ကံကြီး-ဖော်ချောင်းကြား မိုင်(၅၁၉/၂၃-၂၄)ရှိ တံတားအမှတ် (၂၇၆) (1x20')Span ကမ်းကပ်ခုံ (၂)ဘက် တည်ဆောက်ခြင်း အမိုး Slab လောင်းခြင်း Foundation Rail Pile ရိုက်ခြင်းလုပ်ငန်း |
| ၄ | ၀၉/မမ/ CE | မန္တလေး-မြစ်ကြီးနားလမ်းပိုင်း ကောလင်း-ဝန်သိုကြားမိုင်(၅၃၉/၄-၅)ရှိ တံတားအမှတ်(၃၂၁) 3x10' Span တံတားမြစ်ကြီးနားဘက် ကမ်းကပ်ခုံ တည်ဆောက်ခြင်း A1(P1,P2)အချောကိုင်ခြင်း Foundation Rail Pile ရိုက်ခြင်းလုပ်ငန်း |
| ၅ | ၁၀/မမ/ CE | မန္တလေး-မြစ်ကြီးနားလမ်းပိုင်း ကင်း-ဂျိုးထောင်ကြားမိုင် (၈၅၁/၂-၃)ရှိ ဝံတားအမှတ်(၃၅၆) 2' RO တံတားအား (6')Span Slab တံတားအဖြစ်သို့ ပြောင်းလဲတည်ဆောက်ခြင်းလုပ်ငန်း |
| ၆ | ၁၁/မမ/ CE | ချပ်ကြီး-ချပ်သင်းကြား မိုင်(၅၁၅/၄-၅)ရှိ တံတားအမှတ် (၂၆၇)(1x20') Span မြစ်ကြီးနားဘက်ကမ်းကပ်ခုံ တည်ဆောက်ခြင်း Foundation Rail Pile ရိုက်ခြင်း (အလျား ၂၀' အနံ ၄၅'-၃"/အမြင့် ၁၇'-၃") |
| ၇ | ၁၂/မမ/ CE | ဖော်ချောင်း-ကိုးတောင်ဘို့ကြား မိုင်(၅၂၃/၁၅-၁၆)ရှိ တံတားအမှတ် (၂၈၆) (1x20')Span ကမ်းကပ်ခုံ(၂)ဘက်တည်ဆောက်ခြင်း Foundation Rail Pile ရိုက်ခြင်း (အလျား ၂၀' အနံ ၂၅' အမြင့် ၁၇'၆" |
| ၈ | ၁၃/မမ/ CE | ကံကြီး-ဖော်ချောင်းကြား မိုင်(၅၂၀/၁၀-၁၁)ရှိ တံတားအမှတ် (၂၇၈)(၁၀ ပေ) ခန်းဖွင့်တံတားအား ဖျက်သိမ်း၍ (1x10')Span Slab တံတားဆောက်လုပ်ခြင်း Foundation Rail Pile ရိုက်ခြင်း (အလျား ၁၀'၊အနံ ၂၀'-၆"၊အမြင့် ၁၄" ) |

တင်ဒါပိတ်မည့် နေ့/အချိန် - ( ၄ .၁၁.၂၀၂၀ )(ဗုဒ္ဓဟူးနေ့) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်( ၅.၁၀.၂၀၂၀) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင် ကြောင်း နှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352, 291994

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(မွန်ပြည်နယ်)
## တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် (၄)ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာများကို မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ချောင်းဆုံမြို့၊ သံဖြူဇရပ်မြို့၊ ရေးမြို့နှင့် သထုံမြို့တို့တွင် တည်ဆောက်နိုင်ရန်အတွက် တရားဝင်အသိအမှတ်ပြုလိုင်စင်ရ လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တည်နေရာ** / **လုပ်ငန်း**
- **မော်လမြိုင်မြို့** - (၄)ခန်းတွဲ (၄)ထပ် (၁၆)ခန်းပါ RC ဝန်ထမ်းအိမ်ရာ (၃)လုံး (ရေသန့်/လျှပ်စစ်အပါအဝင်)
- **ချောင်းဆုံမြို့** - (၄)ခန်းတွဲ (၄)ထပ် (၁၆)ခန်းပါ RC ဝန်ထမ်းအိမ်ရာ (၁)လုံး (ရေသန့်/လျှပ်စစ်အပါအဝင်)
- **သံဖြူဇရပ်မြို့** - (၄)ခန်းတွဲ (၄)ထပ် (၁၆)ခန်းပါ RC ဝန်ထမ်းအိမ်ရာ (၁)လုံး (ရေသန့်/လျှပ်စစ်အပါအဝင်)
- **ရေးမြို့** - (၄)ခန်းတွဲ (၄)ထပ် (၁၆)ခန်းပါ RC ဝန်ထမ်းအိမ်ရာ (၂)လုံး (ရေသန့်/လျှပ်စစ်အပါအဝင်)
- **သထုံမြို့** - (၄)ခန်းတွဲ (၄)ထပ် (၁၆)ခန်းပါ RC ဝန်ထမ်းအိမ်ရာ (၁)လုံး (ရေသန့်/လျှပ်စစ်အပါအဝင်)

၃။ **တင်ဒါရောင်းချမည့်ရက် အချိန်နှင့်နေရာ** - သတင်းစာကြော်ငြာပါသည့်ရက်မှ ၅-၁၁-၂၀၂၀ရက်ထိ ရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် (၁၀:၀၀)နာရီမှ (၁၆:၃၀) နာရီအတွင်း ဤဦးစီးဌာန၊ မွန်ပြည်နယ် ညွှန်ကြားရေးမှူးရုံး၊ အရာတော်(၁)လမ်း၊ မော်လမြိုင်မြို့တွင် ရောင်းချပါမည်။

၄။ **တင်ဒါလျှောက်လွှာတင်သွင်း ရမည့်အချိန်နှင့်နေရာ** - သတင်းစာကြော်ငြာပါသည့်ရက်မှ ၅-၁၁-၂၀၂၀ ရက်ထိ နေ့စဉ်ရုံးချိန်အတွင်း မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီး ဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူးရုံးတွင် တင်သွင်းရပါမည်။

၅။ **တင်ဒါရွေးချယ်စိစစ်မည့်ရက်** - ဆက်သွယ်အကြောင်းကြားပါမည်။

၆။ သတ်မှတ်ရက်/အချိန်ထက် နောက်ကျတင်သွင်းသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ကြောင်း ဖော်ပြအပ်ပါသည်။

၇။ အိတ်ဖွင့်တင်ဒါနှင့် ပတ်သက်သောလိုအပ်သည့် အသေးစိတ်အချက်အလက်များကို မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ အရာတော်(၁)လမ်းတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆက်သွယ်စုံစမ်းရန် ဖုန်း-၀၅၇-၂၀၂၅၉၅၃**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၃-၁၀-၂၀၂၀ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၃) မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း အထူးအစည်းအဝေး ဖိတ်ကြားလွှာ ကြော်ငြာတွင် Extraordnary အစား Extraordinary General Meeting ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

ကွမ်းလုံမြို့၊ ခိုလုံရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၄/ဘော၇ ကွင်း)၊ ဦးပိုင်အမှတ်(၁၀၅) မြေဧရိယာ ၀ ဒသမ ၀၅၇ ဧကရှိ မြေအား ဒေါ်ကြူဖောင် ၁၃/ကလတ(နိုင်)၀၁၇၂၁၉ က မြေငှား ဂရန်သစ် ချထားပေးနိုင်ပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်(၂၀) အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ကွမ်းလုံမြို့**

## ဖခင်အမည်

နမ့်ခမ်းမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း၊ အခန်း(A)မှ မောင်ထွန်းလင်း၏ ဖခင်အမည်မှန်မှာ ဦးညီဒွဲ ၁၃/နခန(နိုင်)၀၅၃၈၅၄ ဖြစ်ပါကြောင်း။

**ဦးညီဒွဲ**

## ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန် အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊

(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊

(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျ ဝတ်ဆင်ရန်၊

(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံး မွေးမြူရေး ခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဈ) ရောဂါကြိုတင် ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား ဒါယကာကြီး

# ဦးမောင်အေး(ခ)ဦးအေး

ပြည်တော်သာဆန်စက်၊ ရွှေသိန်းဆန်စက်ဖခင်ကြီး

အသက်(၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ အောင်ဇေယျလမ်း၊ (၆) ရပ်ကွက်၊ အမှတ်(၂၅)နေ ဒေါ်ခင်မျိုးလှ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးသူရအေး-ဒေါ်မျိုးမျိုးဝင်းတို့၏ ချစ်လှစွာသောဖခင် ဦးမောင်အေး(ခ)ဦးအေးသည် ၃-၁၀-၂၀၂၀ရက်(စနေနေ့) ညနေ ၅:၅၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ် ဦးကျော်စိုး၊**
**ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)နှင့်ဇနီး**
**ဒုတိယပါမောက္ခချုပ် ဒေါက်တာ သွယ်လင်းကို၊ ပြည်တက္ကသိုလ်**

## Obituary

# Haji Ahmed @ Mr.Tin Hla

Chairman–Nilar Biryani &

Nilar Holdings Co.,Ltd

Age(73)

Our deepest condolences and heartfelt sympathy to the family of NILAR, on passing away of their beloved father, on 3-10-2020. May his divine soul rest in peace.

From

**Mr.Hidetoshi Soga, President and Staff of Sojitz Foods Corporation, Japan**

## အထူးဝမ်းနည်းကြေကွဲခြင်း

၃-၁၀-၂၀၂၀ရက် (စနေနေ့)တွင် ကွယ်လွန်သွားသော နီလာဒံပေါက်နှင့် နီလာလုပ်ငန်းစုများ ကုမ္ပဏီလီမိတက် မိသားစု၏ ချစ်လှစွာသော ဖခင်ကြီး ဟာဂျီဦးအာမက်(ခ)ဦးတင်လှ အသက်(၇၃) နှစ်အား မိသားစုနှင့်ထပ်တူ မိမိနှလုံးသားထဲမှ နက်ရှိုင်းစွာ ဝမ်းနည်းမိပါသည်။

ထိုဝိညာဉ်သည်ဘုရားရှင်ထံတွင် ငြိမ်းချမ်းစွာ အနားယူနိုင်ပါစေဟုဆုတောင်းလိုက်ပါသည်။

**Mr.Masahiro Takeda**
**General Manager and Staff of**
**Sojitz Corporation Yangon Branch**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံးမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ၈ ခန်းတွဲ ၅ထပ် ဝန်ထမ်းအိမ်ရာ အဆောက်အအုံများကို မကွေး၊ မင်းဘူး၊ သရက်၊ ပခုက္ကူ၊ ဂန့်ဂေါ၊ ပွင့်ဖြူ၊ စလင်းနှင့်အောင်လံမြို့များတွင် (၁)လုံးစီ တည်ဆောက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန် ဖြစ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၇-၁၀-၂၀၂၀ ရက် ရုံးချိန်အတွင်း

(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၉-၁၀-၂၀၂၀ ရက် (၁၆:၀၀)နာရီ

(ဂ) တင်ဒါဖွင့်လှစ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ အသေးစိတ်သိရှိလိုပါက မကွေးတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ပြည်တော်သာလမ်းနှင့် (၁၉) လမ်းထောင့် ဖုန်း-၀၆၃-၂၀၂၈၆၅၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

## ဒေါ်အေးပို

အသက်(၈၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ ပုလဲလမ်း၊ အိမ်အမှတ်(၄၇၂)တွင် နေထိုင်သော (ဦးသက်ဟို လ၀ကမှူး-ငြိမ်း)၏ဇနီး ဦးစိန်ဦး-ဒေါ်စန္ဒာသက်၊ ဦးမောင်မောင်သက် လ၀ကမှူး(ငြိမ်း)-ဒေါ်စုစုခိုင်၊ ဗိုလ်မှူးမျိုးသန့်(ငြိမ်း)-ဒေါ်မြသော်ဒါသက်၊ ဗိုလ်မှူးလှစိုး(ငြိမ်း)-ဒေါ်ဥမ္မာသက်၊ ဗိုလ်မှူးကျော်မိုးခိုင်-ဒေါ်စောယုသက် ဒု-လ၀ကမှူး၊ ဦးရန်နိုင်သက် ရေကြောင်းဒုအရာရှိတို့၏မိခင် မြေး(၁၀)ယောက်၊ မြစ်(၁)ယောက်တို့၏ အဘွားဖြစ်သူ ဒေါ်အေးပို အသက်(၈၆)နှစ်သည် ၅-၁၀-၂၀၂၀ ရက် နံနက် ၈:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၂၀ ရက် ၁၅:၀၀ နာရီတွင် ရေဝေးသို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၀-၂၀၂၀ ရက် နံနက် ၁၀:၀၀ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းသွတ်တရားတော်နာကြွရောက်ပါရန် ညိုးငယ်စွာဖြင့် အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အေးပို

အသက်(၈၆)နှစ်

နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်(ရုံးချုပ်)၊ နေပြည်တော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးလှစိုး-ဒေါ်ဥမ္မာသက်တို့၏မိခင်ဖြစ်သူ ရန်ကုန်မြို့နေ ဒေါ်အေးပို အသက်(၈၆)နှစ်သည် ၅-၁၀-၂၀၂၀ ရက် နံနက် ၈:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဘဏ်ဒါရိုက်တာအဖွဲ့နှင့် ဘဏ်ဝန်ထမ်းမိသားစု**
**နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း

ကြည်း-၁၄၃၃၀

# ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်(ငြိမ်း)

အသက်(၆၇)နှစ်

ပြင်ဦးလွင်မြို့၊ ပြည်တော်သာရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၂၁၉)နေ ဒေါ်လှလှသင်း၏ ချစ်လှစွာသောခင်ပွန်း၊ မငုဝါလွင်၊ မရောလွင်၊ မစိုးသီရိသန္တာတို့၏ချစ်လှစွာသောဖခင်သည် ၃-၁၀-၂၀၂၀ရက် (စနေနေ့) ည ၇:၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**MCR Co.,Ltd BOD အဖွဲ့နှင့် ဝန်ထမ်းမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

# ဗိုလ်မှူးမြင့်စိုး(ငြိမ်း)

အသက်(၆၁)နှစ်

စစ်တက္ကသိုလ် ဗိုလ်လောင်းအမှတ်စဉ်(၂၄)မှ သူငယ်ချင်း မြင့်စိုး(AZY)သည် ၅-၁၀-၂၀၂၀ရက် နံနက် ၇နာရီတွင် အသည်းရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ညီနောင် (၂၄)မှ သူငယ်ချင်းများနှင့်မိသားစုများ**

## (၂)နှစ်ပြည့်အလွမ်း

## ရဲအုပ်ထိန်ရမင်း (လ-၂၂၂၆၂၃)

၆-၁၀-၂၀၁၈ ရက် (စနေနေ့)မှာ မိသားစုကို ထာဝရခွဲခွာသွားခဲ့တာ ဒီနေ့ဆို (၂)နှစ်ပြည့်ပြီ သားကြီးရေ... တစ်နေ့တစ်ရက်မှ မေ့မရပါဘူး သားကြီး၊ မိသားစု နေ့စဉ်ပြုသမျှ ကုသိုလ်ကောင်းမှု၊ သားကြီးကိုယ်တိုင်ပြုခဲ့သော ကုသိုလ်ကောင်းမှုအစုစုတို့အား သာဓုခေါ်ဆိုပါ။ ဖြူစင်ရိုးသားပြီး အနေအေးတဲ့ သားကြီး မြင့်မြတ်သော ဘုံဘဝရောက်ပါစေ။

**ချစ်တဲ့မိသားစု**

**ဖေကြီး - ဒုရဲမှူးကြီးစိန်မြ(ငြိမ်း) - မေကြီး ဒေါ်အမာ**
**ဒုဗိုလ်မှူးကြီးရဲခေါင် - ညီမလေး အိအိမွန်**
**ညီလေး - ထိန်မြတ်လင်း (အီးကုလား)**
**ဇနီး - မဆေုမွန်**

## ခရစ်တော်၌အိပ်ပျော်ခြင်း

# ဦးစောဒယ်ဂွယ်

B.Sc(Maths)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(လှိုင်မြို့နယ်)

အသက်(၄၅)နှစ်

ရန်ကုန်မြို့နေ (ဦးစောဒေးဗစ်ချန်ထွန်း)- ဒေါ်နော်မင်းရင်တို့၏ သား၊ ဒေါ်ခင်ပြုံးစိန်-ဦးစောနိုင်ဝင်း၊ ဒေါ်ခင်စောစိန်-ဦး ထွေးသစ်အောင်၊ ဦးစောကဘောထူးတို့၏ ညီ/မောင်၊ ဦးစောဆာတကီ-ဒေါ်နန်းအိအိခိုင်တို့၏ အစ်ကို၊ ဒေါ်နော်သထော၏ချစ်လှစွာ သောခင်ပွန်း၊ စောလဲဘွယ်ထွန်း၏ ချစ်လှစွာသောဖခင်၊ နော်ထက်ထက်ထူးဝင်း၊ စောအယ်ဂေါ်ထူး၊ စောသက်ထူးဝင်း၊ နော်ခိုင်ယမင်း သစ်အောင်၊ စောဆာကပေါ်ထွန်း၊ စောကွယ်ကပေါ်ထွန်း၊ နော်ထရီးဇာထွန်းတို့၏ ဦးလေး၊ နော်မီရှဲလ်မိုးသုခ၊ နော်ခေးဒန့်စ်ဘာဆိုဂေးတို့၏ အဘိုးလေးသည် ၄-၁၀-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁:၄၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၆-၁၀-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်ခန်းမ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

# ဦးအုန်းမြင့်

ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန

အသက် (၆၄) နှစ်

ရန်ကုန်မြို့၊ တိုက် (၄၃)၊ အခန်း(၃၀၂)၊ ကျိုက္ကဆံဘုရားလမ်း၊ သဃ်န်းကျွန်းမြို့နယ်နေ ဒေါ်မူမူလွင်(အလပြ-ငြိမ်း)၏ချစ်လှစွာသော ခင်ပွန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးအုန်းမြင့် အသက်(၆၄)နှစ်သည် ၄-၁၀-၂၀၂၀ ရက်(တနင်္ဂနွေနေ့)၊ နံနက် ၈:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့်ဝန်ထမ်းများ**
**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

# ဦးအုန်းမြင့် အသက် (၆၄)နှစ်

အဖွဲ့ဝင် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ

ရန်ကုန်တိုင်းဒေသကြီး

ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)

ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးချုပ်(ငြိမ်း) ဦးအုန်းမြင့်သည် ၄-၁၀-၂၀၂၀ ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသိန်းဇော်-ဒေါ်မူမူဝင်း**
**ဝန်ကြီး (ငြိမ်း)**
**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

# ဦးအုန်းမြင့် အသက် (၆၄)နှစ်

ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန

ရန်ကုန်မြို့၊ တိုက်(၄၃)၊ အခန်း(၃၀၂)၊ ကျိုက္ကဆံဘုရားလမ်း၊ သဃ်န်းကျွန်းမြို့နယ်နေ ဒေါ်မူမူလွင် (အလပြ-ငြိမ်း)၏ ချစ်လှစွာသော ခင်ပွန်း ဟိုတယ်နှင့်ခရီး သွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးအုန်းမြင့် အသက်(၆၄)နှစ်သည် ၄-၁၀-၂၀၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဦးဌေးအောင် (ပြည်ထောင်စုဝန်ကြီး-ငြိမ်း)-ဇနီးဒေါ်ချော**
**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

# ဦးထွန်းဝေ (ဝါဝါထွန်းဝေ စိန်ရွှေရတနာဆိုင်)

အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အမှတ်(၁၂၆)၊ အောက်မင်္ဂလာဒုံလမ်းမကြီးနေ ဒေါ်သန်းသန်းအေး၏ ခင်ပွန်းဖြစ်သူ ဦးထွန်းဝေသည် ၅-၁၀-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**အင်းစိန်မြို့နယ်လုံးဆိုင်ရာ (Mobile)**
**ဆွမ်းလောင်းအသင်းကြီး**

## အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ဒုတိယဥက္ကဋ္ဌ ဦးအုန်းမြင့်(ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ဟိုတယ်/ခရီး)သည် ၄-၁၀-၂၀၂၀ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်းမှ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်း**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အမှတ် (ပ-၃၃၉၅၀) ဒေါ်မြင့်မြင့်ဌေး ၁၄/မအပ(နိုင်)၀၁၈၂၆၆ (ဘ)ဦးစိုးတင့်အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်ခင်မူ ၁၂/ဥကတ(နိုင်)၁၀၄၃၄၅ (ဘ)ဦးအုံးမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၈၀၅၀/၁၅-၇-၂၀၂၀)တင်ပြ၍ ဒေါ်အေးမျိုးသန်း ၉/လဝန(နိုင်)၁၃၀၁၃၄ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ဒါယိကာမကြီး

## ဒေါ်ညွန့်ညွန့်ရွှေ

**B.Com(I.T)1967**

**အသက်(၈၀)**

ဟင်္သာတမြို့နေ (သိန်းဆုရှင် ဦးကံအေး-ဒေါ်သိန်ခ)တို့၏သမီး၊ ရွှေပြည်သာမြို့၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၃၀/၈၇)နေ ဒေါက်တာစိန်တင်(အငြိမ်းစား၊ ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစာရင်းအင်းအဖွဲ့)၏ချစ်လှစွာသောဇနီး၊ မောင်စိန်လွင်၊ မသန္တာဦးတို့၏မိခင်သည် ၅-၁၀-၂၀၂၀ရက် (တနင်္လာနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ နံနက် ၁၀:၃၀နာရီတွင် ရွှေပြည်သာမြို့နယ်၊ ကျူးချောင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဦးမောင်မောင်လေး(ခ)မိုဟာမက် အီလီယားစ်

**(Director –Gensecon Myanmar Pte.Ltd.**

**အသက် (၅၂)နှစ်**

ရန်ကုန်မြို့၊ သဃ်ၤန်းကျွန်းမြို့နယ်၊ (င/ခ) ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ် ၂၇နေ (ဟာဂျီ Abdul Kadar -ဟာဂျီ မ Daw Zawra Bi) တို့၏သား၊ (ယာစင်ဘိုင်(ခ)ဦးချစ်ရွှေ - ဒေါ်ဘေဘီရွှေ)တို့၏ သားသမက်၊ ဟာဂျီ ဦးစိန်သန်း ( Director- Gensecon Myanmar Pte.Ltd.)- ဟာဂျီမ ဒေါ်သီတာရွှေတို့၏ညီ/မောင်၊ ဒေါ်မာယာရွှေ(Director- New Phyarpon Co.,Ltd.)၏ ချစ်လှစွာသောခင်ပွန်း၊ မသက်ဦးခင်၊ မဆုလေးနှယ်-မောင်ဖြိုးဝေဇင်(ခ)Ismileတို့၏ဖခင်၊ မရဒီဝင့်ထည်၏ အဘိုးသည် ၂-၁၀-၂၀၂၀ရက် ညနေ ၃:၃၃နာရီတွင်အလ္လာအသျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့်ယင်းနေ့အီရှာဆွလာသ်အပြီးတွင် ဒဖ္ဖာနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**သစ်တော**

**နှင့်**

**သစ်ပင်**

**ချစ်ခင်တဲ့**

**လူမျိုး**

**သစ်ပင်ကို**

**နှစ်စဉ်စိုက်**

**ရွှေတိုက်**

**ကိုစိုး**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးတင်နိုင်ဝင်း

**တွဲဖက်ပါမောက္ခ(အငြိမ်းစား)၊ ဓာတုအင်ဂျင်နီယာဌာန၊**

**မန္တလေးနည်းပညာတက္ကသိုလ်**

**ADVISOR & CONSULTANT**

**MAYNMAR FOOD PROCESSORS AND EXPORTERS ASSOCIATION**

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ(၂)လမ်း၊ အမှတ်(၁၀၁)နေ (ဦးသောင်းတင်-ဒေါ်မမလတ်)တို့ ၏သား၊ (ဦးသန်းမြင့်-ဒေါ်ကြွေ)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်စိန်၏ချစ်လှစွာသောခင်ပွန်း၊ ကိုဝဏ္ဏထွန်း(Chief Engineer, NORSTAR Ship Management Pte:Ltd)-မဝင်းယုဟန်၊ မသီတာသွေးတို့၏ ချစ်လှစွာသောဖခင်၊ မောင်အောင်တေဇာဟန်၊ မအိမ့်မြတ်ယုစံတို့၏ အဘိုးသည် ၅-၁၀-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၇:၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄:၃၀နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ရဟန်းဒါယကာကြီး

## ဦးခင်မောင်ဦး(SUNNY) အသက်(၇၁)နှစ်

**(CDC-9894)**

**Ex-Chief Officer(FG)**

**Ex-Chief Officer(PPFC)**

**နာယက(သဃ်ၤန်းကျွန်း အရှေ့ခြမ်း မလွန်ဆန်လှူအသင်းထောက်)**

**အထက(၃) ဗိုလ်တထောင်**

**(ယခင်-ရေကျော်အစိုးရအထက်တန်းကျောင်း) ကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ နဝရတ်လမ်း(၁၂၈/၃)နေ (ဦးပါ-ဒေါ်ငြိမ်းမေ)တို့၏သား၊ ဒေါ်သိန်းသိန်းရင်၏ ချစ်လှ စွာသောခင်ပွန်း၊ ဒေါ်ခင်ဖြူဝင်း၊ (ဒေါ်ချိုချိုဝင်း)၊ ဦးဆန်းဝင်းတို့၏အစ်ကို၊ ဦးဝင်းပြည့်ဖြိုး-ဒေါ်ဇင်လဲ့လဲ့ဦး၊ ဦးသော်ဇေယျာ-ဒေါ်ဇင်လင်းလင်းဦးတို့၏ ဖခင်၊ မဝင်းလဲ့ရွှေရည်၊ မရှင်လင်းဝါတို့၏အဘိုးသည် ၅-၁၀-၂၀၂၀ရက် နံနက် ၄:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးကျေးဇူးတင်ရှိခြင်း

ကွယ်လွန်သူ ကျေးဇူးရှင်ဖခင်ကြီး ဗိုလ်မှူးတင်သောင်း(ငြိမ်း)၏ နာရေးတွင် ဝိုင်းဝန်းကူညီပေးကြသောသူများအားလုံးအားလည်းကောင်း၊ ဝမ်းနည်းကြောင်း ပေးပို့ပေးပါသော အန်ကယ်သူရ ဦးမြင့်မောင်(ပြည်ထောင်စုဝန်ကြီး-ငြိမ်း)နှင့်ဇနီးအားလည်းကောင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့အားလည်းကောင်း၊ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)အုပ်ချုပ်ရေးအဖွဲ့အားလည်းကောင်း၊ ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)အား လည်းကောင်း၊ OTS (38)မှ မိတ်ဆွေသူငယ်ချင်းမိသားစုများအားလည်းကောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်သူရပ်ကွက်သားများအားလည်းကောင်း၊ (၅၃)လမ်း ဓမ္မာရုံနှင့် ရပ်မိရပ်ဖများအားလည်းကောင်း၊ ဖုန်း၊ Facebook၊ Messenger မှ ဝမ်းနည်းကြောင်း မေးမြန်း နှစ်သိမ့်ပေးကြသူများအားလည်းကောင်း၊ ဆရာသမား၊ မိတ်ဆွေ၊ သူငယ်ချင်း၊ ညီအစ်ကို မောင်နှမဆွေမျိုးများအားလုံးအားလည်းကောင်း၊ ရက်လည်နေ့တွင် လိုအပ်ချက်မရှိအောင် အစစအရာရာ ကူညီပေးကြသော အသင်းအဖွဲ့ မိတ်ဆွေအားလုံးအားလည်းကောင်း ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား ဒါယကာကြီး

## ဦးမောင်အေး(ခ)ဦးအေး

**ပြည်တော်သာဆန်စက်၊ ရွှေသိန်းဆန်စက်ဖခင်ကြီး**

**အသက် (၈၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ အောင်ဇေယျလမ်း၊ (၆) ရပ်ကွက်၊ အမှတ် ၂၅နေ (ဦးချိန်ဗမ်း-ဒေါ်တင်၊ ဒေါ်ထက်ကာ)တို့၏သား၊ (ဦးသိန်းထွန်း-ဒေါ်ရွှေလန်း)တို့၏သားသမက်၊ ဒေါ်ခင်မျိုးလှ၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါက်တာ ဦးစိန်ငွေး-ဒေါ်ခင် ရွှေဝင်းအေး၊ ဒေါက်တာတင့်ဇင်ဦး-ဒေါ်ခင်သန္တာအေး၊ ဦးမြင့်အောင်-ဒေါ်ခင်ဆွေလွင်အေး၊ (ဦးသိန်းရွှေ)-ဒေါ်ခင်သက်လျာအေး၊ ဦးမျိုးသူရအေး-ဒေါ်မျိုးမျိုးဝင်း၊ ဦးကျော်သူရအေး-ဒေါ်မြအေးဆင့်၊ ဦးမင်းထွဋ်-ဒေါ်ခင်သက်နွယ်အေးတို့၏ ချစ်လှစွာသောဖင်၊ မြေး ၁၂ ယောက်တို့၏ အဘိုးသည် ၃-၁၀-၂၀၂၀ရက် ညနေ ၅:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၂၀ရက်တွင် ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၉-၁၀-၂၀၂၀ရက် (သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း ဒါယကာကြီး

## ဦးမြင့်အောင်

**စား/ဖျော်/ရှင်း (ငြိမ်း)မအူပင်အသင်း**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ကွင်းကျောင်း(၂)လမ်း၊ အမှတ်(၇၊ ပထမထပ်၊ ခေါင်းရင်းခန်း)နေ (ဦးကြာ ညွန့်-ဒေါ်ဝါး)တို့၏သား၊ (ဦးဘရင်-ဒေါ်ကြင်ယုံ)တို့၏သားသမက်၊ ဒေါ်အမာတင်(လ/ထ မန်နေဂျာ ဟိုတယ်ခရီး-ငြိမ်း)၏ ခင်ပွန်း၊ ဒေါ်တင်တင်ဝင်း(အထက-၄၊ အလုံ-ငြိမ်း)၊ ဒေါ်သန်းသန်းဆွေ၊ ဦးရဲဝင်းအောင်-ဒေါ်သီတာအေးမွန်(ကမ္ဘောဇဘဏ်လီမိတက်)တို့၏ ဖခင်၊ မချယ်ရီထွန်း(Network International School)၊ မယမုံဆွေ(ကမ္ဘောဇဘဏ်လီမိတက်)၊ မောင်ခိုင်မြအောင်(1Year, MEPS)တို့၏ ဘိုးဘိုးကြီးသည် ၄-၁၀-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၃:၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## ဦးစိုးစိုး(ခ)ဦးစိုးလွင်(မည-၃၄)

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၅၂လမ်း၊ အမှတ်(၃၆)နေ (ဦးစိန်-ဒေါ်ညော်)တို့၏သား၊ ဒေါ်ခင်ထွေး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသောင်းထိုက်စိုး-ဒေါ်မြင့်မြင့်မူ၊ ဒုမှူးကြီးနေလင်းအောင်(ငြိမ်း)-ဒေါ်မေပုလဲနွယ်၊ ဒေါ်ခင်သီရိစိုးတို့၏ ချစ်လှစွာသော ဖခင်၊ မဟေဇယ်သဲမြတ်စိုး၊ မသက်ဟေကိုတို့၏ အဘိုးသည် ၅-၁၀-၂၀၂၀ရက် နံနက် ၁၀:၅၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း

## ဟာဂျီမိုဟာမက်ဟာရှင်(ခ)ဦးတင်ထွေး

**(ရွှေလှိုင် မဆလာစက်)**

**အသက်(၆၄)နှစ်**

[Mအူစမန်း(ခ)ဦးမောင်စိန်- ရဟီမာဘီ(ခ)ဒေါ်တီ]တို့၏သား၊ (ဦးဂျလာလုဒင်-ဒေါ်ဇိုင်တွန်ဘီ)တို့၏သမက်၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ရွာသစ်(၁)လမ်း၊ အမှတ်(၆၄၇)နေ ဟာဂျီမကုရ်ဆွန်ဘီ(ခ)ဒေါ်ထွေးရီ၏ ခင်ပွန်း၊ ဟာဂျီဦး ကျော်ထွေးဦး-မအေးအေးဝင်း၊ ဟာဂျီဦးကျော်ကျော်ဝင်း-ဟာဂျီမ မနှင်းနှင်းထွေး၊ ဟာဂျီ ဦးသန်းထွဋ်-မသီတာလွင်၊ မောင်သန့်ဇင်ထွေးတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၄-၁၀-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက်တွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ဒဖနာပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးထွန်းဝေ

**(ဝါဝါထွန်းဝေ စိန်ရွှေရတနာဆိုင်)**

**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အမှတ်(၁၂၆)နေ (ဦးကျုံ-ဒေါ်ငွေရှင်)တို့၏သား၊ (ဦးချစ်ခင်-ဒေါ်ယဉ်ထွေး)တို့၏သားသမက်၊ ဒေါ်သန်းသန်းအေး၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးကိုဇော်ဇော်ဟိန်းမြင့် (သဆရ ၂/၅၀၀)-မဝါဝါထွန်းဝေ၊ ဒေါက်တာစုစန္ဒီထွန်းဝေ(လက်ထောက်ဆရာဝန်၊ ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး)တို့၏ဖခင်၊ စံကေရီမင်း၏ ဘိုးဘိုးကြီးသည် ၅-၁၀-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၉နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

## ဦးစိန်လှိုင်

**ရေကြောင်းသိပ္ပံကျောင်းအုပ်ကြီး၊**

**ဒလ သင်္ဘောကျင်း မန်နေဂျာ၊**

**မော်လမြိုင် သင်္ဘောကျင်း မန်နေဂျာ၊**

**M.O.T (First Class)**

**အင်ဂျင်နီယာချုပ်(C.E)B.Sc,Engg,Mechanical.**

**(1962 Batch)**

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ရာဇသင်္ကြန်(၅)လမ်း၊ အမှတ်(၂၂၂/ခ)နေ (ဦးအောင်ထွန်း-ဒေါ်အုံး)တို့၏သား၊ (ဒေါ်တင်တင်စီ)၏ချစ်လှစွာသောခင်ပွန်း၊ ဦးမြသိန်း-ဒေါ်ကြည်ကြည်၊ ဦးတင်မောင်-ဒေါ်အေးကျင်၊ ဦးလွန်းရွှေ- ဒေါ်လှမြင့်ကြည်၊ ဦးသိန်းချစ်-ဒေါ်အေးမြင့်တို့၏ညီ/မောင်၊ ဒေါ်သန်းရှု၊ ဒေါ်ကျင်နု၊ ဦးမြ-ဒေါ်လှကျင်တို့၏အစ်ကို၊ (ဦးသိုက်ဝင်း)၊ ဦးဝင်းမင်းဇော်(Smart Builder Construction Co.,Ltd)-ဒေါ်ညိုမီလှိုင်တို့၏ ဖခင်၊ မောင်သူရမိုးသန့်၊ မမြတ်ဆုပွင့်ဖြူတို့၏အဘိုးသည် ၅-၁၀-၂၀၂၀ရက် မွန်းလွဲ ၁၂:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း

## ဒေါ်လှလှဒွေး(ခ)Nancy Dway

**ဒေါ်ဇီနတ်ဘေဂမ်**

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၁၉၀/၁၉၂၊ မြေညီထပ်)နေ ဦးကျော်ညွန့်(ယခင် အာရှ-တည်းခိုခန်း)(ခ)ဟာဂျီအပ္ပဒူလ်စတ္တားရ်ဘိုင်၏ဇနီး၊ ဦးကျော်စိုး-ANNA SOE၊ ဦးကျော်မိုး-မဝင်းမင်းသန်း၊ ဦးကျော်ကျော်မင်း- မအေးမီတို့၏မိခင်၊ ဒေါက်တာဖရက်ဒီမောင်မောင်-မငွေရတီ၊ မရွှေဝတီ(ခေတ္တ-အစ္စတန်ဘူ၊ တူရကီ)၊ George Moe(ခ) မောင်လင်းတက်ဟိန်း၊ Fiona Soe(ခ)မမေယမုံစိုးတို့၏အဘွား၊ မအရီကာမောင်မောင်၏ဘွားအေသည် ၃-၁၀-၂၀၂၀ရက် (စနေနေ့) နံနက် ၂:၁၅နာရီ တွင် ရန်ကုန်ဆေးရုံကြီးအရေးပေါ်ဌာန၊ I.C.Uအထူးကြပ်မတ်ကုသဆောင်၌ နှလုံးရောဂါဖြင့် ရုတ်တရက် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၄-၁၀-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၃:၃၀နာရီတွင် ရေဝေးကဘာရ်စတန်၌ ဒဖနာပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ကျောင်း၊ ကန် အလှူဒါယကာကြီး

## ဦးစိန်လှိုင်

**(တွံတေးမြို့၊ စမ်းရွာ)**

**အသက်(၆၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ စမ်းရွာနေ ဒေါ်စိန်မြင့်၏ခင်ပွန်း၊ တောင်သာမြို့နယ်နေ ဦးဟန်ဇော်မြင့်(တောင်သာမြို့နယ် အုပ်ချုပ်ရေးမှူး)-ဒေါ်နီဇာလှိုင်၊ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ စမ်းရွာနေ ဦးကျော်ဇင်လတ်-ဒေါ်သက် သက်စံတို့၏ဖခင်၊ မောင်အောင်ဖုန်းခန့်၊ မဂျူးဟေသီတို့၏အဘိုးသည် ၄-၁၀-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၆:၄၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးအုန်းမြင့်

**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ဟိုတယ်ခရီး**

**ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ ခရီးသွားအဖွဲ့ချုပ်(MTF)**

**ဥက္ကဋ္ဌ မြန်မာ-တရုတ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့**

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ သဃ်ၤန်းကျွန်းမြို့နယ်၊ ကျိုက္ကဆံလမ်း၊ တိုက်(၄၃)၊ အခန်း(၃၀၂)နေ (ဦးတင်ရွှေ-ဒေါ်မြသန်း)တို့၏သား၊ (ဦးစောလွင်)-ဒေါ်ခင်စန်းတို့၏သားသမက်၊ ဒေါ်မူမူလွင်(အလပြ-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်အေးအေးမြင့်၏အစ်ကို၊ ဗိုလ်မှူး ချမ်းမြေ့မင်း-ဒေါ်နှင်းအိခိုင်(HAGL Myanmar Co.,Ltd)၊ ဒေါက်တာမေမြန်မွန်၊ မသက်ထက်အောင်(HAGL Myanmar Co.,Ltd)တို့ ၏ဖခင်၊ မချမ်းမြေ့သုခစံ၏အဘိုးသည် ၄-၁၀-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၈:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ထိန်ပင်သုသာန် ၌ ၁၁:၂၀နာရီတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## မန်းရော်ဘင်မျိုးအောင်

**(ISY HS Science Lab Assistant Teacher)**

**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အထက်ကြည့်မြင်တိုင်လမ်း၊ အမှတ်၃(က)၊ စိန်မိုက်ကယ်ဝင်းနေ (ပီတာမန်း အောင်ညွန့်)-ဒေါ်ဝေမြရီတို့၏သား၊ ဒေါ်ရှသ်စောမြင့်(TTC၊ စိန်ဂျွန်း-ငြိမ်း)၏တူ၊ မန်းဂျွန်မြင့်-နန့်အေးမူမူအောင်(ဘဏ္ဍာထိန်း၊ MCC)၊ စရွှေစံအောင်(ဘဏ္ဍာထိန်း၊ CPM Yangon Diocese)၊ ဦးဆန်နီ-ဒေါ်တင်တင်မြင့်၊ C.စန်းစန်းလွင်-(ဦးလှမြင့်)၊ ဦးဘော်ဘီ-မခိုင်၊ (C.လဲ့ လဲ့ထွေး)၊ S.တိုးတိုးလွင်-(ဦးဇေယျာမျိုး)တို့၏ညီ/အစ်ကို၊ နန့်မြတ်နိုးအိမ်၊ နန့်ဟန်နီဇင်၊ စပြည့်စုံအောင်၊ အိုက်ဇက်ဇော်မိုးထက်-သိင်္ဂီ ခင်ညွန့်၊ D.အောင်မိုးထက်-R.ခိုင်ခိုင်အေး၊ နိုရင်းဆန်နီ၊ သဲသက်သန့်စင်-ကိုမင်းသူ၊ အာနိုး-မအိ၊ စနိုးရွှန်းလဲ့တို့၏ဦးလေး၊ ဂျိမ်းကောင်းကိုကိုထက်၊ ဂျူလီယာ အိုက်ဇက်၊ အွန်းဂျီ၊ ဝမ်းဝေး၊ ဖောင်းဖောင်း၊ အိုင်ကတ်တို့၏ဘကြီး၊ (မိုက်ကယ်မသုရှလ)၏ဖခင်၊ ဒေါ်လီလီလျာနွဲ့နွဲ့ဝင်း၏ ချစ်လှစွာသောခင်ပွန်းသည် ၃-၁၀-၂၀၂၀ရက် (စနေနေ့) နံနက် ၉:၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၄-၁၀-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ များအားအသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယကြည်းတပ်ဦးစီးချုပ် General MM Naravane အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၅**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အိန္ဒိယကြည်းတပ်ဦးစီးချုပ် General MM Naravane, PVSM, AVSM, SM, VSM, ADC အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော် အရာရှိကြီးများနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဖုန်းမြတ်တို့ တက်ရောက်ကြပြီး အိန္ဒိယကြည်းတပ်ဦးစီးချုပ် General MM Naravane နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး

*စာမျက်နှာ ၆ ကော်လံ ၁* ❐



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယကြည်းတပ်ဦးစီးချုပ် General MM Naravane အား လက်ခံတွေ့ဆုံစဉ်။

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

## မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးကြေညာခြင်း

**အောက်တိုဘာလ ၅ ရက်**

၁။ အနည်းဆုံး ရက်ပေါင်း ၉၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များသည် မိမိတို့၏ အမြဲတမ်းနေရပ်သို့ သွားရောက်ပြီး မဲပေးလိုခြင်းမရှိပါက မိမိတို့ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးနိုင်ခွင့် ရရှိစေရန်အတွက် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ပုံစံ(၃-က) ဖြင့် ၁၇-၉-၂၀၂၀ ရက်နေ့မှ ၁၀-၁၀-၂၀၂၀ ရက်နေ့အထိ လျှောက်ထားနိုင်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အဆိုပါ မဲဆန္ဒရှင်များအနေဖြင့် ပုံစံ (၃-က) ဖြင့် လျှောက်ထားရန် နောက်ဆုံးသတ်မှတ်ရက်ဖြစ်သော ၁၀-၁၀-၂၀၂၀ ရက်နေ့အတွင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ လျှောက်ထားနိုင်ပါကြောင်း ထပ်မံ အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မွန်ညီညွတ်ရေးပါတီ၊ ဒီမိုကရေစီပါတီသစ် (ကချင်)ပါတီနှင့် ပြည်သူ့အကျိုးပြုကျောင်းသားများပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

**နေပြည်တော် အောက်တိုဘာ ၅**

မွန်ညီညွတ်ရေးပါတီ၊ ဒီမိုကရေစီပါတီသစ် (ကချင်)ပါတီနှင့် ပြည်သူ့အကျိုးပြုကျောင်းသားများပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆၊ ၁၇ နှင့် ၁၈ တို့တွင် ဖော်ပြပါရှိပါသည်။

မြန်မာ့အလင်း

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**နေပြည်တော် အောက်တိုဘာ ၅**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပါသည်။

မိုး/ဇလ

## ပြည်သူ့ရှေ့ဆောင်ပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် အောက်တိုဘာ ၅**

ပြည်သူ့ရှေ့ဆောင်ပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို အောက်တိုဘာ ၆ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယိုနှင့် MRTV Facebook Page တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး အောက်တိုဘာ ၇ ရက်တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ၊ The Global New Light of Myanmar သတင်းစာတို့တွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

သတင်းစဉ်

## ပြည်သူ့အလုပ်သမားပါတီနှင့် အမျိုးသမီးပါတီ(မွန်)ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသွားမည်

**နေပြည်တော် အောက်တိုဘာ ၅**

ပြည်သူ့အလုပ်သမားပါတီနှင့် အမျိုးသမီးပါတီ(မွန်)ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို အောက်တိုဘာ ၇ ရက်တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ၊ The Global New Light of Myanmar သတင်းစာများ၌ ဖော်ပြသွားမည် ဖြစ်ပါသည်။

သတင်းစဉ်

## နော့ဝှစ်ချ် ခံစစ်ကစားသမား ဘင်ဂေါ့ဖရေးကို အဲဗာတန်အသင်း ခေါ်ယူ

ပရီမီယာလိဂ်ကလပ် အဲဗာတန်အသင်းသည် နော့ဝှစ်ချ်စီးတီးအသင်းမှ ခံစစ်ကစားသမားတစ်ဦးဖြစ်သူ ဘင်ဂေါ့ဖရေးကို ကနဦးပြောင်းရွှေ့ကြေး ပေါင် ၂၅ သန်းဖြင့် ငါးနှစ်ခေါ်ယူစာချုပ်လိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အသက် ၂၂ နှစ်အရွယ်ရှိ ဂေါ့ဖရေး၏ ပြောင်းရွှေ့ကြေးသည် ပေါင်သန်း ၃၀ အထိ မြင့်တက်သွားဖွယ်ရှိကြောင်း သိရသည်။ ၎င်းသည် အယ်လန်း၊ ဒူကော်ရီ၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ်နှင့် အင်ခွန်ကူတို့ပြီးနောက် အဲဗာတန်အသင်း၏ နွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူသည့် ငါးဦးမြောက် ကစားသမား ဖြစ်လာခဲ့သည်။ အဲဗာတန်အသင်းနှင့် စာချုပ်ချုပ်ဆိုပြီးနောက် အင်္ဂလန်ယူ-၂၁ ကစားသမား ဂေါ့ဖရေးက အဲဗာတန်အသင်းနှင့် စာချုပ်ချုပ်နိုင်ခဲ့သည့်အတွက် ဂုဏ်ယူကြောင်း၊ အသင်းကြီးတစ်သင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ခွင့်ရတာ ဂုဏ်ယူမိကြောင်းနှင့် အဲဗာတန်အသင်းသို့ ပြောင်းရွှေ့လာခြင်းသည် ပွဲစဉ်များကို အနိုင်ကစားပြီး ဆုဖလားများရယူရန်ဖြစ်ကြောင်း ပြောကြားသည်။

ဂေါ့ဖရေးသည် ၂၀၁၆ ခုနှစ်တွင် နော့ဝှစ်ချ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး ပြိုင်ပွဲအရပ်ရပ် ၇၈ ပွဲ ပါဝင်ကစားထားကာ ငါးဂိုးသွင်းယူပေးထားနိုင်သူဖြစ်သည်။

*စာမျက်နှာ ၂၅ ကော်လံ ၅* ◆

